

www.burmeseclassic.com
အကြည်တော်
BURMESE CLASSIC .com

www.burmeseclassic.com

မြို့မစာအုပ် - ၂၆

# ဂဝေပျို၏နိဒါန်း

## အကြည်တော်

တော်ဝင်မြို့မ စာအုပ်တိုက်
၇၇/ခ၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့။

BURMESE CLASSIC .com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၈၇/၂၀၀၃(၁) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၁၈၉/၂၀၀၃(၂) |
| စီစဉ်ထုတ်လုပ်သူ | - ကိုမိုး |
| မျက်နှာဖုံးဒီဇိုင်း | - ကိုဆန်း (**GLORY**) |
| ထုတ်ဝေသူ | - ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)<br>ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊<br>မင်္ဂလာဒုံ။ |
| မျက်နှာဖုံးပုံနှိပ် | - ဦးသန်းလွင်(ရွှေလင်းယုန် ပုံနှိပ်တိုက်)<br>၅၁၊ ရေကျော်လမ်းမ၊ ပုဇွန်တောင်။ |
| အတွင်းပုံနှိပ် | - ဒေါ်စန္ဒာညွန့်(ရွှေမြန်မာအော့ဖ်ဆက်)<br>၉၊ ဈေးလမ်း၊ မြေနီကုန်း။ |
| ကွန်ပျူတာ | - တော်ဝင်မြို့မ |
| အတွင်းဖလင် | - မင်းမင်း |
| စာအုပ်ချုပ် | - မင်းမင်း |
| ပုံနှိပ်ခြင်း | - ၂၀၀၃ ခုနှစ်၊ မတ်လ<br>ပထမအကြိမ်၊ အုပ်ရေ(၅၀၀) |
| တန်ဖိုး | - ၅၀၀ ကျပ် |

www.burmeseclassic.com

## စုန်းပြုစားတဲ့ပြဇာတ်

မိုးကတော့ မစဲသေးပါဘူး။
အလွမ်းတွေနဲ့ ပင်ပန်းခဲ့သမျှ
အထီးကျန်အစားခံဖို့ ထုတ်ပိုးခဲ့ကြ
အပရိကတွေးရင်တော့
မီးရောင်စုံနဲ့ ပန်းပွင့်ဘုံပေါ့
'ဇာတ်ကို ဆက်ကပါဦးဟေ့'
ဟော. . . အမိန့်ချလိုက်ပြီ။ (ဇာတ်ဆရာက)
ဒါကိုများ ငါကိုယ်တော်မြတ်အစချီ
ရစ်ဝိုင်းနေသေး။
မိုးကတော့ မစဲသေးပါဘူး။
ဇာတ်သဘောအရ
လျှောင်ရမယ်၊ မဲ့ရမယ်၊ မပြုံးရဘူးတဲ့. . .၊
ကြိုးတစ်ချောင်းရဲ့ အရေးပါပုံကလည်း

**တော် ဝင် မြို့ မ စာ အုပ် တိုက်**

BURMESE CLASSIC .com

www.burmeseclassic.com



လိမ့်နေတဲ့စက်သီးအပေါ် ပျော်ဝင်လို့။
မိုးကတော့ မစဲသေးပါဘူး။
'သယ်. . . ငါဟဲ့'
အစချီ တိုင်ဖုန်းကြားက ငါအဆင်း
အပေါ်မရောက် အောက်မရောက်
ကန့်လန့်နေရာမှ
စင်ရှေ့ဝေ့ကြည့်လိုက်တော့
အကောင်းစား တရုတ်မိုးကာခြုံထားတဲ့ပတ်ဝိုင်း
ကျွပ်ကျွပ်အိတ်အစွပ်ခံထားရတဲ့ပတ်မ
လူဆိုတာ ဝေလာမှဝေးရော. . ။
မိုးကတော့ မစဲသေးပါဘူး။
ပတ်သံမကြားဗုံသံမကြား
ဘယ်အချိန်ကပွဲပြီးသွားမှန်းမသိခင်
ကြိုးရှည်ရှည်နဲ့ အလှန်ခံထားရတဲ့ ငါ
လေထဲမှာကားယားကြီးဖြစ်လို့. . . ။
မိုးကတော့ သဲကြီးမဲကြီးရွာကျနေတုန်း။

❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com

# ကဝေပျိုု၏နိဒါန်း

(၁)

ဝေ့ခနဲတိုက်ခတ်လာသော လေပြေနှင့် ခေတ်ပြိုင်ပေါ်ထွက်လာသော "အို" အာမေဍိတ်သံနုနု။

ကျွန်တော် ချစ်ရပါသော မြင့်စန်းရီ။

ငိုမဲ့မဲ့နှင့် သူ့ခြေအစုံသူပြန်ငုံ့ကြည့်လို့ ခရီးဆက်ရန် ခက်နေပုံ။ ကျွန်တော်သိပြီ။

အကောင်းစားဟု အမည်ခံထားသော သူ့ခုံမြင့်ဖိနပ် အပြာကလေးမှ မကျေမနပ်ဖြင့် ခြေမနှင့်ခြေဖနောင့်ကြား အဆက်အသွယ်ဖြတ်လိုက်ပြီ။

ရရှိလာသော အခွင့်အရေးကို စစ်ဘုရင် နပိုလီယံလက်မလျှော့အောင် အသုံးချတတ်သော ကျွန်တော်ထိုင်နေသည့် လက်ဖက်ရည်ဆိုင်မှ ထ၍ အပြေးကလေးထွက်မိ၏။

'ဟိုလူကြီး လက်ဖက်ရည်ဖိုးမပေးဘဲ ဘယ်ထပြေးတာလဲဗျ။'

ကျွန်တော့်ခြေလှမ်း နှစ်လှမ်းနှင့် တစ်ကြွတွင် ပျံ့လွင့်လာသော

www.burmeseclassic.com



စားပွဲထိုးကလေး၏ အော်သံညစ်ညစ်။ ကျွန်တော်ပြန်လှည့်ပြုံးပြလိုက်ပြီး။

'လာမယ်ညီလေး။ ပန်းစုံတောမှာ အလှဆုံး ရွှေကြာပင်တွေ အပြုံးဝင့်သွားတဲ့အချိန်။ အဲဒီပန်းကလေးရဲ့ သင်းရနံ့နဲ့အတူ ပြန်လာမယ်။'

ကျွန်တော့်ရဲ့ ကဗျာဆန်ဆန် စကားကိုစားပွဲထိုးလေးက နားမလည်နိုင်စွာဘဲ။

'ဟေ့လူ လက်ဖက်ရည်ဖိုးတောင်းနေတာ ခင်ဗျားကို ကြာဖူးသွားချိုးခိုင်းနေတာ မဟုတ်ဘူးဟူသော အော်သံကို ထပ်ကြားရသည်။'

ကျွန်တော် ဂရုမစိုက်နိုင်တော့ ။ ကျွန်တော့်ရွှေကြာရိုးကလေး ရှေ့သို့သာ အရောက်လှမ်းလိုက်ပြီး ဆဒ္ဒန်ဆင်မင်းအစွယ်ကို ဖြတ်ရန် ရောက်လာသော 'သောနုတ္တိုရ်မုဆိုးလို ဟန်ပါပါ မုဆိုးဒူးထောက် ထိုင်ချလိုက်သည်။ ကွာခြားတာကတော့ ကျွန်တော်က သောနုတ္တိုရ်လို ဆင်စွယ်ဖြတ်ရန်မဟုတ်၊ ချစ်သူ၏ ဖိနပ်ကြိုးတပ်ရန်. . . ။ ပြီးနောက်လွယ်အိတ်ထဲက ကွန်ပါတ်ကိုထုတ်ပြီး ချစ်သူကို အားမငယ်ရလေအောင် ပြုံးပြလိုက်သည်။ ချစ်သူကတော့ ကျွန်တော့်ကို ကြောင်ငေးကြည့်နေတုန်း။

'ဘာမှမပူနဲ့ မြင့်စန်းရီ၊ မကြာခင် အခြေအနေအားလုံးဟာ ပြန်လည်လင်းလက်လာမှာပါ။'

ဟု ဆို၍ ဖိနပ်ကို ဆိုးဆိုးဆတ်ဆတ် ဆွဲယူလိုက်ရာ. . . ။

'ဟင်. . . ဟို. . . မလုပ်. . . မလုပ်နဲ့လေ'. . . ။

ဟူသော အာမေဋိတ်သံနှင့်အတူ ခြေထောက်နုနုကလေးပါ ရွေ့သွားသဖြင့် ကျွန်တော်သူ့ကို အားပေးပြုံးကလေးပြုံးပြီး

'မစိုးရိမ်ပါနဲ့ မြင့်စန်းရီ တွယ်ချိပ်ကလေးတစ်ခုနဲ့ ယက်ဖောက်လိုက်ရင် မင်းဆက်လှမ်းသွားမယ့် ခြေလှမ်းတွေအပေါ် ပန်းကလေးတွေပွင့်သွားမှာပါ'

www.burmeseclassic.com



**သောနုတ္တိဂုဏ်မှုဆိုးလို ဟန်ပါပါ မုဆိုးဒူးထောက် ထိုင်ချလိုက်သည်။ ကွာခြားတာကတော့ ကျွန်တော်က သောနုတ္တိဂုဏ်လို ဆင်စွယ်ဖြတ်ရန်မဟုတ်၊ ချစ်သူ၏ ဖိနပ်ကြိုး တပ်ရန် ...**

ဟုဆို၍ ဖိနပ်ကို လှမ်းအဆွဲ

'ဟင်. . . မလုပ် . . . မလုပ် . . . မလုပ်နဲ့လေ'. . . ဟူသော အံ့သြတကြီး ရေရွတ်သံနှင့်အတူ စီးစီးပိုင်ပိုင်ကိုင်မိသော ဖိနပ်အောက်ခုံမှ ပျော့စိစိ အထိအတွေ့

'ဟင်' . . .

သင်းပျံ့လာသော ရနံ့ဆိုး။ လက်ကို ဆတ်ခနဲ ပြန်ရုတ်ပြီး ကြည့်လိုက်ရာ. . .

"ခွေးချေး"

ဟုတ်ပါသည်။ ခွေးချေး၊ ရေစပ်စပ်ပင် ရောမထားသည့် ခွေးချေး။ ဘယ်လက်မှာ ပျစ်ပျစ်နှစ်နှစ်ကိုပေလို့။ ညာလက်မှာတော့ ဖိနပ်ချုပ်ဖို့ ထောက်ဆူး။ ခွေးချေးတစ်ဖက်၊ ထောက်ဆူး တစ်ဖက်နှင့် ကျွန်တော်ကြောင်နေမိ၏။ ထို ခဏမှာပင် . . .

'အဲ. . . အဲဒါကြောင့်ပြောတာ မြင့်စန်းရီ ဖိနပ်ကလေး ဟို. . . ခွေးဟိုသင်းတွေ နင်းမိထားလို့. . . အဲဒါ ယူက . . . အတင်း' . . . ။

ဆိုမှတော့ ကျွန်တော်လည်း ရှက်အမ်းအမ်းနှင့် မျက်နှာကြီးရဲပြီး (ရဲနေမယ်ထင်တယ်)၊ မြက်ခင်းစပ်တွင် လက်ကိုသုတ်ပြီး

'ရ. . . ရပါတယ်. . . အဟီး. . . ကျွန်တော်ကလေ ဖိနပ်ပြတ်တယ်ထင်လို့. . . အဲဒါ. . '



BURMESE CLASSIC .com

www.burmeseclassic.com



လုံချည်ကို ထပ်သုတ်နေတာတော့ သတိရလိုက်သည်။ ရှက်ရမ်း ရမ်းပြီး ခေါင်းကို သုတ်မိသွားသေးလား မသုတ်မိသည်လားတော့ မမှတ်မိတော့။

'သွား. . . သွားတော့မယ်နော်. . . အားနာလိုက်တာ။'

ဟူသော စကားသံသွဲ့သွဲ့ကို ကြားလိုက်ရသည်။ နောက်ဆံပင်ကို ဝဲခနဲခါပြီး လှမ်းထွက်သွားသော အလှနတ်သမီး သင်းပျံ့ပျံ့ရနံ့တို့က ပျံ့လွင့်နေဆဲ။

ကိုယ်သင်းနံ့လား၊ ဟိုသင်းနံ့လားတော့ မခွဲခြားတတ်တော့။

သည်လိုနှင့် တစ်ကြိမ်တွေ့တစ်ကြိမ်လွဲမှားခဲ့ရရှာသော ရာဇာဓိရာဇ်နှင့် စီးချင်းယှဉ်ထိုးမိသည့် မင်းရဲကျော်စွာလို ကိုယ့်အရည်အချင်း ကိုယ်ဖြုတ်သိမ်းပြီး ခေါင်းငိုက်စိုက်ချကာ မူလ ဘူတလက်ဖက်ရည်ဆိုင် ကလေးဆီသို့သာ ခေါင်းငိုက်စိုက်ချပြန်ခဲ့ရလေသည်။

**"ရာဇာဓိရာဇ်နှင့်**
**စီးချင်းယှဉ်ထိုးမိသည့်**
**မင်းရဲကျော်စွာလို**
**ကိုယ့်အရည်အချင်းကိုယ်**
**ဖြုတ်သိမ်းပြီးခေါင်းငိုက်စိုက်ချကာ**
**မူလဘူတလက်ဖက်ရည်**
**ဆိုင်ကလေးဆီသို့သာ"**





BURMESE CLASSIC .com

www.burmeseclassic.com



'ဘယ်နှယ့်လဲဆရာ ရွှေကြာပင်က ရန့်သင်းရဲ့လား။'

ဟူသော အစအဆုံး မြင်လိုက်ရသည့် စားပွဲထိုးလေး၏ ခနိုးခနဲ့ အမေးကို ကျွန်တော်လည်း စိတ်မရှည်နိုင်တော့ဘဲ။

'သင်းပါ့ကွာ. . . ငါးဖြာသော အာရုံပါ ငယ်ထိပ်တက်ဆောင့် လောက်အောင်သင်းပါ့' 'ရော့ ပိုက်ဆံ'. . .။

ဟု ဒေါသတကြီး ထိုးပေးလိုက်တာတောင် အနှီစကားတောင်စား စားပွဲထိုး အရှည်စားကလေးက 'ဟင်. . . ကျောမလုံတော့ဘူး၊ ကြီးတော်ကို အိမ်သာလုံအောင် ဆောက်ခိုင်းမှပဲ'

ဟူသော စိုးရိမ်မကင်းလေသံကို မကြားချင်ပါဘဲ ကြားလိုက်ရသေး၏။

အော်. . . ဖြစ်ရလေခြင်း ခွေးဟိုသင်းရယ်။

❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com

**အစစ်အမှန်၏အဓိပ္ပာယ်ကို**

**လွဲမှားစွာကောက်ယူ**

**တတ်ကြသည်။**

**ပြီးနောက်**

**နေရာထားမှားသဖြင့်**

**မစစ်မမှန်ဖြစ်လာရသည်**

*ရာဘန္ဒြာနတ်(သ်)တဂိုး*

တော် ဝင် မြို့ မ စာ အုပ် တိုက်

BURMESE CLASSIC .com

www.burmeseclassic.com

(၂)

သောက်သောက်လဲ များပြားလှသော ကျောင်းကင်န်တင်းများကြား ရှုပ်ထွေးနေသော လူအုပ်ထဲ ချစ်သူကို တစ်ယောက်တည်း အမှတ်မထင် တွေ့လိုက်ရသောအခါ ကျွန်တော့ရင်အစုံ မည်မျှ ခုန်လှုပ်သွားကြောင်းကို စကားကောင်းဖြင့် ကျွန်တော် မပြောတတ်ပါ။ သေချာတာကတော့ ကျွန်တော့်ရင့်ထဲ၌ မြင်းအကောင်ရေ ရှစ်ရာနှင့် ကူပိုတာ စက်နှစ်လုံး ဝင်နေသလောက် ခုန်လှုပ်နေခြင်းပင်။

"ဟော"

များပြားလှသော စားသောက်ဆိုင်များကို ကျော်လွန်ပြီး ချစ်သူသည် ခပ်ညံ့ညံ့ ပူပူနွေးနွေး ရောင်းချပေးသော ခေါက်ဆွဲကြော်ဆိုင်ကလေးထဲ လှမ်းဝင်သွား၏။

"ဟင်"

ချစ်သူကို ပြေးဖက်မတတ် ဝင်လာသော စားပွဲထိုးလေးကို ချစ်သူမှ ထိုကောင်လေးမဖက်မိခင် လက်သုံးလုံးခန့် အလိုမှာပင် ခေါက်ဆွဲကြော် တစ်ပွဲဟု လှမ်းမှာလိုက်သည်။ စားပွဲထိုးလေးကလည်း ချစ်သူ၏ပါးကို

www.burmeseclassic.com



သူ့နှာခေါင်းနှင့် လက်နှစ်လုံးအကွာမှ တစ်ပတ်ပတ်ပြီး အနောက်ဘက် လှည့်ကာ ခေါက်ဆွဲကြော် တစ်ပွဲဟု လှမ်းအော်လိုက်သည်။

“အကွက်ပဲ”

ခေါင်ဆွဲကြော်တစ်ပွဲကို သူ မိန်းမစား (ယောကျ်ားစားနှင့် မိန်းမ စားမတူကြောင်း အားလုံးသိပေလိမ့်မည်။) စားလျှင် အနည်းဆုံး ဆယ့်ငါး မိနစ်မှ လေးဆယ့်ငါးမိနစ်ခန့်တော့ ကြာလိမ့်မည်။ ထိုအတောအတွင်း သူ့ကို ကျွန်တော် စိတ်ကြိုက်ခင်မင်အောင် ဝင်ရော၊ စကားဝင်ပြောလို့ ရနိုင်၏။ သူလည်း ခေါက်ဆွဲကြော် စားလျက်တန်းလို့ဆိုတော့ ထထွက် သွားလို့လည်း မရဘဲ ချည်ပြီးတုပ်ပြီးသား ဖြစ်နေလိမ့်မည် မဟုတ်ပါလား။

‘ဟဲ့ . . . နေဦး’

ဒီအတိုင်းဝင်ရောလိုက်လျှင် သူတစ်မျိုး ထင်သွားနိုင်သည်။ ဘေးမှ ခုံလွတ်တွေ ရှိပါလျှက်သားနှင့် သူ့ခုံကို ဝင်ထိုင်ပြီး ဘလိုင်းကြီး ဝင်ရော နေလျှင် ချစ်သူ အထင်သေးသွားနိုင်သည်။

‘မှန်း. . . ခုံလွတ်က ဘယ်နှစ်ခုံကျန်သေးလဲ။ အဲ. . . ဟိုခုံက လူတွေဝင်ထိုင်ပြီ။ ဟိုဘက်မှာရော. . . အိုကေ အားလုံးပြည့်နေပြီ။ မှန်းဘယ်နှစ်ခုံ ကျန်သေးလဲ။

ဟင်. . . ချစ်သူနှင့် ဘေးချင်းကပ်လျက် ခုံတစ်ခုံထဲ ကျန်တော့ ပါလား. . .။ ဟော ဟော. . . ထပ်ဝင်လာပြီ. . .။

အဲ. . . ထိုင်လိုက် ဝင်ထိုင်လိုက်။ ဟုတ်ပြီ. . . ဟာ. . . သေပါ ပြီ။ မာမာတို့အုပ်စုပါလား . . .။

မာမာဆိုတာက ကျွန်တော်နှင့် တစ်တန်းထဲ တစ်ခန်းထဲ တစ်ရပ် ကွက်ထဲနေသည့် ကျွန်တော့်သူငယ်ချင်း ပြောမနာဆိုမနာမလေး။ နာမည် ရင်းကမာလာ။ ကျွန်တော်တို့ကသူ့ကို ချစ်စနိုးနှင့် မာမာဟုပင် ခေါ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'တောက်. . . မာမာရယ်. . . အရေးကောင်းမှ ပုလင်းဟောင်း ဝယ်သူနဲ့ လာတွေ့နေရတယ်လို့။

အိုး. . . မတတ်နိုင်ပါဘူး. . . ဒီလိုအခွင့်အရေးမျိုးက တော်ရုံရဖို့ လွယ်တာမှ မဟုတ်ဘဲ. . .။ သူတို့ကို မတွေ့ချင်ယောင်ဆောင်ပြီးဝင်မှ. . .။ နို့မဟုတ်လျှင် အခွင့်ကောင်းတစ်ခု ဆုံးရှုံးသွားမည်။

ဟု ဆုံးဖြတ်ပြီး ကင်န်တင်းထဲ ခပ်တည်တည်နှင့် လှမ်းဝင်လိုက်သည်။

'ဟဲ့ အလိမ္မာတုံးလေး. . . ငါတို့ဒီမှာ'

ကင်န်တင်းထဲဝင်သည်နှင့် မာမာ၏ အသံစာစာကို စတင်ကြားရ၏။ ခေါင်းကိုမော့၍ မကြားချင်ယောင် ဆောင်လိုက်သည်။ လှည့်ကြည့်၍မဖြစ်၊ လှည့်ကြည့်လျှင် ဝင်ထိုင်နေရမည်။ ဒါကြောင့် ခေါင်းကို ထပ်မော့စမ်း။

'ခလွမ်'

'ဟော့လူ. . . ဘယ့်နှယ်စားပွဲတည့်တည့်ဝင်တိုးရတာတုန်း။ ခင်ဗျား မျက်လုံးမပါဘူးလား။'

'ပါပါတယ်ဗျာ မျက်လုံးက အပေါ်ရောက်နေလို့ အဟဲ'

'ခလွမ်'

'အာ. . . ဒီလူ ဟိုတိုက် ဒီတိုက်နဲ့ အောက်လည်း ငုံ့ကြည့်ပါဦး'

'မဖြစ်လို့ပါဗျာ. . . တောင်းပန်ပါတယ်။'

'ခလွမ်. . .'

'ဟဲ့. . . စောကြည်ဖြူ'


မာမာ၏အသံ။ လှည့်မကြည့်ဘဲ သူတို့စားပွဲကို ကျော်တက်လိုက်၏။



BURMESE CLASSIC .com

www.burmeseclassic.com





ခွေးချေးပေသွားတဲ့ကိစ္စ

'အို. . . အမေ့'

ချစ်သူ၏ အသံနုနု။ ကျွန်တော် ငုံ့ကြည့်လိုက်သည်။ ဟုတ်ပါသည်။ကျွန်တော့်ရဲ့ချစ်သူစင်စစ်ကေန်ဖြစ်ပါသည်။

'အို. . ဆောရီးနော် . . . ဆောရီး. . ဝင်တိုက်မိသွားတယ်။ အဲဒါကြောင့် ထိုင်မယ်နော်'. . .

'ရှင်'

ကျွန်တော်၏ စကားကို ချစ်သူကြောင်သွား၏။ ပြီးနောက် ခေါင်းညိတ်ပြသလား ခေါင်းခါပြသလားတော့မပြောတတ်။ ကျွန်တော်က ဝင်ထိုင်လိုက်ပြီးသား။ မာမာက တော့ ကျွန်တော့်ကို မာမာကြီး ငေးကြည့်နေမှာ သေချာ၏။

ချစ်သူကတော့ ဘာမှဆက်မပြောဘဲ ခေါက်ဆွဲကြော်ကိုသာ ခပ်တည်တည် ဟန်လုပ်ရင်း ဆက်စားနေ၏။

ပူပူနွေးနွေးကြော်ထားသော ခေါက်ဆွဲကြော်မို့ သူအနည်းငယ် အစားရခက်နေဟန်တူ၏။ ခေါက်ဆွဲကို တူနှင့်ညှပ်လိုက် ဆွဲတင်လိုက် ပြန်ချလိုက် လုပ်နေ၏။ ထိုသို့ ပြုလုပ်နေခြင်းမှာ ကျွန်တော ရှိနေ၍လည်း ဖြစ်နိုင်၏။ သိတယ် မဟုတ်လား။ မိန်းကလေးတွေက သူ့ကို စိတ်ဝင်စား စိုက်ကြည့်နေသော ယောကျ်ားသားများရှိပါက ရှုံးတိုးရှန့်တန့်နှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်တတ်သည် မဟုတ်ပါလား။



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော်လည်း ချစ်သူကို ကြည့်ပြီး ဘယ်ကစပြောရ မှန်းမသိ ဖြစ်နေ၏။

'ဟိုတစ်နေ့က ခွေးချေးပေသွားတဲ့ကိစ္စ'

အို . . . ဒီလိုပြောလို့ ဘယ်ဖြစ်မလဲ။ သူက အစားစားလျက် တန်းလန်းကြီး။ အန်ထွက်ကုန်မှဖြင့် ဟုတ်ပေ့ဖြစ်နေမည်။ ဒါဆို. . .

'တစ်ယောက်တည်းလားဟင်'

အို . . . ဒါလည်းမဟုတ်သေးပါဘူး။ ရှင့်မျက်စေ့ထဲမှာ ဘယ်နှစ်ယောက်မြင်လို့လဲဟု ပြန်ပက်ထည့်လိုက်ရင် အခက်။

'ခေါက်ဆွဲကြော်က ပူတော့. . . ပူတော့. . .'

အဲဒါလည်း မကောင်းပါဘူးလေ။ ခေါက်ဆွဲကြော်က ပူတော့ နင့်ကို ငါချစ်တယ်နဲ့ အဝေးကြီး။

ဒါဆို ဘယ်လိုပြောမလဲ စဉ်းစားစမ်း။ စဉ်းစားစမ်း. . .။

ချစ်သူကတော့ သူ့ကိုရည်းစားစကားပြောမည့် အကောင်တစ်ကောင် သူ့ရှေ့မှောက် ငုတ်တုတ်ကြီး ထိုင်နေသည်ကို မသိရှာဘဲ သူ့ရှေ့က ပူပူနွေးနွေးခေါက်ဆွဲကြော်ကိုပင် စားမလိုလုပ်လိုက် ပြန်ချလိုက်လုပ်နေ၏။

ကျွန်တော်လည်း ရည်းစားစကားကို ဘယ်ကစ ဘယ်လိုပြောရမှန်း မသိဘဲ။ ယောင်ပေယောင်ပေနှင့် ဖြစ်နေမိ၏။ ချစ်သူလည်း မနေ့က အဖြစ်အပျက်ကို ပြန်သတိရ၍လားမသိ။ တစ်ချက်တစ်ချက် ကျွန်တော့်ကို ဝေ့ဝေ့ကြည့်၏။

ကျွန်တော်လည်း မသိချင်ယောင်ဆောင်၍ ကျောင်းလမ်းမကိုသာ ခပ်တည်တည်နှင့် ငေးကြည့်ရင်း ရည်းစားစကား မည်သို့စပြောရမည်ကို အကြံထုတ်နေ၏။

ထိုစဉ်။



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော့်၏ အမြင်အာရုံထဲ တိုးဝင်လာသော အရိပ်တစ်ခု။ ကုပ်ကွကုပ်ကွနှင့် ကျွန်တော်တို့ဘက် လျှောက်လှမ်းလာသည့်ကောင် . . .။ ဟိုကောင်။ ကျွန်တော် မျက်လုံးပြူးသွားရသည်။ ဒီကောင် ရောက်လာလျှင် မလွယ်။ အကြံအစည်တော့ ပျက်ပြီသာမှတ်။

ဒီကောင် ပြဿနာကောင်. .။ နီးလေလေ ပိုသဲကွဲလေ ဖြစ်လာသည်။ ဟုတ်ပါသည်. . .၊ ဒီကောင်. . .။

'အိုင်လပ်(ဖ်)ယူ'။

'ရှင်'

ကျွန်တော့်ရဲ့ ဘာမဆိုင်ညာမဆိုင် နှုတ်မှထွက်သွားသော စကားကြောင့် ခေါက်ဆွဲစားရန် ပြင်နေသော ချစ်သူထံမှ အာမေဋိတ်သံကြားရ၏။ ကျွန်တော်လည်း ဟိုကောင့်ကို အံသြတကြီး ငေးကြောင်ကြည့်နေပြီး. . .

'ဟုတ်တယ်. . . အိုင်လပ်(ဖ်)ယူ. . .'

'အို'. . . ဟူသော အာမေဋိတ်သံနှင့်အတူ ချစ်သူမျက်နှာလေး ရဲပြီး ထပြေးသွားသည်ကို သတိထားမိ၏။ ထိုတော့မှ ကျွန်တော်လည်း သတိဝင်သွားပြီး

'ဟိုက်. . . မှားကုန်ပြီ'

ဟုတ်ပါသည်။ မှားကုန်ပါပြီ။ ချစ်သူကတော့ သူ့ကို မြင်မြင်ချင်း ရည်းစားစကားပြောနေသည်ထင်ပြီး အထင်လွဲ၍ ခေါက်ဆွဲကြော်ပင် ဆက်မစားတော့ပဲ ထထွက်သွားခြင်းဖြစ်မည်။ ကျွန်တော့ ဆိုလိုရင်းက ထိုသို့မဟုတ်။

အိုင်လပ်(ဖ်)ယူ ဆိုသည်မှာ ခပ်ဝေးဝေးမှ ကျွန်တော့်ထံ ခပ်လေးလေး လျှောက်လှမ်းလာသော ဟိုကောင်ကို ရည်ရွယ်ခြင်း ဖြစ်၏။



BURMESE CLASSIC .com

www.burmeseclassic.com



**ဒီကောင်ပြဿနာကောင်..။**

**နိုးလေလေ ပိုသဲကွဲလေ**

**ဖြစ်လာသည်။**

**ဟုတ်ပါသည်...၊**

**ဒီကောင်...။**

**'အိုင်လပ်(ဗ်)ယူ'**

သူ့နာမည်က ထွန်းအိုင်။ သို့သော် လက်တွင် သမင်ဖြူ သမင်လက် ဖြစ်ပြီး လက်ဖြူနေသဖြင့် သူ့နာမည် နောက်ဆုံးအလုံး 'အိုင်'နှင့်ပေါင်းပြီး အိုင်လက်ဖြူဟု ခေါ်ဆိုခြင်း ဖြစ်သည်။

အခုတော့ သူ့နာမည် ရေရွှတ်မိ၏ ချစ်သူက မြင်မြင်ချင်း ဆောက် နှင့်ထွင်းသည်မှတ်ပြီး အထင်လွဲသွားပြီ. . .။ သွားပြီ။

'ဖြစ်မှ ဖြစ်ရလေ အိုင်လက်ဖြူရယ်'. . .။

❖ ❖ ❖

BURMESE CLASSIC .com

(၃)

'မိန်းကလေးတစ်ယောက် ကိုယ့်ကို ပြန်ချစ်အောင်လုပ်ဖို့ဆိုတာ နည်းဗျူဟာလိုတယ်ကွ'

အိုင်လက်ဖြူ ဆိုသောကောင်မှ ရည်းစားဆိုတာ တစ်ခါမှ မတစ်ခါဘူးပဲ ခပ်တည်တည်ပြောသည်။

'ဥပမာကွာ. . . မင်းညီမဝမ်းကွဲ မိဖြိုးလေးကို ငါက ကြိုက်တယ်ဆိုပါတော့'

'ကြီးတော်လောက်တော့ ထားပါကွာ'

အေး. . . အဲ. . အဲသည်လို ကိုယ်က သူ့ကို ကြိုက်ပြီဆိုရင် မင်းညီမလေးက ငါ့ကို စကားပြန်ပြောဖို့ အခွင့်အရေး မပေးဘူးဆိုပါတော့'

'ကြီးတော်ဆိုနေမှကွာ'. . .

'အေး မင်းကြီးတော်ကြီး အိမ်မှာရှိနေတုန်း မိဖြိုးလေးက အိမ်အပြင်ထွက်လာတယ်ဆိုရင်'. . .။

ကျွန်တော်စိတ်ညစ်သွားသည်။ ဒီကောင့်ကို ဘယ်လိုမှ ဆက်တား၍ ရမည်မဟုတ်။ ဒီကောင်က ကျွန်တော့်ညီမဝမ်းကွဲ မိဖြိုးကို သူ့



BURMESE CLASSIC .com

www.burmeseclassic.com



အသက် သူ့ရုပ်ရည်မှအားမနာ ကြိတ်ကြိုက်နေတာ ကြာပြီ။

'အဲဒါဆို ငါဘာလုပ်မလဲဆိုရင် စာလိုက်ပေးတယ်ထား'

'စာလိုက်ပေးတယ်'

ကျွန်တော့်၏ သံယောင်လိုက်စကားကို အိုင်လပ်(ဖ်)ယူမှ ပြုံး၍ ခေါင်းညိတ်လိုက်ပြီး. . . .။

'ဒါပေါ့ စာလိုက်ပေးတယ်။ အဲ. . . စာလိုက်ပေးရင် သူက ယူပ့ါမလား စဉ်းစားရမယ်။ သူက မယူဘူးဆိုရင် ကိုယ်က သူမသိအောင် သူ့လွယ်အိတ်ထဲဖြစ်ဖြစ်၊ ဆွဲခြင်းထဲဖြစ်ဖြစ် ထည့်ပေးထားမယ်။

'ဟိုကွာ ဒီအတိုင်း လိုက်ပေးနေရင် သူရိပ်မိသွားမယ်။ ဒါကြောင့် သူအိမ်သာသွားတဲ့အချိန်မှာ သူ့ဆွဲခြင်းထဲ ထည့်ပေးခဲ့မယ်။'

'ထည့်ပေးလိုက်ရင်'. . .

'ထည့်ပေးလိုက်ရင် သူဘယ်တတ်နိုင်တော့မှာလည်း ဖတ်ရပြီပေ့ါ။ မင်းညီမလေးမိဖြိုး ငါ့ရဲ့ မေတ္တာသဝဏ်လွှာကို ဖတ်ရပြီပေ့ါ ဟားဟား။'

'ဖတ်ပြီးရင်'

'ဟ. . . ကြိုက်ပြီပေ့ါကွ ငါ့ကောင်ရ. . .။ ကြိုက်ပြီ ပေ့ါ။ ငါ့စာက အပီအပြင် နှုထားခွဲထားတာ။ မင်းညီမဖတ်ပြီး မင်းကြီးတော်ပါ ကြိုက်သွားမယ်။ ဟား ဟား ဟား ဟား ဟိုကွာ မင်းအမေ ရေခဲထုပ်ရောင်းသလိုပေ့ါ'

'မြန်မာပြည်က သားစားရင် ဂျပန်ပြည်က အဖေပါ ချောင်းလိုက်ဆိုးတယ်ဆိုတာမျိုး ဟား ဟား ဟား ဟား'

'အင်'. . . ဒီကောင် တစ်ဆွေလုံး တစ်မျိုးလုံးကို စော်ကားနေပါရောလား။ ဘာမဆိုင် ညာမဆိုင် ရေခဲထုပ်ရောင်းနေသော ကျွန်တော့်အမေကိုပါ ဆွဲထည့်နေသည်။ သို့သော် သူထပ်မစော်ကားလိုက်ရပါ။ အဘယ်ကြောင့်ဆိုသော်



BURMESE CLASSIC .com

www.burmeseclassic.com



'ဒီမှာ . . . ဒီမှာ'

'ဟင်. . . မိဖြိုး'

ဟုတ်ပါသည်။ ကျွန်တော့်ညီမလေး မိဖြိုးပါ။ အတန်းချိန်ပြီး၍ ကင်န်တင်းဖက် ထွက်လာပုံရ၏။

'ဖြိုးကိုမြင်တော့ ဟိုကောင့်မျက်နှာ ပျက်သွား၏။ မပျက်ခံနိုင်ရိုးလား. . . မိဖြိုး၏မျက်နှာက တစ်ခါမှ မမာစဖူး မာနေ၏။ သူ့လက်ထဲမှာလည်း စာတစ်စောင်. . ။ ပန်းရောင်လေး. . . ။

'ကိုကို' (ဖြိုးက ကျွန်တော့်ကို ကိုကိုဟုသာ ခေါ်သည်)

သူ့လက်ထဲမှ စာကို ထောင်ပြပြီး။

'ကိုကို့သူငယ်ချင်း ဘေးကလူကြီး မီးကို စာပေးသွားတယ်။ ဘယ်အချိန် လွယ်အိတ်ထဲ ထည့်ပေးသွားမှန်းမသိဘူး။ ဖောက်ဖတ်ကြည့်မှ သူ့စာမှန်းသိတယ်။ သူ့အသက်အရွယ်မှ အားမနာ မီးကိုလည်း ကြံသေးတယ်။ စာကိုလည်း ပေါက်ကရ ရေးထားသေးတယ်။

'ဟင်'

ကျွန်တော် မျက်လုံးပြူးသွားရ၏။ ခုန ဒီကောင်ပြောနေတာ နောက်ပြောနေသလိုနှင့် အတည်ပြောနေမှန်း ဒီတော့မှ သိရသည်။

'ဟေ့ကောင်. . . မင်းငါ့ညီမကို စာတကယ်ပေးတာပေါ့လေ ဟုတ်လား'

အိုင်လက်ဖြူ ဟင်းခိုးစားတာ လူမိသွားသော ဘုန်းကြီးကျောင်းသားလို ရှပ်ကြီး ပြီတီတီ ဖြစ်သွားပြီး

'အဟဲ. . . ဟို. . . ဖြစ်သလိုလေး လုပ်ကြည့်တာပါ အဟဲ'

'ဘာကွ'

ကျွန်တော့်၏ ဒေါသသံကြောင့် ဒီကောင် လန့်သွားပြီး. . .



BURMESE CLASSIC .com

www.burmeseclassic.com



'အဲ. . . ဟိုလေ. . . ဟို အကိုကြီးက အတည်ကြံတာပါ. . . အဟဲ. . .'။

'ဟေ့ကောင် တော်ကွာ . . . ငါဆွဲထိုးမိတော့မယ်။'

'မ. . . မလုပ်ပါနဲ့ ယောက်ဖရယ်. . . အဟဲ'

'ဟေ့ကောင်. . . မင်းနော်. . . ဟင်းဟင်း. . . ငါ. . တယ်'

'မလုပ်ပါနဲ့ ကိုကိုရယ်။ သူ့ကိုထိုးရင် ကိုကိုပဲ လက်နာနေပါ့မယ်။ သူ့မျက်ခွက်က စပရိန်ကြီး ပျက်မှာမဟုတ်ဘူး။'

ကျွန်တော် ထိုးလုထိုးခင် အချိန်ကလေးမှာပင် ဖြိုးက ဝင်တားသည်။ ဒါကိုတောင် ပျဉ်းကတိုးသားထက် အကျောမာလှသော ဟိုကောင်က မည်သို့သဘောပေါက်သွားသည်မသိ။

'ညီမရေးက အစ်ကို့ကို တနားရှိ့ရား'. . .

ဟု ပြောင်ချော်ချော် ဝင်ပြောသောကြောင့် ကျွန်တော် ပို၍ ဒေါသထွက်သွားရပြီး

'ဟေ့ကောင်. . . ငါတယ်. .'

'အော်. . မလုပ်ပါနဲ့ဆို. . ကိုကိုရယ်. . ကဲ. . ရော့. . စိတ်ပြေသွားအောင် သူ့စာဖတ်ကြည့်။'

'တော်စမ်း မိဖြိုး. . . သူ့စာဖတ်ပြီးရင် ငါ့ဒေါသတွေ ထိန်းနိုင်တော့မှာ မဟုတ်ဘူး'. . .

'အော်. . . ကိုကိုရယ် မီးက မဟုတ်တာပြောပါ့မလား ဖတ်သာဖတ်ကြည့်ပါ။'

ဟုဆို၍ လက်ထဲ စာအတင်းထိုးထည့်ပေး၍ စာကို ဒေါသတကြီး ဖွင့်ဖတ်လိုက်ရာ။

'ခွိ'

'အယ်'



BURMESE CLASSIC .com

www.burmeseclassic.com



ဘယ်လိုမှ မထိန်းနိုင်ပဲ တစ်ချက်ရယ်မိသွား၏။ မရယ်ခံနိုင်ရိုးလား။ ကြည့်လေ သူပညာသားပါပါ သမီးဖတ်လျှင် အမေပါ ကြိုက်မည်ဟု ကြိမ်းဝါးပြီး ရေးထားသည့်စာက။

**'သမင်မလေးဖြိုး'**

ချစ်လွန်းလို့ ဆင်ကြံကြံမိတာပါ။

ဖြိုးကို အစ်ကိုကြီး ချစ်လွန်းလို့ ကျားချောင်းချောင်း နေတာကြာပါပြီ။

ဒါပေမယ့် အခွင့်မသာလို့ လင်းမြွေလို မသိမသာ ခွေနေရတာပါ။

ဖြိုးလေး လာရာလမ်းကို မျှော်ရလွန်းလို့ လည်ပင်းတောင် သစ်ကုလားအုပ်လောက် ရှည်ထွက်နေပါပြီ။

ဖြိုးကို အစ်ကိုကြီးချစ်တဲ့အချစ်က သိုးတစ်ကောင်လို ဖြူစင်ပါတယ်။

အခုလို ဖြိုးမသိအောင် စာထည့်ထားတဲ့အတွက် မြွေခွေးလို ကောက်ကျစ်တယ်လို့ မထင်စေချင်ဘူး။ ဖြိုးနဲ့ ရင်ဆိုင်တွေ့တဲ့ အခါတိုင်း ကိုယ့်ရဲ့ အသည်းနှလုံးဟာ ယုန်တစ်ကောင်လို ထိတ်လွယ် လန့်လွယ်လို့ ဒီလို လုပ်လိုက်မိတာပါ။

ဖြိုး. . .

နွားကျတယ်လို့ ဆိုချင် ဆိုပါတော့။ ဖြိုးရဲ့ ခြေရင်းမှာ ကြောင်တစ်ကောင်လို ပွတ်သီးပွတ်သပ် ခယပါရစေ။ ဒါကလည်း ခြသေ့်လို အသည်းမျိုးနဲ့ ဖြိုးကို ရဲရဲကြီး ချစ်မိလို့ပါ။

ဒီလိုပြောလိုက်လို့ ဖြိုးရဲ့ စိတ်တွေထဲမှာ ကိုယ့်ကို ရေဆင်လိုလို ကြွက်စုပ်လိုလို မထင်စေချင်ဘူး။



BURMESE CLASSIC .com

www.burmeseclassic.com



ဖြိုး

စာပြန်ပါနော်. . .

ဖြိုးရဲ့ပြန်စာမှ မရရင် သစ်ကိုင်းလွတ်တဲ့ မျောက်လို အစ်ကိုကြီး နေမထိ ထိုင်မသာဖြစ်နေတော့မှာပဲ။

ဖြိုးရဲ့ အချစ်ကို မျှော်လင့်ရင်း

စိုင်ကော်လို့ ခြံပေါ်ရောက်ချင်နေတဲ့

ဒရယ်ရွာသား

ကိုယ်. .

'အဟီး. . . ကောင်းတယ်မဟုတ်လား. . . အဟီး'

ဒီကောင့်မျက်နှာကြီးက အခုမှ ကျောက်ပြင်နှင့် အပွတ်ခံထား ရသော ငါးနုပ်နှယ်လို ပြောင်ချော်ချော်ကြီး ဖြစ်နေ၏။ ကျွန်တော်လည်း သူ့ကိုကြည့်ပြီး ရယ်ချင်စိတ်ကို မျိုသိပ်၍ တစ်ခွန်းထဲ ပြန်ပြောဖြစ်၏။

'တိရစ္ဆာန် ပေါင်းချုပ်ကောင်'

❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com

အရိပ်သည်

သူမ၏ မျက်နှာဖုံးကို ချွတ်ခွာလျက်

တိတ်ဆိတ်သော မေတ္တာခြေလှမ်းများဖြင့်

အလင်းနောက်သို့

လျှို့ဝှက်ညင်သာစွာ

လိုက်လာ၏။

*ရာဘန္ဒြာနတ်(သ်)တဂိုး. . . ။*



BURMESE CLASSIC .com

(၄)

ရိပ်ခနဲ လှုပ်ရှားသွားသော ထီးနီနီကလေးကို မြင်သည်နှင့် ကျွန်တော်ချစ်ရသော မြင့်စန်းရီမှန်းသိလိုက်သည်။

တစ်ခါမှ ကသုတ်ကယက် လမ်းမလျှောက်ဘူးသော ချစ်သူသည် ယခုတစ်ခါမှ မည်သည့်အတွက်ကြောင့် ဆတ်ကော့ လတ်ကော့ ဖြစ်နေသည်ကို ကျွန်တော်မတွေးတတ်ပါ။ သေချာတာကတော့ တစ်ခုခု အရေးကြီးနေပုံရ၏။

မည်သို့ပင်ဖြစ်စေ အကြံသမား ကျွန်တော် သူ့နောက်မှ ခပ်မြန်မြန်ပင် လိုက်သွားမိ၏။

ဟော. . . ကော်ရစ်တာဘက် ချိုးသွားပြီ. . ။

ကျွန်တော် ဘာမှ စဉ်းစားမနေတော့ဘဲ သူ့နောက်မှ အလျင်အမြန် လိုက်သွားမိ၏။ ချစ်သူ ချိုးဝင်သွားသော ကော်ရစ်တာဘက် လိုက်ချိုးဝင်လိုက်သည်။

မတွေ့။ ချစ်သူကိုမတွေ့။ ခုန ဒီဘက်ချိုးသွားတာ အသေအချာတွေ့လိုက်သား။

www.burmeseclassic.com



အနီးအနား ဝေ့ကြည့်လိုက်တော့ အခန်းငယ်တစ်ခု။

ဟုတ်ပြီ။ ဒီအခန်းထဲဝင်သွားတာဖြစ်မယ်။

ဟု တွေးပြီး အခန်းထဲ လိုက်ဝင်ရန် အလျှင်အမြန် လှမ်းလိုက်စဉ်။

'ဒေါင်' . . .

ခေါင်းနှင့် တစ်ခုခုတိုက်မိသွား၍ မော့ကြည့်လိုက်ရာ ဆိုင်းဘုတ်ပြားလေးတစ်ခု။ ထိုဆိုင်းဘုတ်တွင် ရေးထားသည့်စာက WOMEN တဲ့ . . .

TOILET တဲ့

ဟိုက် . . . တော်သေးတာပေါ့။ လိုက်ဝင်သွားလျှင် ပါးအရိုက်ခံရဦးမည်။ အနားတွင်လည်း ကျားဆိုလို့ ကျွန်တော် တစ်ယောက်တည်း။

ဘယ်လိုလုပ်ရပ့်။ ဒီအတိုင်း ကြောင်တောင်တောင်နှင့် ရပ်နေလျှင်လည်း ရှက်စရာကြီး။ အကြံထုတ်ရင်း ထပ်မံ ဝေ့ကြည့်လိုက်တော့ ချစ်သူ၏ ဆွဲခြင်းနီနီက TOILET ရှေ့အခန့်သား။

ကျွန်တော် ဝမ်းသာသွားမိ၏။

'ဟုတ်ပြီ . . . ဒါအကွက်ပဲ'

လွယ်အိတ်ထဲမှ အသင့်ထုပ်ပိုးရေးသားပြီးသား စာတစ်စောင်ကို အမြန်ရှာဖွေထုတ်ယူလိုက်သည်။ နောက်။ ဆွဲခြင်းနီနီလေးသို့ . ။ ဒါ အိုင်လပ်(ဖ်)ယူနည်း။ ကျွန်တော့်ညီမကို သူစာပေးခဲ့တာ ဒီနည်းပဲ။ ပြီးတော့ TOILET နှင့် ခပ်လှမ်းလှမ်း ဗံဒါပင်အောက် ခေါင်းငုံ့ရပ်နေလိုက်သည်။ ဒါမှ မြင့်စန်းရီက စာကို ဘယ်သူပေးသွားမှန်း သိလိမ့်မည်။

ဗံဒါပင်ပေါ်မှ စာကလေးများ ကျလိ ကျလိနှင့် ကျွန်တော့ကို ပြောင်လှောင်နေကြသည်။

အေးလေ။ ကိုယ်ချစ်ရသော ချစ်သူကို အိမ်သာရှေ့ထိ စာလိုက်ပေးရဲသော ကျွန်တော်လိုကောင်မျိုးကို ဘယ်တိရစ္ဆာန်က ကောင်းချီးပေးနေမည်နည်း . . ။ သူတို့လည်း အသွေးနှင့် အသားနှင့် ဖွဲ့စည်းထားသော်



BURMESE CLASSIC .com

www.burmeseclassic.com



လည်း အသိဉာဏ်နည်းသော သတ္တဝါတွေမို့ နားလည်နိုင်လိမ့်မည်မထင်။ ဒါကို အပြစ်ယူနေ၍ ဖြစ်မည်လား။

ကဲ စိတ်ကြိုက်သာ အော်ကြစမ်း. . ။ မကြာခင် ငါ့ချစ်သူ ရှက်ပြုံးကလေးနဲ့ ငါ့ရှေ့လာရပ်ကာ မင်းတို့မြင်တော့မှ အံ့အားမသင့်ကြနဲ့။ အဲဒီတော့မှ ငါ့ရဲ့လုပ်ရပ်မှန်ကန်ကြောင်း စကားတင်းထပ်မဆိုကြနဲ့ ဟုတ်လား။

ကျွန်တော့်အတွေးမဆုံးမီ ကျွန်တော့်ဆီသို့ လှမ်းလာသော တဖျတ်ဖျတ်ခြေသံ။ ကျွန်တော်ခေါင်းကို ငုံ့သထက် ငုံ့ထားလိုက်၏။ သိပ်မကြာလိုက်ပါ။ ကျွန်တော့်ရှေ့နှစ်ပေအကွာခန့်တွင် ရပ်တန့်သွားသော ခြေအစုံနှင့် ဆွဲခြင်းနီနီ။ ဆွဲခြင်းနီနီထဲမှ မခို့တရို့ ပြုံးနေသော ကျွန်တော့်ရဲ့ မေတ္တာစာ။

အို. . . ကြည့်စမ်း ချစ်သူ၏ ခြေဖဝါးအစုံကို မြင်တော့ ကျွန်တော် အံ့အားသင့်သွားရ၏။ ကျွန်တော့်ချစ်သူဟာ မျက်နှာ လေးလှသလောက် ခြေထောက်ကျတော့ အရိုးပြိုင်းပြိုင်းနဲ့ပါလား. . ဟင် အသားတွေကလည်း ပျော့တွဲလို့. . . ။ ဘယ်လို ဖြစ်တာပါလိမ့်။

အို. . . ဘာပဲဖြစ်ဖြစ်၊ ဘယ်လိုပဲ ဖြစ်ဖြစ် ချစ်ရပါသည် မြင့်စန်းရီ။ ခြေထောက်သာမကဘဲ မျက်နှာပါ ဇရာထောင်းသွားပါစေ၊ ကျွန်တော့်ရဲ့ အချစ်က တစ်ပြားသားဖိုးမှ လျော့နည်းသွား လိမ့်မည်မဟုတ်။

သူကျွန်တော့်ကို ကြည့်နေပုံရ၏။ ရပ်နေရာမှ တုပ်တုပ် မလှုပ်။

ထို့ကြောင့် ကျွန်တော်ကလည်း ပြန်မချစ်ရပါက သေရပါတော့မည်ဟု အဓိဋ္ဌာယ်ရပါသော မျက်နှာသေ၊ မျက်နှာပေကလေးနှင့် တဖြည်းဖြည်း မော့ကြည့်လိုက်သည်။

ပထမဆုံးမြင်ရသည်က ဝမ်းဗိုက်သားပျော့ပျော့။ နောက် ပြားကပ်ကပ်ခန္ဓာ။ ပျော့တွဲတွဲလည်ပင်းသား။



BURMESE CLASSIC .com

www.burmeseclassic.com



ဟင်. . . ဘယ်လိုဖြစ်တာပါလိမ့်။

မသင်္ကာ၍ မျက်နှာမော့ကြည့်လိုက်မှ. . .

'ဟိုက်. . . အပျိုကြီး ဒေါ်တင်မိုးခိုင်'

ဟုတ်ပါသည်။ ကျွန်တော့်ကို ပြုံးပြီးစိုက်ကြည့်နေသော မြန်မာစာ နောက်ဆုံးနှစ်ကျောင်းသူအပျိုကြီး ဒေါ်တင်မိုးခိုင်. . .။

မျက်လုံးကြီးကရွဲလို့. . .။ သူ့မျက်ဝန်းထဲမှာ အဓိပ္ပာယ်အပြည့် အစုံ။

ဖျတ်ခနဲ ဆွဲခြင်းထဲမှ ကျွန်တော့စာကို ထုတ်လိုက်ပြီး. . .

'ဒါ. . . မောင်လေး မမဆွဲခြင်းထဲ လာထည့်ထားတာလား ဟင်'. . .။

'ဟုတ်. . အဲ. . ဟုတ်ပါတယ်။ အန်တီ. . အဲလေ. . . မမ. . '

ကျွန်တော့်ရဲ့ ယောင်နနစကားကြောင့် အပျိုကြီး၏ မျက်ဝန်းများ တောက်ပသွားပြီး. . . .။

'အို. . . . ဝမ်းသာလိုက်တာ'။

'ခင်ဗျာ'. . .။

'တကယ်ပြောတာပါကွယ်. . . မင်းအဖြေပြန်ရပြီလို့ မှတ်လိုက် တော့နော်'။

'ဗျာ'. . .။

သေပါပြီ အမေရဲ့. . . ဟောဒီမှာ တစ်ယောက် ချက်ချင်းကြီး သားကို အဖြေပေးနေပါပြီ။

'ဒါနဲ့ မောင်လေးနာမည်က'

'ခင်ဗျာ. . . ကျွန်တော့်. . . ကျွန်တော့်နာမည်'. . .။

'အို. . . နာမည်က အရေးမကြီးပါဘူးလေး. . . အဓိကက အဓိ ကပဲ မဟုတ်လား'



BURMESE CLASSIC .com

www.burmeseclassic.com




အောင်မလေး သေပါပြီ အမေရဲ့. . . နာမည်တောင် မသိဘဲ အဖြေပေးပြီးမှ အဓိကက အဓိကပဲတဲ့ အမေရဲ့။ သားကို ကယ်ပါဦး အမေရဲ့။

'အော် ကိုမြစိန်. . . ကိုမြစိန်. . . ရှင် မစွမ်းပေမယ့် စွမ်းတဲ့လူက စွမ်းနေပြီတော့'. . .။

ဟင်. . . . အင်္ဂလိပ်စာ နောက်ဆုံးနှစ်ကျောင်းသား လူပျိုကြီး ကိုမြစိန်ပါ။ အမှုတွဲထဲပါနေပါရော့လား. . .။

'ကျွန်မ ရှင့်ကို သတိပေးသား ကိုမြစိန်ရယ်. . . အခုခေတ်ကလေး တွေ ခြေမြန်လက်မြန်ပါ ဆိုနေမှတော်. . .။ ကျွန်မက လမ်းခင်းပေးတာ တောင် ရှင်က ဘုရားဒကာလိုလို ကြောင်သူတော်လိုလိုနဲ့ အခုတော့ ရှင် ဘာတတ်နိုင်သေးလဲ။ ဟောဒီမောင်လေး ဦးသွားပြီရှင့် ဦးသွားပြီ. . . ဟင်း. . . ရှင့်ရှေ့မှာ ဟောဒီလို နုနုဖတ်ဖတ်ကလေးနဲ့ လက်ချင်းချိတ်ပြီး တော့ကို တွဲပြဦးမယ်. . . ဟင်း ဟင်း တင်မိုးခိုင်တဲ့ ဘာများမှတ် သလဲ. . .။ ကိုမြစိန်. . . ရှင်တော့ အသည်းကွဲဖို့သာ ပြင်ပေတော့. . . လာ. . . မောင်လေး အင်္ဂလိပ်စာဌာနဘက် လမ်းလျှောက်ထွက်ရ အောင်. . .'

ဟု ဆို၍ ကျွန်တော့်လက်ကို အတင်းဖမ်းဆွဲနေ၍ ကျွန်တော်လည်း အတင်းရုန်းပြီး





BURMESE CLASSIC .com

www.burmeseclassic.com



'ဟာ ခဏနေဦးမမ. . . ဒီစာက ကျွန်တော်ပေးတာ မဟုတ်ဘူး'

ကျွန်တော်ကသုတ်ကယက် စကားကြောင့် သူမျက်လုံး ပြူးသွားပြီး. . .

'ဟင်. . . ဒါဆို ဘယ်သူပေးတာလည်း။'

'ဟို. . . ဟို. . . ဦးမြစိန်. . . ဦးမြစိန်'

သူ၏ မျက်ဝန်းများ တောက်ပသွားပြန်သည်ဟု ထင်ရ၏။

'ဟယ်. . . အဟုတ်'

'ဟုတ်. . . ဟုတ်ကဲ့. . . အဟုတ်'

ကျွန်တော့်စကားကို သူရှက်သွားသလိုဟန်မျိုးနှင့်. . .

'ဟယ်. . . မမက မောင်လေးပေးတယ်မှတ်ပြီး ပြောနေတာ ရှက်လိုက်တာဟယ်။ ဒါဆို သွားမယ်နော်။ ဦးမြစိန်ကြီး ဝမ်းသာသွားအောင် အဖြေသွားပေးလိုက်ဦးမယ်။'

ဟုဆို၍ ကသုတ်ကယက် လှည့်ထွက်သွားလေ၏။ ထိုတော့မှ ကျွန်တော်လည်း နာဇီအကျဉ်းစခန်းမှ လွတ်မြောက်လာသော ဂျူးတစ်ယောက်လို ဟင်းခနဲ သက်ပြင်းချနိုင်၏။ သို့သော် ထိုသက်ပြင်းပင် မဆုံးသေးခင် ဒေါ်တင်မိုးခိုင် ခြေလှမ်းတုံ့ခနဲ ရပ်သွားပြီး ကျွန်တော့်ဖက် လှည့်၍

'အော်. . . ပြောရဦးမယ်. . . ဟိုကမဟုတ်ဘူးဆိုရင် မောင်လေးဆီ ပြန်လာမှာနော်'. . . တဲ့။

ကျွန်တော့်ငယ်ထိပ် မြွေပွေးဆယ်ကောင်တက်ပေါက်၍ လမ်းကြိတ်စက်သုံးစင်း အကြိတ်ခံရသလို ခေါင်းနပမ်းကြီးသွားရ၏။ ဘာကို ဆုတောင်းလို့ ဆုတောင်းရမှန်းလည်း မသိတော့။

ခေါင်းညိတ်မိသလား ခေါင်းခါမိသလားဆိုသည်ပင် မပြောတတ်တော့။



BURMESE CLASSIC .com

www.burmeseclassic.com



သို့သော် ကျွန်တော်ကံကောင်းသွားပါသည်။ သိပ်မကြာခင် အချိန်အတွင်း အင်္ဂလိပ်စာ နောက်ဆုံးနှစ်ကျောင်းသား ကိုမြစိန်နှင့် မြန်မာစာနောက်ဆုံးနှစ်ကျောင်းသူ မတင်မိုးခိုင်တို့ လက်ချင်းချိတ်ပြီး မိုးမမြင်လေမမြင် လျှောက်သွားနေသော မြင်ကွင်းကို ကျွန်တော်ကိုယ်တိုင် မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရ၍ ဖြစ်သည်။

နောက်မှ ကျွန်တော်သိရသည်မှာ ကျွန်တော်အပျိုကြီး မတင်မိုးခိုင် ဆွဲခြင်းထဲထည့်လိုက်သည့် ရည်းစားစာမှာ အမှန်စင်စစ် ရည်းစားစာမဟုတ်ဘဲ ဖြိုးလေးနေမကောင်း၍ တိုင်လိုက်သော ခွင့်တိုင်စာ ဖြစ်နေခြင်းပင်. . . ။

ထို့ကြောင့် ထိုခွင့်တိုင်စာတစ်စောင်နှင့်သူတို့နှစ်ယောက် မည်သို့မေတ္တာမျှသွားကြောင်းကို ဘုရားသခင်နှင့် သူတို့နှစ်ယောက်သာ သိကြပေလိမ့်တော့မည်တည်း။

❖❖❖

BURMESE CLASSIC .com

www.burmeseclassic.com

(၅)

တနင်္လာဟု အမည်ခံထားသောနေ့။

မိုးသည် ခပ်သည်းသည်း မရွာသော်လည်း ခပ်မည်းမည်းအုံ့ဆိုင်း၍ တဖွဲဖွဲရွာကျနေပါသည်။ ချစ်သူလာမည့်လမ်းတွင် စောင့်နေပြီး ချစ်သူနှင့် တွေ့ရှိချိန် သပ်သပ်ရပ်ရပ်ဖြစ်အောင် ဦးခေါင်းမှ ခြေဖျားအထိ ကြော့ကော့နေအောင် ပြုပြင်ရသည်မှာ လွယ်လှသည်တော့မဟုတ်။ အခုလည်း ကြည့်လေ။ ခေါင်းထက်၌ မလိမ်းဘူးသော အုန်းဆီကို လိမ်းလိုက်ရာ လက်လွန်ပြီး ခေါင်းတစ်ခေါင်းလုံး ရွှဲကျနေသည့်အပြင် ခေါင်းကို ခဏခဏ လက်နှင့် သပ်မိ၍ လက်နှစ်ဖက်လုံးမှာပါ ချွဲပျစ်နေပြီ။ ဒီကြားထဲ မိုးရေကလည်း စက်လက် စက်လက်နှင့်။

ဘယ်သွားသွား ဘယ်လာလာ ဘယ်လိုရာသီဥတုမျိုး၌ မဆို ထီးမဆောင်းတတ်၊ မိုးကာ မခြုံတတ်၊ အနွေးထည် မဝတ်တတ်သော ကျွန်တော် တစ်ခါတလေတော့လည်း အခက်သား။ သို့သော် မတတ်နိုင်။ ယခုလိုအချိန်မျိုးတွင် ဘာကြီးဖြစ်နေဖြစ်နေ ချစ်သူမြင့်စန်းရီနှင့် တွေ့ရဖို့ အရေးကြီးသည်။

www.burmeseclassic.com



'ဟောလာပါပြီ' တောထဲလွှတ်လိုက်သော သမင်မလေးလို လန်းဆန်းတက်ကြွသော ချစ်သူကို ကြိုက်နှစ်သက်သော ထီးအနီလေးဆောင်း၊ လက်ဆွဲခြင်း အနီရောင်ကလေးဆွဲ၍ လာပါပြီ။ အဲ. . . သူတစ်ယောက်တည်းမဟုတ်။ သူ့ဘေးတွင် ဖြူဖြူဝဝ၊ ထိပ်ပြောင်ပြောင်နှင့် ရုတ်တရက်ကြည့်လျှင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ဥက္ကဋ္ဌ ဆတ်ဘလတ္တာနှင့် ရုပ်ချင်းခပ်ဆင်ဆင်၊ လူကြီးတစ်ယောက်ပါလာ၏။ ချစ်သူ၏ ဖခင်မှာ နိုင်ငံခြားရောက်နေသည်ဟု ကျွန်တော်သိထား၏။ ဒါဆို ဒီလူကြီးက ချစ်သူနှင့် ဘယ်လိုပတ်သက်နေပါလိမ့်။ ကျွန်တော့်အတွေးမဆုံးမီ. . .။

ကျွန်တော်နားလည်းရောက်ရော ချစ်သူ၏ မျက်ဝန်းပြူးကျယ်ဝိုင်းစက်သွား၏။ ပြီးနောက် ဟိုလူကြီးပါတယ်ဟူသော သဘောမျိုးနှင့် ထိုလူကြီးကို မျက်စောင်းထိုးပြ၏။ နောက် ကားဂိတ်ဆီသို့သွားပြီး ကားစောင့်နေကြ၏။ ကြည့်ရသည်မှာ ချစ်သူက ထိုလူကြီးကို ကြောက်နေရပုံ။

ကားဂိတ်တွင် ကားစောင့်နေရင်း ချစ်သူက ကျွန်တော့်ကို လှည့်ကြည့်လှည့်ကြည့်နှင့် ဘာပြောဖို့မှန်း မသိ။ ကျွန်တော်လည်း ဟန်ပါပါ လွယ်အိတ်ကို ပြောင်းလွယ်ကာ သူတို့နောက်နား မယောင်မလည် ကပ်သွားမိ၏။ လွယ်အိတ်ထဲမှ ဒီဇိုင်းလုပ်ရန် အမြဲဆောင်ထားသော ခဲ၊ ထောက်ဆူး၊ ကပ်ကြေးသံများကြောင့် လူကြီး မသင်္ကာသလိုကြည့်၏။ ကျွန်တော်လည်း မသိသလို ဟန်မျိုးနှင့် လေကလေးချွန် ဒူးကလေးနှန့်ပြီး တစ်ဘက်သို့ လှည့်လိုက်၏။ ထိုလူကြီးက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး တစ်ဘက်လှည့်သွားစဉ် ချစ်သူက နှုတ်ခမ်းကိုက်ပြ၏။ ကွယ် . . . ဒါမျိုးလေးလည်း လှတာပဲ. . .။

မကြာပါ. . . ကားကြီး တစ်စီးထိုးဆိုက်လာ၏။ အဲယားကွန်းဘတ်(စ်) အဝါပုတ်ရောင်ကြီး သူတို့နှစ်ယောက်ကားပေါ် တက်သွား၍ ကျွန်တော်လည်း မယောင်မလည် လိုက်တက်လိုက်သည်။ ကားပေါ်


www.burmeseclassic.com



ရောက်တော့ နှစ်ယောက်စလုံး ကျွန်တော့်ကို လှည့်ကြည့်ကြပြန်သည်။ ချစ်သူက ‘ဘာလိုက် လုပ်တာလည်း’ ဟူသော အံ့အားသင့်သည့် အကြည့် ‘ဟိုလူကြီးကတော့ ဒီကောင်ဘာသ ဘောလဲ’ ဟူသော မသက်ာသည့်အကြည့်။ ထိုအကြည့် နှစ်ခုလုံးကို ကျွန်တော် မသိချင် ယောင်ဆောင်၍ သူတို့အနောက်နား တမင် ဝင်ရပ်လိုက်သည်။

ထိုင်ခုံမရ၍ သုံးယောက်စလုံး မတ်တပ် ရပ်ပြီး စီးရသည်။ ကျွန်တော်လည်း အကြံ သမားမို့ ချစ်သူအနောက်နား ဝင်ရပ်လိုက် သည်။ ဟိုလူကြီးက မသက်ာသော်လည်း ဘာမှတော့မပြော။

**ခုနချစ်သူ၏ ဆံနွယ်စရှည်ရှည်အစား ရုတ်ချည်းနေရာပြောင်း ဝင်လာသော ထိပ်ပြောင်ပြောင် အော် ... သခေါ်ရ ဆိုတာ ဒါမျိုး ပဲလား**



ကား၏ လျှင်မြန်သော အရှိန်ကြောင့် ဝေ့ခနဲတက်လာသော ချစ်သူ ဆံနွယ်စ။ ကျွန်တော်လည်း ရရှိသော အခွင့်အရေးကို လက်လွှတ်မခံဘဲ ချစ်သူ၏ ဆံနွယ်စ မွှေးမြမြကို အမှတ်တမဲ့ ခိုး၍နမ်းရှိုက်လိုက်သည်။

‘ဟတ်ချိုး’

အရှိုက်လွန်သွားပြီး ချစ်သူ၏ ဆံနွယ်စ နှာခေါင်းထဲဝင်ပြီး နှာချေမိ ခြင်းပင်။ ဟိုလူကြီး ကျွန်တော့်ကို ဝေ့ကြည့်ပြီး ချစ်သူကို ‘ဒီဘက်လာစမ်း’ ဟု ဆို၍သူနှင့် နေရာချင်း လဲလိုက်၏။ အော်. . . အခုတော့ အခွင့် အရေးတစ်ခုတော့ ဆုံးရှုံးပြန်ပြီ။ ခုနချစ်သူ၏ ဆံနွယ်စရှည်ရှည် အစား ရုတ်ချည်း နေရာပြောင်း ဝင်လာသော ထိပ်ပြောင်ပြောင် အော် . . . သခေါ်ရဆိုတာ ဒါမျိုးပဲလား။ ‘အောင်မာဗွေနှစ်လုံးနဲ့’ . . . စိတ်က အင်မတန်ကြီးမယ့် လူမျိုး။ ထိုစဉ် ကားကဘရိတ် ဆောင့်အုပ်လိုက်၍



BURMESE CLASSIC .com

www.burmeseclassic.com





ကျွန်တော့်ခန္ဓာကိုယ်ယိုင်သွားပြီး ဟိုလူကြီး၏ ငယ်ထိပ်ပြောင်ပြောင်ကို နမ်းမိမလိုဖြစ်သွား၏။

လေဟပ်သွားသောသူ့ငယ်ထိပ် အထိအတွေ့ကြောင့်ထင်သည်။ လူကြီးကျွန်တော့်ကို ဝေ့ကြည့်၏။ ကျွန်တော်လည်း မသိချင်ယောင်ဆောင်ကာ တစ်ဘက်သို့လှည့်၍ လွယ်အိတ်ကို ရှေ့သို့ပြောင်းလွယ်လိုက်သည်။

ချစ်သူ မြင့်စန်းရီ သဘောကျသလို ပြုံးနေသည်ကို အမှတ်မထင်တွေ့လိုက်ရသည်။ ဟိုလူကြီး မကျေမနပ်နှင့် ပြန်လှည့်သွားသည်။ ထိုစဉ်ကားက ဘရိတ်ကျွိခနဲ ဆောင့်အုပ်လိုက်ရာ အမှတ်မထင်မို့ ဆီးရွဲနေသော ကျွန်တော့်လက်များ ကိုင်ထားသော လက်တန်းမှ ဟန်ချက်ပျက်ချော်ထွက်သွားပြီး ကျွန်တော့်တစ်ကိုယ်လုံး ထိုလူကြီးကို အရှိန်ပြင်းစွာ ဝင်တိုးမိရာ. . .။

'အား'

ထိုသူ့ထံမှ ထွက်ပေါ်လာသော အသံနက်နက်၊ အော်သံပြာပြာ၊ အော်သံဝါဝါ၊ အော်သံရောင်စုံ။

မျက်နှာကြီးနီသွားသည်။ ပြာလာသည်။ စိမ်းသွားသည်။ ဖြူလာသည်။ အသားများ တဆတ်ဆတ်တုန်လာသည်။ နောက်မှာသူနှင့် ကျွန်တော့်ကြားတွင်း ရှိနေသော လွယ်အိတ်ကို ဆက်ခနဲ တွန်းဖယ်လိုက်ရာ



BURMESE CLASSIC .com

www.burmeseclassic.com



"ဟင်"

လွယ်အိတ်ထဲမှ ချွန်ထွက်နေသော လက်တစ်သစ်ခန့် ထောက်ဆူး။ ဟိုလူကြီး၏ တင်ပါးပျော့ပျော့ . . .။

ဟိုက်. . . ကျွန်တော်ဒေါက်တာဖြစ်သွားပြီ။ အဲ. . . ကျွန်တော် ဒေါက်တာဆိုတော့ ဟိုလူက လူနာပေါ့။ ဟုတ်လည်း ဟုတ်သည်။ ဟိုလူ နာသွားပြီ. . .။ မည်မျှနာသွားသည်တော့ မသိ။ မျက်နှာကို ရှုံ့မဲ့၍ တင်ပါးကို ပွတ်နေပုံများ ဆေးထိုးကြမ်းသော နာ့စ်မနှင့် တွေ့ခဲ့ပုံမျိုး။ အတန်ကြာမှ ကျွန်တော့်ဘက် လှည့်ပြီးဒေါသတကြီးနှင့်

'ဟေ့ကောင် မင်းဘယ်လို လုပ်တာလည်း'

'မစိုးရိမ်ပါနဲ့ ကောင်းသွားမှာပါ။'

ကျွန်တော်ပါးစပ်ကလည်း နောက်တတ်ပြောင်တတ်သည့်အကျင့် စွဲနေသည်မို့ ဘာမဆိုင်ညာမဆိုင် စကားလုံး သူ့အလိုလို ထွက်သွားရ၏။

'ဘာကွ'

'ဒါက တစ်ခါသုံးအပ်ပါ။ ဓါတ်ဆီလောင်း မီးကင်ထားပြီးသားမို့ ရောဂါကူးမှာ မဟုတ်ပါဘူး'

အလိုပါးစပ်က ဘာတွေ သူ့အလိုလို ထွက်နေပါလိမ့်။ ကျွန်တော့် စကားကြောင့် ဟိုလူကြီး ဒေါသပိုထွက်သွားပြီး 'ဟေ့ကောင် မင်းငါ့ကို နောက်နေတာလား'ဟူ၍ ကြုံးအော်သည်။ ထိုတော့မှ ကျွန်တော်လည်း လန့်သွားပြီး

'မ . . မနောက်ရပါဘူး လူနာရယ်. . . '

'ဟေ့ကောင်. . . ငါလူနာမဟုတ်ဘူးကွ၊ ငါတယ်'. . .။

'အို . . . မလုပ် . . . မလုပ်နဲ့လေ . . . အစ်ကိုကြီး'

ရှုန်းရင်းဆန်ခတ်ဖြစ်တော့မည့် အခြေအနေမို့ ချစ်သူ မြင့်စန်းရီ ကြားဝင်တားသည်။ နောက် ကျွန်တော့်ဘက်လှည့်ပြီး. . .



BURMESE CLASSIC .com

www.burmeseclassic.com



'ကဲ. . . စောကြည်ဖြူ. . . ကျွန်မကို သနားရင် ရှင်ကားပေါ်က ဆင်းသွားပါတော့'။

ချစ်သူ၏ အသနားခံစကားကြောင့် ကျွန်တော် ခံပြင်းသွားသည်။ ကြည့်စမ်း ချစ်သောမြင့်စန်းရီက ဟိုထိပ်ပြောင်ကျတော့ အစ်ကိုကြီးတဲ့. . . ကျွန်တော့်ကိုကျတော့. . .။

ကားက 'ကျွီ'ခနဲထိုး ရပ်သွား၏။ ကျွန်တော်လည်း ဘာမှ ဆက်မပြောတော့ဘဲ ကားပေါ်က ဆင်းသည်။

အော်. . . ကားက မီးပွိုင့်မိသွားတာကိုး။

ကျွန်တော်အောက် ရောက်သည်နှင့် ချစ်သူတို့ စီးသွားသော ကားဝူးခနဲ မောင်းထွက်သွား၏။ မီးစိမ်းသွား ပြီလေ. . .။ သိပ်မကြာမီ BM ကားကြီးတစ်စီး မီးပွိုင့်မိပြီး ကျွီခနဲ လာရပ်ပြန်သည်။ ကျွန်တော်လည်း ဆက်စဉ်းစား မနေဘဲ ထိုကားပေါ် ထပ်တက်လိုက်သည်။



'တောက်' . . .။ စဉ်းစားကြည့်စမ်း . . . ချစ်သူ၏ ရှင်ဆင်းသွားပါ တော့ဟူသော စကားသံသည် လူတစ်ယောက် မည်မျှထိခိုက်စေမည်ကို မည်သူမဆို ဒီလိုအချိန်မျိုး၌ ဒီစကားမျိုးကြားပါက အနည်းနှင့် အများတော့ ထိခိုက်ကြေကွဲခံစားရပေမည်။ ကျွန်တော့်လို ထိလွယ်ရှလွယ်ကောင် အတွက်



BURMESE CLASSIC .com

www.burmeseclassic.com



ကတော့ ပြောမနေနှင့်တော့။ တွေးရင်းတွေးရင်း မျက်ရည်များပင် ရစ်ဝိုင်းလာခဲ့လေသည်။

အော်. . . ဘဝ. . . ဘဝ. . . ရတောင့်ရခဲတိုတောင်းသော လူ့ဘဝကလေးမှာ ရတောင့်ရခဲ အချစ်တစ်ခုနှင့် လွဲခဲ့ရသည့် ကျွန်တော် အသက်ရှင်ဖို့တောင် ကောင်းပါတော့မည်လား. . .။ အချစ်ဆိုသည်မှာ လွယ်လွယ်ကူကူ မရနိုင်မှန်းတော့ ကျွန်တော်သိပါသည်။ သို့သော် ဤမျှလောက် သဘာဝမကျသော ကုသိုလ်ကံမျိုးနှင့် ကြုံရလိမ့်မည်ဟုတော့ ဘယ်တော့မှ မစဉ်းစားခဲ့မိ. .။ အော်. . . အခုတော့လည်း အချိန်တန်လို့ လမ်းခွဲ အိမ်ပြန်ရတာများလားကွယ်. . .။ လမ်းခွဲအိမ်ပြန်ရတာလား. . .။

ဝေ့တက်လာသော မျက်ရည်များကို လူမသိအောင် လက်မောင်းရင်းနှင့် ပင့်သုတ်ပြီး ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။

'ဟင်'

ကားက ကျွန်တော်မသိသော နေရာတို့ကို ဖြတ်သန်းဦးတည်လို့. .

'ဘယ်ကိုသွားနေတာ ပါလိမ့်'

ကျွန်တော်ရှေ့ထိုင်ခုံတွင် ထိုင်နေသော မိန်းမကြီးတစ်ဦးကလည်း နီရဲမို့အစ်သော မျက်ဝန်းအစုံနှင့် ကျွန်တော့်ကို ငေးကြည့်နေရှာသည်။ ကျွန်တော်လည်း အနည်းငယ် နားမလည်နိုင်စွာဖြင့်. . .။

'ဒီကား ဘယ်ရောက်လဲဟင်'

ကျွန်တော့်၏ အမေးကို မိန်းမကြီးက ပါးစပ်နှင့်မဖြေဘဲ ကားမှန်ကိုသားလက်ညှိုးညွှန်ပြ၏ ကားမှန်ပေါ်ရေးထားသည်မှာ. .

"ဦးဘမှန် (၆၈) နှစ်"

"ရေဝေးသုဿာန်သို့"တဲ့

ကွယ်. . . ကျွန်တော့်ကိုပါ သင်္ဂြိုဟ်လိုက်ပါတော့။

❖ ❖ ❖

www.burmeseclassic.com



ကျွန်တော်ကားပေါ်က ဆင်းဖို့လုပ်တော့ ကားက သုသာန်ထဲသို့ ကွေ့ဝင်နေပြီ. . .။

ကျွန်တော်လည်း ဘာမှမတတ်နိုင်တော့ဘူး။ ဒီက ပြန်ထွက်ဖို့က လည်း လမ်းမ ရောက်အောင် မနည်းပြန်လျှောက် ရပေတော့မည်။

မထူးတော့ပါဘူးလေ။

ဟု စိတ်ကူးမိပြီး၊ ဒီအတိုင်းသာငြိမ်ပြီးလိုက်သွားလိုက်သည်။ မျက် ရည်ကတော့ ဝေ့သီလျက်ပေါ့ မြင့်စန်းရီ။

ကားထိုးရပ်လိုက်သည်နှင့် ကားပေါ်မှ မျက်ရည်လည်ရွဲနှင့် မိန်းမ များ၊ ယောကျ်ားများ၊ လူအများဆင်းသွားကြသည်။ ကားပေါ်မှာ ဖုန်းမောင်တစ်ယောက်တည်း အဖော်ကွဲလို့။

ကားဆရာကြီးက ကျွန်တော့်ကို အံ့အားသင့်သလို ဝေ့ကြည့်သည်။ ကျွန်တော်လည်း မျက်ရည်အဝဲသား ကြေကွဲသော မျက်ဝန်းအစုံနှင့် ပြန် ကြည့်မိသည်။

ကားဆရာက ခေါင်းကို ဖြည်းညှင်းစွာ ယမ်းခါပြီး

'ကောင်လေး လူမှားနေပြီ။ ဆုံးသွားတဲ့လူကဟိုမှာ ငါက ပက်လက် ကြီးရှင်လို့'. . . .

ကားဆရာက သူ့ကိုကြည့်ပြီး ဖက်ငိုမည်မှတ်၍လားမသိ။ အသုဘ ဘက် မေးငေါ့ပြပြီး ပြောသည်။ ကျွန်တော်လည်း ထိုတော့မှ သတိရသွား ပြီး. . .

'ဟုတ်ပါတယ်. . . ကားမသာရယ်. . အဲလေ. . ကားဆရာရယ်'

ဟု ဆိုပြီး ကားအောက်သို့ ဆင်းမိ၏။

ကားအောက်ရောက်တော့လည်း ဘယ်သွားရမှန်းမသိဘဲ ယောင် ပေယောင်ပေနှင့် ဖြစ်နေသည်။

www.burmeseclassic.com



မထူးပါဘူးလေ။

ထပ်မထူးပြီးနောက် ကျွန်တော် အသုဘပို့လူများကြားထဲတိုး၍ ဝင်ထိုင်နေလိုက်သည်။ ကျွန်တော်တိုးဝင်လိုက်သည့် နေရက အနောက်လည်းမကျ အရှေ့လည်းမရောက် အလယ်ခေါင်တည့်တည့်ကြီး။

ကျွန်တော့်ပတ်လည်တွင်လည်း တရှုံ့ရှုံ့ငိုကြွေး နေကြသော မိန်းမကြီးများ. . .

မျက်ရည်လွယ်တယ်လို့ပဲ ပြောလိုက်ပါတော့ မြင့်စန်းရီ။ ဤကဲ့သို့ ကြေကွဲနေကြသော လူအများကြားနေကာ အသည်းကွဲနေတဲ့ ကျွန်တော် မျက်ရည်ကျမိတာ သိပ်တော့ မဆန်းပါဘူးနော်။

'အဟင့်'ခနဲ ရှိုက်သံနှင့်အတူ သူ့နားကမိန်းမကြီးက သူ့မျက်ရည်နှင့် လိမ့်ကျလာသော နှပ်များကို သူ့ထဘီအောက် အနားစနှင့် ပင့်သုတ်သည်။ ထိုမိန်းမကြီးကိုကြည့်ပြီး ဘာမဆိုင် ညာမဆိုင် အမေကို သတိရမိ၏။

အော်. . . အမေ. . . အမေ အမေငိုလျှင်လည်း ထိုကဲ့သို့ အကျင့်ရှိကြောင်း သူသတိရမိ၏။ ဤနေရာတွင် အမေသာဆုံးခဲ့လျှင် သူမည်သို့ ငိုကြွေးမိမည်နည်း။ အို မဆီမဆိုင် အမေက ဘာလို့ဆုံးရမှာလည်း အမေက မာတာမှကို တင်းလို့။ ဒါပေမယ့် သင်္ခါရဆိုတာတော့ ပြောလို့မရပါဘူးလေ။ ကွေးသောလက်မဆန့်မီ ဆန့်သောလက်မကွေးမီ ကုသိုလ်ကံက ပြောင်းလဲနိုင်သည်ပဲ။ အခုဆုံးသွားသည့် ဦးဘမှန်ဆိုသော လူကြီးကို ကြည့်ပါလား။ အသက်ကြီးမှ ရောဂါနှင့် အေးအေးချမ်းချမ်း ဆုံးရသည် မဟုတ်ဘဲ အိမ်မှာနေရင်း ရေနွေးကျို ဖို့ မီးဖိုအဖွင့် ဓာတ်လိုက်ခံရပြီး ဆုံးခဲ့ရ သည်တဲ့။ အမေရော. . . အမေ။ သူက အိမ်မှာ နေ့တိုင်းထမင်းချက်တာဝန်ယူထားတဲ့လူ။ ဒီလို ကံကြမ္မာမျိုး မကြုံရဘူးလို့ မည်သူ အာမခံမည်နည်း။ ဤကဲ့သို့ ကြုံခဲ့လျှင် ကျွန်တော်မည်မျှ ခံစားရမည်နည်း။

www.burmeseclassic.com



မည်သူမဆို အမေနှင့် ပတ်သက်လျှင် ခံနိုင်မည်မဟုတ်။

တွေးရင်းတွေးရင်း မျက်ရည်များ ဝေ့တတ်လာသည်။ 'အော်. . . အမေ. . . အမေ' စဉ်းစားရင်း စဉ်းစားရင်း နှစ်ပေါင်းများစွာ (ဘယ်ထဲက) ကိန်းအောင်း နေမှန်းမသိသော ချော်ရည်တချို့ နှာခေါင်းတွင်းမှ ပျော့တောက်တောက်ကြီး စီးဆင်းခဲ့၏။

အော် . . . အမေ. . အမေ။ ကျွန်တော့်ကို တစ်သက်လုံး အလိုလိုက်ခဲ့ အမြဲတမ်းပြုံးရယ်နေခဲ့သော အမေ ဤကဲ့သို့ ကံကြမ္မာမျိုးနှင့် ကြုံခဲ့လျှင် ကျွန်တော်မည်သို့ ခံစားရမည်နည်း။ ကျွန်တော်မည်သို့ ငိုကြွေးမိမည်နည်း။

အော်ကြည့်စမ်း။

'အောင်မလေး အမေရဲ့'

'အယ်'

ယောင်ပြီး အော်ကြီးဟစ် ကျယ်ထွက်သွားသော အောင်မလေး အမေရဲ့ အော်သံကြောင့် ကိုယ့် Feel နှင့်ကိုယ် တရှုံ့ရှုံ့ငိုကြွေးနေကြသော လူအားလုံး သူ့ကိုဝေ့ကြည့်ကြသည်။ ကျွန်တော်လည်း ရုတ်တရက်မို့ ရှက်သွားပြီး။

'ဘွာတေး . . . အဲလေ . . . ဆောရီးနော် . . . ဆောရီး' ဟုဆိုပြီး ပေကျံနေသော မျက်ရည်နှင့် နှပ်များကို တစ်ပေါင်းတည်း ပေါင်းသုတ် လိုက်မိ၏။ (စီးကပ်ကပ်တော့ဖြစ် တာပေါ့နော်) လူအားလုံး ကျွန်တော့်ကို အထူးအဆန်းသဖွယ် ငေးကြည့်နေကြသည်။ ကျွန်တော်လည်း အားနာစွာ အားလုံးကို ခပ်ဖွဖွကလေး ပြုံးပြလိုက်သည်။

'အဟီး'


ကျွန်တော့်ရဲ့ အသက်ပါလှသော အပြုံးကြောင့် ငိုနေသူအားလုံး ပြုံးရမလို မဲ့ရမလို ဖြစ်သွားကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com





အော်. . . ငိုတာတောင် ဆောရီးပြောငိုရသည့်ဘဝ ဘာများ ကောင်းတော့မည်နည်း မြင့်စန်းရီ။

အချစ်အတွက် . . . . ဘဝအတွက် ခံစားချက်တွေအတွက် ဖွင့်ထွက်လာတဲ့ ငါ့ရဲ့ မျက်ဝန်းပေါ် တိမ်တစ်အုပ်ဝတ်ရည်များကို သယ်ဆောင်၍ လွင့်ပျံတက်ခဲ့တာ ဘာများမှားခဲ့လို့ ပါလိမ့်။ မကုန်ဆုံးသေးတဲ့ မျက်ဝန်းစိမ်းစိမ်း အောက်ကျ ကျန်ရစ်ခဲ့ရတဲ့ ငါ့ရဲ့စကားလုံး တချို့က စီးစီးပိုင်ပိုင် မရှိနိုင်ခဲ့တာက ဘာ များမှားခဲ့ပါသလဲ ချစ်သူ။

စိုစိုလတ်လတ်ကြီး တောက်ပနေသောငါ့ရဲ့ မျက်ရည်တွေဟာ ဘယ်သူ့အတွက်များပါလိမ့်။ ငါ့ရှေ့မှာ လောကခံရှစ်ပါးကို လုလုကြီး ဖြတ်ကျော်ပြီး ဆန့်ဆန့်ကြီး လဲလျောင်းနေသော ငါနဲ့ဘာမှ မတော်စပ်တဲ့ ဟောဟို ချုပ်ငြိမ်းနေတဲ့ ခန္ဓာကိုယ်ကြီးလား။ မဖြစ်နိုင်တာ။

ထီးနီနီကို လေထဲဒရွတ်တိုက်ဆွဲလွဲသွားတတ်တဲ့ မြင့်စန်းရီဆိုတဲ့ ကောင်မလေးကြောင့်ဆိုရင်တော့ ရေဒီယိုက မလွဲတမ်း ထုတ်လွှင့်တတ်တဲ့ သီချင်းကလေးနဲ့ အလွမ်းတချို့ပါ လွမ်းစရာကောင်း သွားလောက်ရဲ့။

ဝေ့တက်လာသော မျက်ရည်နှင့် စီးကျလာသော နှပ်တို့ကို တစ်ပြိုင်တည်း ညှစ်ချလိုက်မိသည်။ မျက်နှာကတော့ တကယ် ငိုနေသလို သွားကြီး ဖြဲပြီး မဲ့ရှုံ့နေမှာ သေချာ၏။ လွမ်းလွန်းလို့ပေ့ါချစ်သူ။ ချစ်သူရဲ့



BURMESE CLASSIC .com

www.burmeseclassic.com



**"အချစ်အတွက်
ဘဝအတွက်ခံစားချက်တွေအတွက်
ဖွင့်ထွက်လာတဲ့
ငါ့ဗျက်ဝန်းပေါ်
တိမ်တစ်အုပ်
ဝတ်ရည်များကို
သယ်ဆောင်၍
လွင့်ပျံတက်ခဲ့တာ
ဘာများမှားခဲ့လို့ပါလိမ့်"**

ကဏ္ဍကောစ စကားလေး တစ်ခွန်းကိုတောင် ခံနိုင်ဖို့ ငါ့ရဲ့ခံစားချက်တွေ နုနယ်လွန်းလို့ပ။ ဒီလောက်ခံစားတတ်လွန်းတဲ့ငါ။ တစ်ချိန်ချိန်မှာ ချစ်သူနှင့် မကွေကွင်းဘူးလို့ မည်သူ အာမခံနိုင်မည်နည်း။ အဲဒီအချိန်မှာ ငါဘယ်လို ခံစားရ၍ ငါဘယ်လိုငို ကြွေးခဲ့မည်နည်း။ 'အောင်မလေး'လို့ အော်ငိုမိမည်လား၊ ဒါဆို အော်ကြည့်စမ်း . . .

'အောင်မလေး ချစ်သူရဲ့ . . . ဟင် . . .'

ထွက်ပြန်ပြီ . . . ဒီပါးစပ်က ကျွန်တော့်၏ အောင်မလေး ချစ်သူရဲ့ အော်သံကြောင့် ငိုကြွေးခြင်း အပေါ် အာရုံရနေကြသော လူအားလုံး အံ့သြတကြီး ဝေ့ကြည့်ကြပြန် သည်။ ကျွန်တော်လည်း ထိုတော့မှ မှားပြန်ပြီ မှန်းသိသွားပြီး အားလုံးကို မျက်ရည်များကြား အားတင်း၍ မဲ့ရှုံ့ရှုံ့ ပြုံးလိုက်ပြီး

"ကန်တော့နော်. . . ကန်တော့. . ဟိုလွမ်းကောင်းကောင်းနဲ့ လွမ်းနေလိုက်တာ . . . အဲဒါ . . . ဟိုလေ အဟီး"

ကျွန်တော့် စကားမဆုံးခင်မှာပင် အလောင်းနား ကပ်ထိုင်ပြီး တရှုံ့ရှုံ့ငိုကြွေးနေသော မိန်းမကြီးမှာ 'ဝါး'ကနဲ ငိုချလိုက်ပြီး။

'အောင်မလေး ကိုဘမှန်ရဲ့ ရှင်နဲ့ ကျွန်မပေါင်းလာတာ နှစ်ပေါင်း လေးဆယ်ကျော်ပါပြီ။ ဒီလိုမျိုးယောကျ်ားအချင်းချင်း ဖောက်ပြန်လိမ့်မယ်



BURMESE CLASSIC .com

www.burmeseclassic.com



လို့ ဘယ်တုန်းကမှ မထင်ခဲ့ပါဘူး။ အခုတော့ . . . အခုတော့ ဟီး’. . .

ကျွန်တော့်ကို မျက်စောင်းတစ်ထိုးထိုးနှင့် ငိုလည်းငို ပြောလည်းပြောသော မိန်းမကြီး၏ အသံကြောင့် ကျွန်တော် ဘာပြောရမှန်းမသိဖြစ်သွား ရသည်။ ‘တောက် အရှက်တော့ ဟက်တက်ပဲ။’ ဘယ်လို ဖြေရှင်းပြရမှန်းလည်း မသိနိုင်တော့။ ကိုယ်ကိုယ်တိုင်က ငိုပြီးနေပြီ။ ထပ်ရှင်းပြနေရင်လည်း ပိုရှုပ်ကုန်မည်။ အသုဘလာပြီး ရည်းစားလာ လွမ်းနေရလားဆိုပြီး။

ထိုစဉ်. . ‘ကဲ သင်္ဂြိုဟ်ဖို့အချိန်နီးကပ်နေပြီမို့ အားလုံး သေသူကို နောက်ဆုံးအနေနှင့် ကြည့်ချင်ကြည့်ကြပါ။’ အော်သံ ကြားရ၏။ ထိုအော်သံကြားမှ ကျွန်တော် သက်ပြင်းကို ဟင်းခနဲချနိုင်၏။

ထိုအသံကြောင့် ငိုကြွေးနေကြသူအားလုံး ဖြည်းလေးစွာ ထ၍ အလောင်းနား ပတ်သွားကြသည်။ ကျွန်တော်လည်း ဘာရယ်မဟုတ် မတ်တပ်ထရပ်၍ ထိုလူများအနောက်ပတ်လိုက် သွားမိ၏။

တစ်ယောက်ပြီးတစ်ယောက် သေသူကို နောက်ဆုံးအနေနှင့် ကြည့်ပြီး တရွေ့ရွေ့နှင့် ထွက်ခွာသွားကြ၏။ ကျွန်တော့် အလှည့်ရောက်တော့လည်း ဘာရယ်မဟုတ်သေသူကို အသေအချာကြည့်မိ၏။ အော် . . . နောက်ဆုံးကြည့်ခြင်းတဲ့လား။ ဒီတစ်ခါကြည့်ပြီးရင် ဒီလူဟာ လူ့လောကထဲက ပျောက်ကွယ်သွားတော့မှာပေါ့။ ကျွန်တော် အသေအချာကြည့်မိ၏။ အသက်ရှင်ကာလ တစ်ခါမှ မတွေ့ဘူးခဲ့သော ထိုလူကြီးကို သေဆုံးချိန်မှ ကြည့်မိသော်လည်း တစ်ယောက်ယောက်နှင့် တူနေသလို မျက်မှောင်ကျုံ့၍ အသေအချာ ထပ်ကြည့်သည်။

‘ဘယ်သူနဲ့တူနေပါလိမ့်။ ဟုတ်တယ်၊ ရင်းရင်းနှီးနှီးကို တူနေတယ်’ ကျွန်တော့်နောက်မှာတော့ အလှည့်ကျလျှင် သေသူကို နောက်ဆုံးအနေ



BURMESE CLASSIC .com

www.burmeseclassic.com



နှင့် ကြည့်ရှုရန် စောင့်နေသူက တစ်တန်းကြီး ထိုသူများကို ဂရုမစိုက်နိုင်ဘဲ သေသူကို အသေအချာစိုက်ကြည့်နေမိ၏။

ဘယ်သူနဲ့တူနေတာလည်း စဉ်းစားစမ်း။ စဉ်းစားစမ်း။

ဟုတ်ပြီ။ သိပြီ။ ကျွန်တော့်အတွေးထဲ လက်ခနဲ ဖြစ်သွား၏။ အဖြေရသွား၍ ဝမ်းသာသွားမိ၏။ ဟုတ်တယ်။ ဟိုကောင်နဲ့ တူနေတာ။ ဟိုကောင်ဆိုတာ

'အိုင်လပ်(ဖ်)ယူ'

သူ့နှုတ်ဖျားမှ ဝမ်းသာအားရထွက်သွားသော အသံကြောင့် အားလုံးသူ့ကိုအံ့သြတကြီး ဝေ့ကြည့်ကြသည်။ သူလည်း ထပ်မှားပြန်ပြီမှန်း သိ၍ မည်သို့ဖြေရှင်းရမည်မသိဘဲ ကြောင်ငေးမိနေစဉ် ဝါးခနဲ ငိုသံနှင့်အတူ ကြားလိုက်ရသော အသံပြာကြီးက

'အောင်မလေး ကိုဘမှန် ရှင်ကြားရဲ့လား. . . ဟင်. . . ရှင့် မျက်နှာကြီး စိမ်းစိမ်းကြီးကြည့်ပြီး အိုင်လက်(ဖ်)ယူတဲ့ ရှင်ကြားရဲ့လား. . . ရှင့်ယောကျ်ားလား မိန်းမလားမသိတဲ့ကောင်က ပြောသွားတာ။ ရှင်ရက်စက်လိုက်တာ ကိုဘမှန်ရယ်။ ဒီလိုမှန်းသိရင် ရှင်ဟိုတစ်ခါ ဆေးရုံတင်ထားကတည်းက ပစ်ထားပါတယ်တော်။ အခုတော့ ကျုပ်ပါ အသက်ကြီးမှ ဆေးသွားစစ်ရမယ့်ပုံမျိုး ဖြစ်နေပြီ။ အရပ်ကကြားလို့မှ မသင့်တော်ရှင် . . . ဟီး'

ဟုဆို၍ ရပ်(ပ်)ပါ (Rapper) များက 'က' သလို သူ့ကို လက်ညှိုးစုံထိုး၍ အော်ကြီးဟစ်ကျယ်နှင့် ငိုနေသော ဟိုမိန်းမကြီး။

ငိုသည်။ နှပ်ညှပ်သည်။ လက်ညှိုးကို ဘယ်ညာစုံထိုး၍ ပြန်ပြောသည်။

'ဟင်. . . မသေခင်လေးမှာတင် လခပျောက်တယ်၊ ပျောက်တယ်နဲ့. . .။ မေးလိုက်ရင် ပျောက်ရင်ငါက ဘယ်မရင်ငယ် (မယားငယ်) သွားပေးရမှာတုန်း ပျောက်လို့ပျောက်တယ်ပြော တာဆိုပြီး မှင်ကောင်း



BURMESE CLASSIC .com

www.burmeseclassic.com



ခဲ့တဲ့လူကြီး . . . ကဲ . . . အခုတော့ အိုင်လပ်(ဖ်)ယူတဲ့ ကဲ. . . မဆတ်ဆော့ထားရင် ဘယ်သူက လာပြောမှာလဲ သေနာကြီးရဲ့ . . .

ဟော . . . ပွဲကတော့ ကြမ်းကုန်ပြီ။

'ဟိုတစ်ခါ. . . အိမ်ဖော်ကောင်မလေးနဲ့ ဖြစ်တုန်းကလည်း အော် . . . ဘုရားဒကာကြီး အရှက်ကွဲလိမ့်မယ်လေဆိုပြီး ကျွန်မပဲ ရေငုံနှုတ်ပိတ်နေခဲ့တာ။ အခုတော့ မနေနိုင်တော့ဘူးတော်ရေ့ . . . အီး'။

'ဟိုက်'. . . ပေါ်ကုန်ပြီ။ ထိုမိန်းမကြီး ငယ်ကျိုးငယ်နာတွေ ဖော်ကုန်ပြီ။ ကျွန်တော်လည်း ဝင်ရောက်ရှင်းပြရန် မည်သို့မျှ မစွမ်းသာသည်မို့ ထပ်မံအရှက်မကွဲရန် ကွဲပြီးသား အရှက်ကို အသာထုတ်ပိုးသိမ်းဆည်းရင်း ကိုယ်ကိုရို့ မျက်နှာကိုကျို့ပြီး အသာအယာ ကပျာကယာ ထထွက်ခဲ့မိလေတော့၏။ သို့သော် ထိုမိန်းမကြီး၏ 'ဟင် ရုပ်ကြည့်တော့ ပုတီးပဲထစိပ်တော့မလို၊ တောပဲထွက်တော့မလိုနဲ့။ လမ်းထိပ်ကွမ်းယာသည်မနဲ့ တုန်းကတစ်ခါ၊ ရှင့်အကျင့်တွေက ရှင်နဲ့တွဲတဲ့ ကိုဆန်းအတိုင်းပါပဲတော်. . .

ဟူသော အသံက ကျွန်တော့်နောက်ကပ်ပါလာ၏။

သုဿာန်အဝသို့ရောက်မှ အသက်ကို ခပ်ပြင်းပြင်းရှုရန် ခေါင်းကို အမော့။

'ဟင်'

သူ့ကိုပြုံးပြီး ကြည့်နေသော ကားဆရာကြီး-

'ငိုလို့ကောင်းလား ညီလေး. . .။'

ကျွန်တော်လည်း စိတ်ရှုပ်နေချိန်မို့

'ခင်ဗျားဆုံးရင် ဧရင်ပါကျူးပေးမယ်'

ဟုဆိုပြီး ထိုသူ့ကို ကျော်ထွက်လာခဲ့လေတော့၏။ ထိုသူ၏ မကျေမနပ်ရေရွတ်သံလား၊ ကျေကျေနပ်နပ် ခံယူသံလားမသိ ကြားရ၏။

❖ ❖ ❖

www.burmeseclassic.com





လျှောက်စမ်း . . .

တစ်ယောက်တည်းလျှောက်စမ်း

မိုးကတော့ မစဲသေးပါဘူး. . လျှောက်စမ်း

ကိုယ်နဲ့မသိတဲ့လူတစ်ယောက်ရဲ့ ပျက်ယွင်းနေတဲ့ ခန္ဓာကိုယ်ကို ကြည့်ပြီး

အိုင်လပ်(ဖ်)ယူလို့ ပြောရတဲ့ကောင် လျှောက်စမ်း. .

မင်းကို ဘယ်ကားက တင်ခေါ်တော့မှာလည်း လျှောက်စမ်း. .

မင်းတစ်ယောက်တည်း မိုးသဲသဲမဲမဲကြား လျှောက်စမ်း. .

မင်းလမ်းလျှောက်ရတာ သဘာဝကျတယ်။

'ပြောင်းဖူးပြုတ်'. . .

အေးအဲသည်လို မင်းရှေ့မှာ အော်သွားတဲ့ ပြောင်းဖူးပြုတ်သည် ပြောင်းဖူးပြုတ်လို့ အော်သွားသလိုပေါ့။ ဒါပေမယ့် သူက မင်းရှေ့မှာ ကော့ပက်ကော့ပက်နဲ့ ရင်ချီပြီး လျှောက်သွားလို့ရတယ်။ မင်းက ပြောင်းဖူးပြုတ်သည်လောက်မှ ခေါင်းမမော့နိုင်တဲ့ကောင် . . . လျှောက်. . .။

'ရှိ. . .'။

'ဖတ်ဖတ်. . .'

'ခလွမ်း၊ ဂလုံ။'



BURMESE CLASSIC .com

www.burmeseclassic.com



လက်ထဲရောက်လာသည့်ပြောင်းဖူးနှစ်ဖူး။ ပြုတ်ကျသွားသော ပြောင်းဖူးတောင်း။ ဘာမဆိုင်ညာမဆိုင် စလစ်ဖြစ်ပြီး ဝင်အတိုးခံရတဲ့ ပြောင်းဖူးသည်။ ပြောင်းဖူးနှစ်ဖူးကို ဘီလူးသံလျက် ကိုင်ထားသလို လက်နှစ်ဖက်မှာ မြဲမြဲမြံမြံဆုပ်ကိုင်ထားသော ကျွန်တော်။

'လျှော်. . '

ပြောင်းဖူးသည်ထံမှ တစ်လုံးတည်းထွက်ပေါ်လာသော အသံ။ ဒါပေမယ့် အဓိပ္ပာယ်အပြည့်အစုံပါ၏။

'ဟုတ်. . . '။



ကိုယ်ကလည်း တစ်လုံးထဲဖြင့် အဖြေပေးလိုက်သည်။ ဒါပေမယ့် အပြည့်အစုံပါသည်။ ကိုယ့်ကြောင့် ပြုတ်ကျသွားသော ပြောင်းဖူးဗန်း ကိုယ်လျှော်ရတာ သဘာဝကျတယ်။

www.burmeseclassic.com



ပြောင်းဖူးနှစ်ဖူးကို ခါးထိုး၍ အိပ်ကပ်ထဲမှ ပိုက်ဆံကို ထုတ်လိုက်သည်။

'ဖတ်. . . ဖတ်'

နှစ်ဖက်ပဲအသံကြားလိုက်ရသည်။ လက်ထဲအိပ်ကပ် ထဲရှိသော ငွေအားလုံးပြောင်သွားပြီ။ ကဲ. . . သွားမယ်။

သူပြောင်းဖူးသည်ကို ကျော်လျှောက်လိုက်သည်။ ပြန့်ကျဲနေသော ပြောင်းဖူးဗန်းကို ကျော်လျှောက်လိုက်သည်။ ပြောင်းဖူးသည် ပြောင်းဖူးဗန်း ဘေးဆောင့်ကြောင့်ထိုင်ချလိုက်သည်ကို နောက်ဆုံးတွေ့လိုက်ရ၏။ သူ့မျက်နှာပေးက ဝမ်းသာနေသည်လား ဝမ်းနည်းနေသည်လားမသိ။

သူ့ခြေလမ်းနှစ်လှမ်းသုံးလှမ်းအရောက်မှာပင်

'ပြောင်းဖူးပြုတ်ပူပူလေး'

ဆိုသော အသံ သူကြားဖြစ်အောင် ကြားလိုက်ရသေး၏။ နောက် ကော့ပက်ကော့ပက်နှင့် သူ့ကို ခပ်တည်တည် ကျော်တက်သွားသော ပြောင်းဖူးသည် မိုးကတော့ မစဲသေးပါဘူး။

သဘာဝမကျလိုက်ပုံများ သူခါးထိုးထားတဲ့ ပြောင်းဖူး အမွှေးဖွားဖွား က သူ့ခါးကြားမှ အမြီးထွက်နေသဖွယ်ဟန် ဆောင်နေသလိုပေါ့။

မိုးကတော့ သည်းကြီးမဲကြီးကို ရွာကျနေတုန်း။

❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com

**အောက်မေ့လွမ်းဆွတ်မှုအတွက်**

**နှလုံးသားက**

**ကြေကွဲဖွယ် အားထုတ်သမှု ပြုခိုက်ဝယ်**

**အချိန်ကာလသည် ရယ်ပွဲဖွဲ့လေ၏။**

*ရာဘန္ဒြာနတ်(သ်)တဂိုး. . . ။*

(၆)

လူးလွန့်လူပ်ရှားနေတဲ့ မိုးကောင်းကင်အောက် ခပ်လှလှကလေး ထိုင်နေတဲ့ ချစ်သူဟာ ကျောက်ရုပ်မဟုတ်တဲ့အတွက် ခပ်ဟဟလေး ရယ်နေသည်။ အကြားအာရုံသက်သက်နဲ့ မသိနိုင်တဲ့ ဘာသာစကားရိုးရိုးကိုပဲ ရိုးရိုးလေးပြောပြီး ရိုးရိုးလေးရယ်နေသည်။ သူ့ရှေ့မှာ ရှိနေတဲ့ 'သူ့သူငယ်ချင်း ကောင်မလေးကတော့ ဟက်ဟက်ပက်ပက်ရယ်နေလေ၏။

ဘာကို သဘောကျပြီး ရယ်နေမှန်း မသိရပေမယ့် တစ်ခုခုကို သဘောကျပြီး ရယ်နေမှန်းတော့သိသည်။ အော်. . . ဒါတော့ နင်ပြောမှလား။ ဟုတ်ကဲ့ ကျွန်တော်မပြောလည်း သိကြမှာပါ။ အဲသည်လိုမှ မပြောရရင် ကျွန်တော်လည်း ချစ်သူကို လှလှပပကြီး ကြည့်နေလို့ရတာပေ့ါ။ အခုတော့ ဟိုတစ်နေ့က ပြဿနာကြောင့် အနားမကပ်ရဲသေးဘဲ ခပ်ဝေးဝေးကသာ ခပ်ဆွေးဆွေးလေး ကြည့်နေရတာလေ။

ဝေ့ကြည့်သည်။ ကျွန်တော့်ကို တွေ့သွားသည် ပြီးနောက် သူ့သူငယ်ချင်းဘက်ပြန်လှည့်သွားပြီး တစ်ခုခုပြောပြီး တသိမ့်သိမ့်တုန်အောင် ရယ်သည်။

www.burmeseclassic.com



သူ့သူငယ်ချင်းထံမှ 'ဘယ်မှာလည်း' ဟူသော ပါးစပ်လှုပ်သည်ကို တွေ့ရ၏။ နောက် ကျွန်တော့်ကို နှစ်ယောက်လုံး ဝေ့ကြည့်ကြသည်။ သူ့သူငယ်ချင်းကထိုင်နေရာမှ အနောက်ကို လန်ကျသွားမတတ် ခွက်ထိုး ခွက်လန်ရယ်သည်။ ကျွန်တော်လည်း ဘာရယ်မဟုတ် သွားပြန်ဖြဲပြ လိုက်သည်။

'အဟီး'. . .

မျက်လုံးကသေပြီး ပါးစပ်ကသာ ပြတက်လာသော ကျွန်တော့်ရဲ့ အပြုံးသည် အဖြူအမည်း ရှေးခေတ်ဓာတ်ပုံလို မှုန်မှုန်ဖွဲဖွဲ တုန်တုန်ရွဲရွဲကြီး ဖြစ်နေမှာ သေချာသည်။

'အဟီး'. . .

ခံစားရလိုရငြား ထပ်ပြုံးပြလိုက်သည်။ အဟီး. . . သူတို့နှစ် ယောက် တစ်ယောက်လက် တစ်ယောက်ရိုက်ပြီး အားပါးတရ ရယ်သည်။

သိပြီ။ ဒီနေရာမှာ အိုက်တင်ကောင်းဖို့လိုပြီ။ အိုက်တင် ကောင်းမှ မိန်းကလေးတွေ ကြိုက်မှာ။ မင်းသားတွေလိုပေါ့။

ထို့ကြောင့်ခြေနှစ်ဖက်ကို လိမ်လိုက်သည်။ လက်တစ်ဖက်ကို ခါးပေါ်ထောက်တင်လိုက်သည်။ လက်တစ်ဖက်က အနီးရှိ ဓာတ်တိုင်ကို လှည့်မကြည့်ဘဲ လှမ်းထောက်လိုက်သည်။

'ဒေါင်'

ကွဲပဟ။ လက်ကဓာတ်တိုင်ကို ချော်သွားပြီး နားထင်က ဓာတ်တိုင် ကို ဒေါင်ကနဲ မိတ်ဖွဲ့သွား၏။ နားထင်နှင့် ဓာတ်တိုင်ထိသံ မည်မျှကျယ် သွားသည်မသိ။ ဘေးနားက ကျောင်းသားတစ်အုပ် ကျောင်းတက်ခေါင်း လောင်းထိုးပြီမှတ်ပြီး ထလစ်သွားကြသည်။ မာလိုက်သည့် ခေါင်း ကောင်း လိုက်သည့် ဓာတ်တိုင်နှစ်ခု စလုံးမကွဲ။

ကျွန်တော်လည်း ဓာတ်တိုင်ကိုဖက်ပြီး မှင်သေသေနှင့် ပြန်ရပ်နေ

www.burmeseclassic.com



လိုက်သည်။ ဖက်မထား၍ မဖြစ်။ ခါတ်တိုင်နှင့် ဆောင့်မိသည့်အရှိန် မည်မျှပြင်းသည်တော့မသိ။ မျက်လုံးထဲဘာမှ မမြင်တော့။ သွားကတော့ ဖြဲထားတုန်း။

အဟီး. . .။

'ဟဲ့. . . စောကြည်ဖြူ ခါတ်တိုင်ကြီးဖက်ပြီး ဘာလုပ်နေတာလည်း ငါတို့ နှင့်ကို လက်ယပ်ခေါ်နေတာကြာပြီ။'

မာမာ။ ကျွန်တော့်သူငယ်ချင်းမလေး မာမာရဲ့ အနီးကပ်အော်သံ . . .။ မမြင်ရသေး။ မျက်လုံးထဲမာမာ့အစား ကြယ်စုံလစုံ မြင်နေရတုန်း . . . လက်တစ်ဖက်ကို ဆန့်တန်းစမ်းရင်း။

'မာမာလား. . . နင်ဘယ်မှာလဲ. . . ငါမမြင်ရဘူး'

မာမာအံ့အားသင့်သွားပုံရ၏။ အရှေ့လည်းတိုးလာပုံရ၏။

'ဟဲ့. . . အလိမ္မာတုံး ဘာဖြစ်နေတာလဲ. . . ဟဲ့. . . ဟဲ့'

'အိုဘာတွေလျှောက်စမ်း. . . ဟဲ့ဒီကောင်'

မမြင်မကန်းနှင့် ဘာသွား စမ်းမိသည်မသိ။ တစ်ခုခုတော့ ဆွဲမိသလို။ ဆံပင်တော့ မဟုတ်တာသေချာ၏။ ဆွဲမိသည့်အထဲ အမွေးမပါ။

'အဟီး. . ဆော. . . ဆောရီး. . . နော်. . အဟီး'

ဟုဆို၍ တောင်းပန်လိုက်ပြီး မျက်လုံးကို ဖြဲလိုက်သည်။ ခေါင်းကို ခါလိုက်သည်။ မျက်လုံးကို ပြန်ဖွင့်လိုက်သည်။ မမြင်ရသေး။ ခါတ်တိုင်က ဖက်ထားရတုန်း။ မျက်လုံးကို ဖွင့်ချည်ပိတ်ချည် လုပ်သည်။ နောက်တစ်ဖက်စီ ဖွင့်ချည်ပိတ်ချည်လုပ် ကြည့်သည်။ မမြင်ရသေး။ ဒုက္ခပါပဲ။ မမြင်ရသေး။

'ဟင်. . . ဟဲ့ကောင်. . . အချင်းချင်းကြီးနော်. . . ဘာမျက်စိလာမှိတ်ပြနေတာလည်း။ ငါပါးချထည့်လိုက်လို့။'

www.burmeseclassic.com



ဒုက္ခပါပဲ အမေရေ. . . ကယ်ပါဦး၊ ဒီမှာ မာမာက သူ့ကို မျက်စေ့မှိတ်ပြနေတယ် ထင်နေတယ်။ သားဘာသာသား မမြင်လို့ မြင်အောင်လုပ်နေတဲ့ဥစ္စာ။ မတတ်နိုင်ဘူး အမေရေ. . . မျက်လုံးကို ဘယ်တစ်ဖက်ညာတစ်ဖက် စုံတစ်ခါမှိတ်ပြီး လက်ကို ဆန့်တန်း စမ်းလိုက်သည်။ မြင်မှမမြင်ရတာ မတတ်နိုင်ပါဘူး။ သူကျေနပ်အောင် သွားကို ဖြဲပြီး မျက်နှာချိုသွေးရတော့မှာပဲ။ သွားဖြဲပြရတော့မှပဲ။ အဟီး. . . မြင်မှ မမြင်ရတာရှက်နိုင်ပေါင်။

'ဟဲ့'

ဟူသော အာမေဋိတ်သံ။

'မာမာလား'

မိပြီ. .။ ဟင် ဘာပါလိမ့်။

'အို အမေ့. . . ဟဲ့ကောင် အို. . ဘာလိုက်စမ်း. . . အယ်. . . ငါပါးချ'

'ဖြောင်း'

'အောင်မယ်လေး တစ်ကယ်ချတယ်ဗျ'

မာလိုက်သည့်အသံ။ ပြောင်လိုက်သည့် လက်သံ။

မျက်လုံးထဲ ကြယ်သုံးလုံးနှင့် လနှစ်လုံး မြင်လိုက်ရပြီး ရုတ်ချင်းလင်းတက်သွား၏။ မြင်ရပြီ။

ပထမဆုံးမြင်ရသည်က မီးဝင်းဝင်းတောက်မျက်လုံးနှင့် မာမာ။ နောက် လက်ဖက် ရည်ဆိုင်မှာ သူတို့ဘက်လှည့် ထိုင်ပြီး ငေးကြည့်နေသော ချစ်သူ။ 'မြင်ရပြီကွ။ ပြန်မြင်ရပြီ။ ဝမ်းသာလိုက်တာ မာမာရယ်'

'အို. . . ဟဲ့'

'အဲ ဆောရီး ဆောရီး မာမာ'

www.burmeseclassic.com



ဝမ်းနည်းလွန်းလျှင် ငိုတတ်ပြီး ဝမ်းသာလွန်းလျှင် နီးရာလူပြေးတတ်သော အကျင့်ကြောင့် ကျွန်တော်မာမဲ့ကို ဘာလုပ်လိုက်သည်ကိုတော့ ပြောပြရန်လိုတော့ မည်မထင်။

ချစ်သူကတော့ ကျွန်တော်တို့ကို ကြောင်ငေးကြည့်နေတုန်း။

❖ ❖ ❖

**'ဖြောင်း'**

**အောင်ဗယ်လေး**

**တစ်ကယ်ချတယ်ဗျ**

**မာလိုက်သည့်အသံ။**

**ပြောင်လိုက်သည့် လက်သံ။**

**မျက်လုံးထဲကြယ်သုံးလုံးနှင့်**

**လနှစ်လုံး မြင်လိုက်ရပြီး**

**ရှတ်ချင်း**

**လင်းတက်သွား၏**



www.burmeseclassic.com



'နင်ဟာလေ ဖြစ်လိုက်ရင် အသည်းအသန်ကြီးပဲ. . . ပြောကို မပြောချင်ဘူး'

မာမာရဲ့ အပြစ်တင်စကား။ ကိုယ်ကမှားနေသူမို့ မျက်နှာချိုသွေး လိုက်သည်။

'ငါ တကယ်မမြင်တာပါတာ။' ဒါနဲ့ နင့်ဘယ်နေရာ စမ်းမိသွား လို့လဲ'

ကျွန်တော့်စကားကြောင့် မာမာရှက်သွားပုံရ၏။

'တော်ပါဟာ . . ဆက်မပြောနဲ့တော့။'

ဟု စကားစဖြတ်လိုက်ပြီး

'ဟဲ့ ဒါနဲ့ နင်ဘယ်သူ့ကို ချောင်းတာလဲ'

'အဲ. . . ဟိုနင်မသိပါဘူးဟာ. . . ငါမြင့်စန်းရီကို ကြိုက်နေမှန်း နင်မှမသိတာ။ နင့်ကို ပြောနေလို့လည်း ဘာထူးမလဲ။ ဒါကြောင့် မပြော တော့ဘူး'

ကျွန်တော့်စကားကြောင့် မာမာမျက်လုံးပြူးသွားပြီ

'ဟဲ့. . . နင်မပြောပေမယ့်သာ မပြောတယ်။ ပြောလိုက်တော့ လည်း ကုန်နေပြီ။ ဘယ်သူ မြင့်စန်းရီ ဟုတ်လား. . .'



BURMESE CLASSIC .com

www.burmeseclassic.com



'အေး. . . ဟုတ်တယ်'

'အီကိုက မြင့်စန်းရီလား'. . .

'ဟင် . . . နင် သိလို့လား'

မာမာ သက်ပြင်းကို ဟင်းခနဲ ဟန်ပါပါ မိန်းမချချပြီး

'အောင်မယ်လေးဟယ်။ သိတာပေါ့။ မြင့်စန်းရီဆို တစ်ကျောင်းလုံး သိတယ်။'

သူ့စကားကြောင့် ကျွန်တော်စိတ်ပျက်သွားပြီး. .

'ဟာ သိတာတော့ လူတိုင်းသိတာပေါ့ သူကချောတာကိုး ငါက နင်နဲ့ခင်များ ခင်သလားလို့'

မာမာက ကျွန်တော့်ပေါင်ကို ဖျက်ခနဲပုတ်လိုက်ပြီး

'ဟဲ့. . . ခင်တာပေါ့ဟဲ့. . .။ နင့်ကို အဲဒါပြောမလို့။ သူက ကဗျာတွေ စာတွေ ဝါသနာပါတယ်ဟဲ့။ အဲဒါ ငါတို့ ကဗျာစာအုပ်မှာလည်း ကဗျာဝင်ရေးမယ်တဲ့။'

'တကယ်. .'။

ကျွန်တော့်ရဲ့ ဝမ်းသာအားရတကယ်ကို မာမာက သက်ပြင်းကို မိန်းမချ ခပ်ဆောင့်ဆောင့်ချလိုက်ပြီး

'တကယ်ပေါ့ဟဲ့။ ဟဲ့. . . . အဲဒါငါတို့ကို ကူညီဦး။'

'ငါက ဘာကူညီရမှာလဲ'

မာမာမျက်မှောင်ကြုတ်လိုက်သည်။ ပြီးမှ. .

'ကွန်ပျူတာစာစီ ကနေ စာအုပ်ဖြစ်တဲ့အထိ ပေါ့ဟာ။ အဲ. . နောက်ပြီး အခုပို့(စ်) မော်ဒန်စာရေး ဆရာ၊ ဆရာတာရာမင်းဝေနဲ့ နင်ခင်တယ်မဟုတ်လား၊ သူ့ဆီမှာ ကဗျာတစ်ပုဒ် တောင်းပေး။'

အမြဲတမ်း လေးလုံးစပ် ကဗျာများသာ ဖတ်တတ်သော မာမာ



BURMESE CLASSIC .com

www.burmeseclassic.com



ပို့(စ်)မော်ဒန်ကဗျာဆရာထံမှ ကဗျာလိုချင်သည်ဟု ဆိုသောကြောင့် ကျွန်တော် အံ့အားသင့်သွားရသည်။

'ဟင်. . နင်က တာရာမင်းဝေရဲ့ ကဗျာတွေ ဖတ်ဖူးလို့လား'

ကျွန်တော့်၏အမေးကို မာမာက ခပ်တည်တည်ပင်

'မဖတ်ဖူးပါဘူး ဒါပေမယ့် သူ့ကဗျာတွေကို ကောင်းတယ်လို့ ပြောတယ်တဲ့'

'ဘယ်သူပြောတာလဲ'

'မနော်ဟရီ'

သူ့စကားကြောင့် ကျွန်တော်မျက်လုံးပြူးသွားရသည်။

'ဟဲ့. . . သူတို့က လင်မယားဟ . . . သူ့ယောကျ်ား ရေးတာကို သူ့မိန်းမက ကောင်းတယ်လို့ ပြောမှာပေါ့'။

မာမာအံ့အား သင့်သွားပုံရသည်။

'ဟင် ဟုတ်လား။ မသိပါဘူးဟယ်။ ဒါပေမယ့် တစ်ယောက်ကကောင်းတယ်ပြောတော့ မဆိုးပါဘူး။

'ပရိသတ်ရှိတာပေါ့။ နင့်ကဗျာတွေဆိုဘယ်သူက ကောင်းတယ် ပြောဖူးလဲ'

'အို. . . ငါက မိန်းမမှ မရှိတာ'

**အမြဲတမ်း**
**လေးလုံးစပ်ကဗျာများသာ**
**ဖတ်တတ်သော မာမာ**
**ပို့(စ်)မော်ဒန်ကဗျာ ဆရာထံမှ**
**ကဗျာလိုချင်သည်ဟု ဆိုသော**
**ကြောင့် ကျွန်တော် အံ့အားသင့်**
**သွားရသည်။**



BURMESE CLASSIC .com

www.burmeseclassic.com



'လျှောက်ပြောမနေနဲ့ နင်မိန်းမရှိရုံမကလို့ ယောကျ်ားပါရှိရှိ။ နင့်ကဗျာမကောင်းရင် ဘယ်သူကမှကောင်းတယ်လို့ပြောမှာ မဟုတ်ဘူး။ 'ဟဲ့. . . ဒါနဲ့ ပြောရဦးမယ်. . .။ ဟိုလေ ငါလည်းကဗျာ ရေးမယ်ဆိုတော့ ငါ့နာမည်ကြီးက မာလာဆိုတော့ မလှဘူးဟ။ အဲဒါ . . . ကလောင်နာမည် လှလှလေး စဉ်းစားပေးပါဦး'

'ဟာ. . . ဒါများဟာ လွယ်လွယ်ကလေး စဉ်းစားစရာတောင် မလိုဘူး'

'ဘယ်လိုလဲဟင်'



မာမာ မျက်လုံးပင် ပြူးထွက်လာရအောင် အားတက်သရောအမေးကို ကျွန်တော် ခပ်တည်တည်နှင့်

'ဒီလိုဟာ. . . နင်က ခင်ဖို့လည်းကောင်းတယ်'

'ခင်ဖို့လည်းကောင်းတယ်'

ကျွန်တော့်စကားကို မာမာသံယောင်လိုက်ပြီး မျက်လုံးကလေး ဘယ်ညာထောင့် ကပ်ကာပြုံး လိုက်သည်။ ပါးချိုင့်ကလေးနှင့်တကယ် ခင်စရာကောင်းသည့်အပြုံး 'နောက်. . . . အသားလည်းဖွေးတယ်ဟာ'

သူ့ကိုယ်သူ ငုံ့ကြည့်ပြီး

'အသားလည်း ဖွေးတယ်'ဟု သံယောင်လိုက်ပြန်သည်။ ပြီးမှ သဘောပေါက်သွားသလို လေသံနှင့်အားရဝမ်းသာ ထအော်၏။

'ဒါဆို ခင်ဖွေးပေါ့'

သူ့အော်သံကြောင့်အနားတွင် ရှိကြသော ကျောင်းသားတချို့ပါ



BURMESE CLASSIC .com

www.burmeseclassic.com



သူ့ကို ငေးကြည့်ကြသည်။ ကျွန်တော်လည်း ခပ်တည်တည်နှင့် မသိချင်ယောင်ဆောင်ပြီး. . .။

'အေး ခင်ဖွေး'. . . .

'ဟယ်. . . လှလိုက်တာ။ ခင်ဖွေးဆိုတော့ ခွေး. . . . ဟင်'

ထိုတော့မှ မာမာသဘောပေါက်သွားကာ ကျွန်တော့်အား မျက်လုံးကြီး ပြူးထွက်လောက်အောင် ကြည့်ပြီး

'အသုဘ၊ တာတေ၊ လမ်းဘေးကောင်၊ ထမင်းငတ်၊ မိုးကြိုးပစ်၊ ကားတိုက်၊ ဆိုင်ကယ်မှောက်၊ ချောက်ထဲကျ ညှောင့်စူး၊ လမ်းကြိတ်စက်ကြိတ်၊ အမြှောက်မှန်'စသော ကျိမ်နည်းပေါင်း သုံးရာခြောက်ဆယ်နှင့်ငါးနည်း စုံအောင် ကျိမ်သွားလေသတည်း။

❖ ❖ ❖

BURMESE CLASSIC .com

(၇)

'သူ့နာမည်က စောကြည်ဖြူတဲ့။ ငါတို့တော့ သူ့ကို ချစ်စနိုးနဲ့ အလိမ္မာတုံးလေးလို့ခေါ်တယ်။' မြင့်စန်းရီ မျက်လုံးဝိုင်းစက်သွားပြီး ဟယ် . . . သူက လိမ္မာလွန်းလို့လား'. . .

'မဟုတ်ဘူး သူက အလည်း အ၊ လိမ်လည်း လိမ်၊ မာလည်း မာ၊ တုံးလည်း တုံး၊ လေးလည်း လေးလို့ အလိမ္မာတုံးလေးလို့ ခေါ်တာ'. . .

'ဟယ်. . . ပေါက်ကရ'

ချစ်သူရယ်ပါသည်။

'ဟဲ့ . . . အလိမ္မာတုံး . . . သူက အီကိုကွင်း မြင့်စန်းရီတဲ့။ နောက်သူက မယ်လေ'

နှုတ်က အလိုလိုသွက်ပြီးသားမို့. . .


'ဘာမယ်လဲဟင် ကာယအလှမယ်လား၊ မယ်မြန်မာလား၊ ကုက္ကိုင်းမယ်လား'

ဟုဆိုသည်ကို ကြားခံမိတ်ဆက်ပေးသည့် မာမာ(မာလာ)ကရယ်ပြီး

'မဟုတ်ဘူး။ မယ်တွန်'(မွန်ဟု စကားလိန်နှင့် ပြောခြင်းဖြစ်သည်)

www.burmeseclassic.com





ချစ်သူရှက်ရယ် ရယ်ပါသည်။ ပြီးနောက် မာမာ့နားကပ်ထိုင်နေသော ကျွန်တော့်ပေါင်တွင်းကျောပေါ် ကျလာသော လက်တစ်ဖက် စူးခနဲ အရသာ။ မျက်ရည်ဝိုင်းလောက်အောင် နာကျင်သော အထိအတွေ့၊ မျက်လုံးကိုမှိတ်၍ အံကိုသာ ကြိတ်ထားမိ။ ကျွန်တော့်အဖြစ်ကိုကြည့်ပြီး မာမာက အားရပါးရ ရယ်သည်။ မာမာရယ်သံကြားလေ ချစ်သူက ပို အသည်းယားပြီး ဆွဲဆိတ်လေမို့ ကြားကခံရသူ ကျွန်တော်မနေနိုင်တော့ဘဲ။

"အား"

ကျွန်တော့်အော်သံကြောင့် ချစ်သူလက်ဆက်ခနဲ ပြန်ရုတ်သွားပြီး မျက်လုံးအပြူးသားနှင့်

'ဆောရီးနော်. . . ဆောရီ. . . မြင့်စန်းရီက. . . ဟို. . . မာလာ့ပေါင်မှတ်လို့ ဆွဲဆိတ်နေတာ. . . နာသွားလားဟင်. . .'

ချစ်သူ၏ တောင်းပန်သံကြောင့် ကျွန်တော် မချိပြုံးပြုံးလိုက်ပြီး. .

'ရ. . . ရပါတယ်. . . သိပ်မနာပါဘူး အဟီး. . .။'

'မနာဘူးသာဆိုတယ်. . မျက်နှာကြီးက ရဲလို့ နဖူးမှာပါ ချွေးစေးတွေပျံ့နေပြီ. . အဟိ. .'

ဆိုသော မာမာ၏ မခိုးမခန့် ရယ်သံကြားရ၏။

www.burmeseclassic.com





ဆိတ်ပါ။ ချစ်သူသာ ကျေနပ်မယ်ဆိုရင် ကျွန်တော့်ရဲ့ ပေါင်တွင်း ကျောသာမက ကျွန်တော့်ရဲ့ အသည်းနှလုံးကိုပါ တို့ဆိတ်လှည့်ပါ။ ကျွန်တော် ကျေကျေနပ်နပ်ကြီး ခံယူသွားမှာပါ. . . ဒါကလည်း အချစ်ကြောင့်ပဲ ထင်တယ်နော်. . .။

"ကဲ. . . မင်းတို့နှစ်ယောက်လည်း သူငယ်ချင်းဖြစ်သွားပြီဆိုတော့ နေခဲ့ကြတော့ ငါအတန်းသွားတက်လိုက်ဦးမယ်"

ဆိုပြီး မာမာ ဆိုးဆိုးဆတ်ဆတ်ထပြီး ထုံးစံအတိုင်း ကော့ပက်ကော့ပတ်ထွက်သွားလေ၏။ ရုတ်ချည်း ပြောင်းလဲသွားသော အခြေအနေကြောင့် ကျွန်တော်တို့နှစ်ယောက်လုံး မတားမိလိုက်ကြ။ မာမာ့ကို တစ်ချက်ဝေ့ကြည့်ပြီး အဓိပ္ပာယ်မဲ့စွာ မာမာ လျှောက်လှမ်းသွားရာ ကျောင်းလမ်းမကို ငေးရီကြည့်မိ နေကြသည်။ ချစ်သူကလည်း သူနှင့် ကျွန်တော် နှစ်ယောက်တည်း ရှိတော့သောအခါကြမှ ရှက်ကိုးရှက်ကန်းနှင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေရ၏။ လက်ထဲကိုင်ထားသော လက်ကိုင်ပဝါကို အကြောင်းမဲ့ ဆုပ်ချေနေလေသည်။ ကျွန်တော်လည်း ဘာရယ်မဟုတ် လမ်းမကို ငေးကြည့်မိသွားသည်။ ထိုစဉ် အမြင်အာရုံထဲ တိုးဝင်လာသော ကုပ်ကွ ကုပ်ကွနှင့် သဏ္ဌာန်တစ်ခု။ ဟိုကောင်။ သေချာပြီ။ ကျွန်တော့်ဆီ တန်းတန်း မတ်မတ်လာသည့် ဟိုကောင် ပြဿနာကောင်. . .



BURMESE CLASSIC .com

www.burmeseclassic.com



"အိုင်လပ်(ဖ်)ယူ"

"ရှင်"

ကျွန်တော် ဘာမဆိုင်ညာမဆိုင် စကားကြောင့် ချစ်သူထံမှ အာမေဋိတ်သံ။ ကျွန်တော်လည်း ဟိုကောင်ကိုသာ ငေးကြည့်နေမိပြီး

'ဟုတ်တယ်. . . အိုင်လပ်(ဖ်)ယူ'

'အို' . . . ဟူသော အာမေဋိတ်သံနှင့်အတူ ချစ်သူ မျက်နှာကလေးရဲပြီး ထပြေးသွားလေ၏။

ထိုတော့မှ ကျွန်တော်လည်း သတိဝင်သွားပြီး

'ဟိုက် . . . မှားပြန်ပြီ။

ဟုတ်ပါသည်။ မှားပြန်ပြီ။ ချစ်သူကတော့ သူနှင့်ခင်ခင်ချင်း ရည်းစားစကားပြောသည်ထင်ပြီး အထင်လွဲ၍ ထထွက်သွားခြင်း ဖြစ်သည်။ ကျွန်တော့ဆိုလိုရင်းက ထိုသို့မဟုတ်။ အိုင်လပ်(ဖ်)ယူကိုမြင်၍ အိုင်လက်ဖြူဟု ပြောခြင်းသာ ဖြစ်၏။

တောက်. . . ဒုက္ခပါပဲ အိုင်လက်ဖြူရယ်။ မင်းရင်လည်း နာမည်ပြောင်းမှ ငါရင်လည်း မင်းကို မခေါ်မပြောမှုကို ဖြစ်တော့ မယ်ထင်ပ့ါ။

❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com

(၈)

အမြဲတမ်း မျက်စေ့လည်လမ်းမှားပြီး ရောက်လာတတ်သော အမှား တစ်ခုအတွက် ဝန်ချတောင်းပန်ရန် စောင့်စားနေရသော ချစ်သူလာရာ လမ်းမသည် တဆိတ်ရှည်လျားလွန်းနေ၏။

ပြာလဲ့လဲ့ မိုးကောင်းကင်၏ လှုံ့ဆော်မှုကြောင့် တောက်ပနေသော ကြက်ဥနှစ်ရောင် နေဝန်းသည်လည်း မျက်စိရှေ့တည့်တည့်မှနေ၍ တ ဖြည်းဖြည်း နဖူးပေါ် လှိမ့်တက်လာသည်။ ထိုနေဝန်း၏ အပူရှိန်ကြောင့် ဆံပင်အစပ်မှ ထွက်ပေါ်လာသော ချွေးစေးတချို့သည်လည်း ဦးခေါင်း ပေါ်တွင် ဆက်မနေချင်တော့၍ထင့် ရိတ်သိမ်းပြီးသား လယ်ကွင်းလို ပြောင်နေသော နဖူးမှတစ်ဆင့် ကန်သင်းလို သွယ်တန်းနေသော နှာခေါင်း ပေါ် ဖြတ်စီးဆင်းရင်း ရေနူတ်မြောင်းသဖွယ် သပ်ရပ်သော နှုတ်ခမ်း အတွင်းသို့ စီးကျလာသည်။

'ထွီ. . . ငံလိုက်တာ။'

ကျွန်တော်စောင့်နေသော အချိန်မှာ မည်မျှကြာသွားပြီဖြစ်ကြောင်း ကို နာရီလက်တံတချို့က လက်ညှိုးထိုးညွှန်ပြချင် ညွှန်ပြကြလေမည်။


BURMESE CLASSIC .com

www.burmeseclassic.com



သို့သော် ထိုညွှန်ပြခြင်းမှာ တိကျသော အဖြေတော့ ဖြစ်မည်မဟုတ်။ တိကျသော အဖြေသိချင်လျှင် ကျွန်တော့်အနောက်က ခေတ်တိုင်ကို မေးကြည့်ပါ။ သူနှင့်ကျွန်တော် မီးလင်းတာနှင့် မီးမလင်းတာ တိုတာရှည်တာသာ ကွာလိမ့်မည်။ မလှုပ်မရှက် ရပ်နေပုံခြင်း တစ်ခုခုကို မျှော်လင့်တကြီး စောင့်နေပုံချင်းက အတူတူ။ ကျွန်တော်က ချစ်သူကို စောင့်နေတာ သူက မီးအလာကို စောင့်နေတာ။

'ဒို့နှစ်ယောက် ဘဝတူတွေပါပဲ ခေတ်တိုင်ရယ်'

ဟု ရေရွတ်ရင်း ဘဝတူ ခေတ်တိုင်ကို မော့ကြည့်လိုက်မိသည်။

'ဟင် မီးမလာဘူးမလာဘူးနဲ့ လာတော့လည်း နှစ်လုံးတွဲကြီးပါလား'

'ဟော့ကောင် မီးပြင်နေတာကွ. . . မီးပြင်နေတာ'။

ဟူသော ရေရွတ်သံကို ခေတ်တိုင်ပေါ်မှ ပြန်ကြားရသည်။

ကျွန်တော် အံ့အားသင့်သွားပြီး

'အော်. . . မီးပြင်နေတယ်လား။ ဒါနဲ့ အဲဒီနှစ်လုံးတွဲ မီးသီးက ဘယ်နိုင်ငံက မှာတာလဲ"

ကျွန်တော့်အမေးကို ခေတ်တိုင်ပေါ်ကလူ ဘာကို ဒေါသထွက်သွားသည်မသိဘဲ

'မင်းကြီးတော် နိုင်ငံကမှာတာကွ၊ မင်းကြီးတော်နိုင်ငံက မှာတာ'

ဟူ၍ ပြန်အော်သည်။ ကျွန်တော်လည်း သူ့စကားကြောင့် ဇဝေဇဝါဖြစ်သွားပြီး

'ဟင် ကျွန်တော့်ကြီးတော်က သိပ္ပံပညာရှင်လား'

'အာ. . . ဒီကောင် မင်းမြင်နေရတာ. . . . ဟာကွာ. . . . အတော်ပြောရခက်တဲ့ကောင်'



BURMESE CLASSIC .com

www.burmeseclassic.com



ထိုတော့မှ ကျွန်တော်လည်း ကွက်ကွက်ကွင်းကွင်း ရှင်းသွားပြီ

'အော်. . . ထင်တော့ ထင်သားပဲ၊ ဒါကြောင့် တူပါတယ်ဆိုပြီး ကြည့်နေတာ။ ဒါနဲ့ မသိလို့ မေးရဦးမယ်။ ခင်ဗျားအဲဒါကြီး ခတ်တိုင်ပေါ်တက်တင်ပြီး ဝါယာကြိုးနဲ့ တက်ချိတ်တော့ မီးကလင်းမှာလားဗျ။ ဟားဟား. . . အတော်နောက်တဲ့လူဗျာ'. . .။

'ဟော့ကောင်. . . တော်ကွာ. . . . တော်'

ဟုဆို၍ ခတ်တိုင်ပေါ်မှလူ ရှုံးရှုံးရှားရှားနှင့် ဆင်းချသွား၏။ မီးပင်ဆက်မပြင်တော့။

ကောင်းတယ်။ ချစ်သူနှင့် တွေ့သည့်အချိန်တွင် မည်သူမှ မရှိလေပိုကောင်းလေဖြစ်သည်။ ဒါမှ ချစ်သူကို လွတ်လွတ်လပ်လပ် စကားပြော၍ရမည်။ ခင်ဗျားတို့လည်း မှတ်ထားပါ။ ခင်ဗျားတို့ချစ်သူတွေနဲ့ တွေ့ရှိချိန်တွင် လူရှိနေရန်မလို မီးလင်းရန် မလိုကြောင်းကို. . .။

ဟော. . . ကျွန်တော့်ခတ်တိုင်မှ မီးလင်းသွားပြီ။ ဟုတ်ပေါင်။ ကျွန်တော့်မျက်လုံးများ တောက်ပသွားသည်။ ဟုတ်ပါသည်။ ကျွန်တော့်ချစ်သူ မြင့်စန်းရီ ကြွရွလှပသော ခြေလှမ်းများနှင့် လာနေသောကြောင့် ဖြစ်သည်။

ခပ်စောစောကလေး ပူပြင်းနေသော နေရောင်ခြည်အောက် ထီးအနီ၊ ဖိနပ်အနီ၊ လက်ဆွဲခြင်းအနီကလေးကို ဟန်ပါပါဆွဲရင်း လှမ်းလာပုံများ တစ်လှမ်းခြင်းကို လှ. . . လို့။

ဝေ့ခနဲ ဖွာကျနေသော ဆံနွယ်စတချို့နှင့် ချစ်သူ၏ အလှကို မြင်တွေ့ရသည့်ခဏ ရသေ့စျာန်လျှောကျသလို ရင်ခုန်သံ တဒိန်းဒိန်းနှင့် ခန္ဓာကိုယ် ပြိုယိုင်လဲကျမတတ် ကတုန်ကရင်ဖြစ်လို့ ဟန်မပျက် ဆက်ရပ်နေရန် မစွမ်းသာတော့ဘဲ ညွတ်ခွေကျမသွားနိုင်အောင် အနားက ခတ်တိုင်ကိုသာ အားကိုးရှာ ဖက်ထားရပါသည် မြင့်စန်းရီ။

အနားကဖြတ်အလျှောက်မှာ ခတ်တိုင်ကို အသားကုန်ဖက်၍

www.burmeseclassic.com



ရယ်ပြန်ရန် ပါးစပ်ကို အစွမ်းကုန်ဖြဲပြနေသော ကျွန်တော့်ကို ချစ်သူက တအံ့တသြကြည့်ပြီး. . . .

'ဟင်. . . စောကြည်ဖြူ ခါတ်တိုင်ကြီးဖက်ပြီး ဘာလုပ်နေတာလဲ'

'အားသွင်းနေတာ။ အဲလေ. . . ဟုတ်ပါဘူး။ ဟို. . . မြင့်စန်းရီကို စောင့်နေတာ'

'ရှင်'

ချစ်သူအံ့အားသင့်သွားသည်။ နောက် ကျွန်တော့်ကို လှလှလေး ငေ့ကြည့်ပြီး. .

'ဘာကိစ္စ'

သူ့စကားကို ကျွန်တော် အဖြေမပေးသေးဘဲ ဖက်ထားသော ခါတ်တိုင်မှ အနည်းငယ်ခွာကြည့်သည်။ ဟုတ်ပြီ။ အားပြည့်သွား၍လား တော့မသိ။ ခါတ်တိုင်အကူအညီမလိုဘဲ ရပ်လို့တော့ရပြီ။

'ကိစ္စကတော့၊ အဟမ်း'

ချစ်သူ ကျွန်တော့်ကို ငေ့ကြည့်သည်။ ကျွန်တော်သူ့ကို ပြုံးပြ လိုက်ပြီး

'ဟိုလေ. . . မနေ့က အိုင်လပ်(ဖ်)ယူကိစ္စ'

'ရှင်'

ချစ်သူမျက်လုံးကလေး ပြူးကျယ်ဝိုင်းစက်သွား၏။ ပြီးနောက် ရှက်ရွံ့ဟန်ဖြင့် လှည့်ထွက်မည်အလုပ်. . .

'ဒီ. . . ဒီလိုပါ မြင့်စန်းရီ။ အိုင်လပ်(ဖ်)ယူဆိုတာ မြင့်စန်းရီကို ပြောတာမဟုတ်ပါဘူး။ အဲ. . . ပြောတာတော့ ပြောမှာပေ့ါနော်။ ဒါပေ မယ့် မနေ့တုန်းကလို ဟိုခင်ခင်ချင်း ပြောဖို့တော့ မဟုတ်ဘူးပေ့ါနော်။ ဟိုလေ. . . ကျွန်တော်တို့ ခင်သွားတဲ့အခါကျတော့မှ မြင့်စန်းရီကို ကျွန် တော် ဘယ်လောက်ထိ ချစ်ကြောင်း ကြိုက်ကြောင်း ပြောပြမယ်ပေ့ါဗျာ၊

www.burmeseclassic.com



ဟို့ . . အခုလည်း မြင့်စန်းရီကို ကျွန်တော် ချစ်တယ်လို့ ကျွန်တော် ဖွင့်မပြောသေးဘူးနော်. . . ဘာလို့လဲဆိုတော့ အင်း. . . မနေ့ကမှ ခင်တယ်မဟုတ်လား အဲဒါ ဒီနေ့မှာ မြင့်စန်းရီကို ချစ်တယ်လို့ ဖွင့်ပြောလိုက်ရင် မြင့်စန်းရီက ကျွန်တော့်ကို ခင်မင်မှုအပေါ် အခွင့်အရေးယူတယ်လို့ ထင်ပြီး မုန်းသွားမှာပေါ့ မဟုတ်ဘူးလား'

'အော်. . . ဟုတ်ကဲ့'

ချစ်သူ ယောင်တောင်ပေါင်တောင်နှင့် ခေါင်းညိတ်ရင်း ထောက်ခံသည်။ ထို့ကြောင့် ကျွန်တော်လည်း အားတက်သွားပြီး

'အဲဒါကြောင့် ကျွန်တော်ကလည်း လူလည်ပဲ ဒီလောက်တော့သိတာပေါ့။ ပထမဆုံး မြင့်စန်းရီကို ခင်အောင် ကြိုးစားရမယ်။ ပိုင်လောက်ပြီဆိုရင် ဖွင့်ပြောမယ်။ မြင့်စန်းရီဆီက အဖြေရရင် ကျွန်တော်တို့ ရှေ့ရေးတိုင်ပင်ပြီး လက်ထပ်ကြမယ်။ နှစ်ဖက်မိဘတွေဆီက အမွေတွေဘာတွေ ခွဲပြီးတော့ပေါ့ဗျာ။ အဲ. . . လက်ထပ်ပြီးရင်လည်း ကလေးအများကြီးမယူဘူး။ သုံးယောက်လောက်ပဲ။ ယောကျ်ားလေး နှစ်ယောက် မိန်းကလေး တစ်ယောက်ပေါ့ဗျာ။ အကြီးကောင်က ဆရာဝန်၊ အလတ်ကောင်က အင်ဂျင်နီယာပေါ့ဗျာ။ အဲ. . အငယ်မလေးကတော့ မြင့်စန်းရီနဲ့အဖော်ရအောင် တစ်ဖက်က တက္ကသိုလ်မှာ နည်းပြလုပ်ပြီး အိမ်မှာနေပါစေပေါ့ဗျာ။ မိန်းကလေးဆိုတော့ အိမ်မှုကိစ္စလည်း နိုင်နင်းမှာမို့ အိမ်ဖော်တွေဘာတွေ ခေါ်နေစရာမလို ဘူးပေါ့နော်။ အင်း. . . အဲသည်လို အကြံအစည် ကြီးကြီးမားမားရှိတဲ့ ကျွန်တော်က မြင့်စန်းရီကို ခင်ခင်ချင်းရည်းစားစကားပြောလို့ ဘယ်ဖြစ်မလဲ။ မြင့်စန်းရီစိတ်ဆိုးသွားရင် ကျွန်တော့် မဟာစီမံကိန်းကြီး စုတ်ပြတ်သတ်သွားမှာပေါ့ မဟုတ်ဘူးလား'

'အင်း. . . ဟုတ်သား. . . အယ်'

ချစ်သူ ခေါင်းညိတ်ထောက်ခံမလို လုပ်ပြီးမှ သတိရသွားသလို

www.burmeseclassic.com



ရုတ်တရက် ကြောင်သွားသည်။ နောက် မျက်နှာကြီး ရဲတက်လာပြီး. . .

'ဟင်. . ရှင်က ရည်းစားစကား မပြောသေးဘူးလည်း ဆိုသေးတယ်။ မြင့်စန်းရီတောင် ကလေးသုံးယောက်မွေးပြီးနေပြီ။ ဘာမှန်းလဲ မသိဘူး'

ဟုဆို၍ လှည့်ထွက်သွားမှ ကျွန်တော်လည်း ကျွန်တော့်စကားများ ပြန်စဉ်းစားရင်း။

ဟိုက်. . . သွားပါပြီ ပြောကောင်းကောင်းနှင့် ပြောလိုက်တာ အငယ်ကောင်မလေးက တက္ကသိုလ်မှာ နည်းပြဖြစ်နေပြီ။

သေလိုက်ပါတော့ စောကြည်ဖြူ။ မင်းကို အဲဒါကြောင့် အလိမ္မာတုံးလို့ ခေါ်တာ။ တောက်။

❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com

(၉)

'ခစ်. . .'

ချစ်သူထံမှ ခစ်ခနဲ ရယ်သံကြားရ၏။

'နာမည်ရင်းက ထွန်းအိုင်ပါ။ လက်က ဖြူနေတော့ နှစ်ခုပေါင်းပြီး အိုင်လက်ဖြူလို့ ခေါ်တာ။'

'ခစ်. .'

နှစ်ခစ်ရှိပြီ။

'အိုင်လပ်(ဖ်)ယူ ဒါက မြင့်စန်းရီတဲ့။'

အိုင်လက်ဖြူပါးစပ်ပြဲတက်သွားသည်။

'တွေ့ရတာ ဝမ်းသာပါတယ် မြင့်စန်းရီ။'

ဟုဆို၍ အခွင့်အရေးရရင် ရသလို လက်ကိုင်ရန် သူ့လက်တစ်ဖက် မြှောက်ပေးသည်။ ချစ်သူက သူ့လက်ဖြူဖြူကို ကြည့်ပြီး ခစ်ခနဲ ရယ်သည်။ သုံးခစ်။ ပြီးနောက် အိုင်လပ်ဖြူ၏ ကမ်းပေးသောလက်ကို မသိချင်ယောင်ဆောင်၍ တစ်ဘက်သို့ လှည့်သွား၏။

အိုင်လက်ဖြူလည်း လေထဲတန့်နေသော သူ့လက်ဖြူဖြူ အရှက်မ



BURMESE CLASSIC .com

www.burmeseclassic.com



ကွဲရအောင် ရေနွေးအိုး ဆွဲမလိုက်သည် သူရေနွေးကို ရှိသေးသည်ထင်ပြီး အားနှင့်မလိုက်သောကြောင့် ရေနွေးကုန်နေသော ရေနွေးကရားအမြင့်ကြီး မြောက်ပါလာ၏။ အားလုံး ဝိုင်းရယ်ကြသည်။ အိုင်လက်ဖြူ ရှက်ကိုး ရှက်ကန်းနှင့် ရေနွေးအိုးကို ဖြတ်သွားသော စားပွဲထိုးတစ်ယောက်ရဲ့ လက်ထဲ ထည့်ပေးလိုက်၏။

'သူ့ကြောင့် ပြဿနာတက်ပေါင်းများပြီလေ။ လူကြားထဲ သူ့ နာမည်ခေါ်မိလို့ အထင်လွဲခံရပေါင်းလည်း များပြီ။'

'ခစ်။'

လေးခစ်။ ခစ်လိုက်တိုင်း ချစ်စရာကောင်း၏။

'ဟဲ့ ဒါနဲ့ ငါတို့ကဗျာစာအုပ်လုပ်ဖို့ နင့်စာမူရော ပြီးပြီလား အလိမ္မာတုံး'

မာမာ၏အသံကြားမှ ချစ်သူထံ ကျွံကျနေသောအကြည့်ကို ပြန် လည်နုတ်ယူရင်း

'ပြီးပါပြီဟ. . . ဒီမှာ'

ကျွန်တော့်လွယ်အိတ်ထဲမှ ကျွန်တော့်လက်နှင့် ညှပ်ပါလာသော စာရွက်တစ်ရွက်။

'ပေး ငါ့ကိုပေးဖတ်စမ်း'

ဟုဆို၍ ဆိုးဆိုးဆတ်ဆတ်နှင့် မာမာ ကျွန်တော့်ကဗျာစာရွက်ကို ဆွဲယူလိုက်ပြီး

'ကျွန်တော့်အကျီတဲ့ ခေါင်းစဉ်နာမည်လေးက သိပ်မဆိုးဘူး။ မှန်း ကဗျာစာသားက'

www.burmeseclassic.com



## ကျွန်တော့်အင်္ကျီ

နေပူရင်ပူ
လေတိုက်ရင်အေး
ရွှေမြို့တော်လမ်းပေါ်ဈေး
ရောင်းတဲ့လေဘေး။

'တောက်. . . နင်ဟာလေ'. . . ။

ကျွန်တော့်ကဗျာဖတ်ပြီး မာမာမျက်နှာကြီး မာသွားသည်။

'ဟ. . ငါက ဘာဖြစ်လို့လဲ အရင်းမရှိ အဖျားမရှိ'

'ဘာဖြစ်ရမှာလဲ နင်ကလူသာ ပေါက်ကရမဟုတ်ဘဲ ကဗျာပါ ပေါက်ကရရေးတယ်'

သူ့စကားကြောင့် ကျွန်တော် မျက်လုံးပြူးသွားပြီး

'ဟ. . . ဒါပေါက်ကရလား၊ ငါ့အင်္ကျီအကြောင်း ငါရေးတာ'

'တော်ပါဟာ. . . နင့်ကိုလေ. . . ငါပြောကို မပြောချင်တော့ဘူး'

ချစ်သူကတော့ ကျွန်တော်တို့နှစ်ယောက်အဖြစ်ကို ပြုံး၍ကြည့်နေသည်။

'မြင့်စန်းရီကော ကဗျာရေးပြီးပြီလား'. . . . ။

ချစ်သူ ဟဟလေးရယ်လိုက်သည်။ ပြီးမှ

'အင်း. . . ပြီးတော့ပြီးနေပါပြီ။ ဒါပေမယ့်. . '


'ကျွန်တော့်ကို ပေးဖတ်ပါလား'

'သူ့စကားမဆုံးခင် ကျွန်တော်ရဲ့ ကြားဖြတ်စကားကြောင့် သူကြောင်သွားပြီး

'ရှင်. . အော်. . ဟုတ်ကဲ့. . . အဲ. . မပါလာသေးဘူးလား မသိဘူး။ အဲ. . . ပါလာတယ်'

ဟုဆို၍ သူ့လွယ်အိတ်ထဲ သူပြန်ရှာဖွေပြီး စာရွက်ကလေးတစ်

စောင် ဆွဲထုတ်လိုက်သည်။ ကျွန်တော် သူ့လက်ထဲကစာကို ဖြတ်ခနဲ ဆွဲယူပြီး ဖွင့်ဖတ်လိုက်ရာ။




'ကောင်းလိုက်တဲ့ ကဗျာတွေ'. . .

ဘယ်သူမှ မမြင်အောင်ဖတ်ပြီး ဝမ်းသာအားရချီးမွမ်း လိုက်သဖြင့် ချစ်သူက 'ဟုတ်ရဲ့လား' ဟူ၍ တိုးတိုးလေးပြောပြီး ရှက်ပြုံးပြုံးလိုက်၏။ ကျွန်တော့်စကားကြောင့် စပ်စပ်စုစု သိချင်သော မာမာက ကျွန်တော့် လက်ကစာကို အတင်းဆွဲယူလိုက်သည်။

www.burmeseclassic.com



'ဘယ်မှာလဲ ငါ့ကိုလည်းပေးဖတ်စမ်း'
ဆိုပြီး ထုံးစံအတိုင်း ဆိုးဆိုးဆတ်ဆတ် ဆွဲယူပြီး ဖွင့်ဖတ်လိုက်ရာ . . .။

'ဟင်'

သူ့မျက်စိမှာ မြင်လိုက်ရသော ခွင့်တိုင်စာကြောင့် မာမာအံ့အားသင့်သွားပြီး ကျွန်တော့်ဖက်လှည့်၍ ဒေါသတကြီးဖြင့်

'စောကြည်ဖြူ . . နင် . . နင်ဟာလေ . . . တောက်'

စကားပြောလျှင် ခြေရောလက်ရောပါပြီး အားတက်သရော ပြောတတ်သူမို့ သူ့လက်ထဲက ခွင့်တိုင်စာက ကျွန်တော့် နှာခေါင်းနား ဝဲနေ၏။ ကျွန်တော်တို့နှစ်ယောက်ကို ကြည့်ပြီး ချစ်သူ ဇဝေဇဝါ ဖြစ်သွားပုံရ၏။

'ကဗျာက ဘာဖြစ်လို့လဲ မာမာ မကောင်းလို့လား'

ဟုဆို၍ ဝင်ပြောသောကြောင့် မာမာက သူ့လက်ထဲက စာကို မြင့်စန်းရီထံ ပြန်ထိုးပေးလိုက်ပြီး

'ရော့ဖတ်ကြည့်'

ချစ်သူ စာရွက်ကို ပြန်ယူပြီး ဖတ်ကြည့်လိုက်ရာ

'ခစ်'

သူ့နှုတ်ခမ်းကို သူ့လက်နှင့် ပြန်အုပ်ရင်း ခစ်ခနဲ ရယ်လိုက်သည်။ လှသည်။ ပြီးမှ ရယ်ကျဲကျဲနှင့်

'ဟိုလေ . . . မြင့်စန်းရီ ကဗျာစာရွက်မှတ်ပြီး ပေးလိုက်တာ ဟင်း . . . ဟင်း ခွင့်တိုင်စာကြီး ဖြစ်နေတယ်'

'ဟင် . . . ခွင့်တိုင်စာလား။ ကျွန်တော်က ကဗျာမှတ်လို့'

ဟု ဝင်ဖောက်လိုက်သောကြောင့် မာမာဒေါသပိုထွက်သွားပြီး

'နင်ဟာလေ . . . တောက် . . . စောကြည်ဖြူနော် . . . စောကြည်ဖြူ . . . ဟင်းဟင်း'

ဟု အသားလွတ်ဝင်ကြိမ်းသည်။ သိတယ်မဟုတ်လား မာမာက



BURMESE CLASSIC .com

www.burmeseclassic.com



ဒေါသကုမ္မာရ။ ကျွန်တော်သူ့ကို ကြည့်ပြီး ပို၍ စချင် နောက်ချင်သွားပြီ

'မာမာရယ်. . . နင့်မျက်နှာကြီးက အဲသည်လို မဲ့မထားပါနဲ့၊ တကတည်း မယ်ကုဝန် ဖဲရှုံးတဲ့'

ကျွန်တော့်စကားပင်မဆုံးလိုက်ပါ။ မာမာက

'စောကြည်ဖြူ နင့်ကို ငါလည်ပင်းညှစ်မိတော့မယ်နော်'

ပြောတာက နောက်ကျသည်။ သူ့လက်ကလည်ပင်းပေါ် အရင်ရောက်လာသဖြင့် အလျင်အမြန်ရှောင်လိုက်ပြီး. . .

'မဟုတ်ဘူး . . . မယ်ကုဝန်ဖဲရှုံးထားတဲ့နားက ဖဲနိုင်နေတဲ့ ပပဝတီလိုပဲ ပြုံးလို့ ရွှင်လို့လို့ ပြောမလို့'

မာမာလက်ပြန်ရုတ်သွားသည်။ ချစ်သူကတော့ ကျွန်တော်တို့နှစ်ယောက်ကို သဘောကျစွာ တခစ်ခစ် ရယ်နေလေတော့သည်။ ဟိုကောင်အိုင်လပ်(ဖ်)ယူကတော့ ဘာအကြံထုတ်နေသည်မသိ။ ငြိမ်သက်လို့ ။ ဒီကောင့်ပုံကြည့်ရတာ သိပ်တော့မရိုး။ သူရိုးတာ မရိုးတာကိစ္စမရှိ။ ကျွန်တော် မရိုးဖို့ အရေးကြီး၏။

'ဒါနဲ့ မြင့်စန်းရီ၊ တစ်ခါတုန်းက ကားပေါ်တွေ့လိုက်ရတဲ့ လူကြီးက မြင့်စန်းရီနဲ့ ဘာတော်လဲဟင်'

ရယ်နေသော ချစ်သူ၏ မျက်နှာရုတ်ချည်း တည်သွားသည်။ နောက်. . . သက်ပြင်းကို ခပ်မှျင်းမှျင်းချသည်။ တစ်ချက် ကျွန်တော့်ကို ဝေ့ကြည့်သည်။ ကျွန်တော်တို့အားလုံး သူမ၏အဖြေကို ငံ့လင့်နေကြကြောင်း ပြောပြရန်လိုအံ့မထင်။ သူအဖြေမပေးခင် ခဏကလည်း တဆိတ်ကြာလွန်းနေသည် ထင်ပ့ါ။ ထိုခဏလေး၌ပင်. . . .

'ဟေ့ကောင် အလိမ္မာတုံး'

ဟူသော အဝေးက ခေါ်သံကြားရသည်။ ကျွန်တော်တို့ အားလုံး ထိုအော်သံကြားရာ ဝေ့ကြည့်လိုက်ရာ



BURMESE CLASSIC .com

www.burmeseclassic.com



'ဟာ. . . ဓာတ်ရှင်ကြောင်'

ဟုတ်ပါသည်။ ဓာတ်ရှင်ကြောင်နှင့် ဓာတုပလယာအတွဲ။ ကျွန်တော်တို့ရှိရာဘက် ခပ်သွက်သွက် လှမ်းလာကြသည်။ အနားရောက်တော့ မာမာက

'ဟဲ့ ဓာတ်ရှင်ကြောင် နင်ဘယ်ပျောက်နေတာလဲ'

'ငါတောင်ငူခဏ ပြန်သွားတာ'

'ခစ်'

ခုနငြိမ်သက် တည်ကြည်နေသော ချစ်သူထံမှ ခစ်ခနဲ ရယ်သံပြန်ကြားရ၏။ ဓာတ်ရှင်ကြောင် နာမည်ကြားပြီး တောင်ငူမြို့ကိုပါတွဲကြားလိုက်ရ၍ ရယ်ခြင်းဖြစ်ပေလိမ့်မည်။ ဟုတ်ပါသည်။ ဓာတ်ရှင်ကြောင်က တောင်ငူသား နာမည်ရင်းက ရဲမျိုးနိုင်။ သို့သော် သူက ရုပ်ရှင်မင်းသားရူးမို့ သူ့နာမည်ရင်းကို ဘယ်သူမှ မခေါ်ဘဲ ဓာတ်ရှင်ကြောင်ဟုသာ တညီတညာတည်း သတ်မှတ်ခဲ့ကြသည်။ အဲ . . . သူနှင့်တွဲသည့် ဓာတုပလယာကလည်း ဓာတုဗေဒ (Chemistry) ကျောင်းသူ။ နာမည်က ခင်မြလှိုင်. . ။ သို့သော် ဘယ်သွားသွားဘယ်လာလာ ဓာတ်ရှင်ကြောင်ဆိုသောကောင်ကို ပလယာသဖွယ် ညှပ်ညှပ်ထားတတ်သောကြောင့် ဓာတုပလယာဟုခေါ်ခြင်းဖြစ်၏။ သူတို့နှစ်ယောက်၏ အကြောင်းကိုကြုံကြိုက်သည့်အခါ ချစ်သူကို ပြောပြရဦးမည်။

'ဟေ့ကောင် အလိမ္မာတုံး။ မင်းကို ဆရာလေး ဦးခင်မြိုင် ခေါ်ခိုင်းလိုက်လို့ကွ'

ဆရာလေး ဦးခင်မြိုင်ဆိုသည်မှာ သမိုင်းကထိက။ နောက် သူကကျောင်းမှာ အနုပညာနှင့် ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူထားသူ။

'ဘာကိစ္စတဲ့လဲကွ'



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော့်အမေးကို ခေတ်ရှင်ကြောင်မှ မျက်မှောင်ကြုတ်လိုက်ပြီး။

'မသိဘူးကွ၊ သူမှာလိုက်တာတော့ မင်းကိုတွေ့တဲ့နေရာ လည်ပင်းကြိုးချည်ပြီး ဆွဲခေါ်ခဲ့တဲ့ အရေးကြီးတယ်တဲ့ကွ'

'လည်ပင်းကြိုးချည်ခေါ်ခဲ့ရအောင် ငါကဟိုကောင်မှ မဟုတ်ဘဲ'

'အေး အဲဒါတော့ ငါလည်း မသိဘူး။ ဟ. . . ဟော့ကြောင် မင်းအမြီးကြီး ငါတက်နင်းမိတော့မယ်။

ဟု အလောတကြီးဆိုလိုက်သဖြင့် ကျွန်တော်လည်း ယောင်ပြီး ကျွန်တော့် အနောက်ကို ပြန်ငုံ့ကြည့်မိသည်။ ချစ်သူကတော့ ကျွန်တော့်ရဲ့ အပြုအမူကိုကြည့်ပြီး သဘောကျစွာ တခစ်ခစ်နှင့် ရယ်နေလေတော့သတည်း။

❖ ❖ ❖

BURMESE CLASSIC .com

'လာစောကြည်ဖြူ'

'ဟုတ်ကဲ့ဆရာ'

ဆရာအရှေ့ထိုင်ခုံသို့ ကျွန်တော်ဝင်ထိုင်လိုက်၏။ ဆရာက စာရေးနေရာမှ ရပ်ပြီး မျက်မှန်ပေါ်ကျော်၍ ကျွန်တော့်ကို ကြည့်သည်။ ပြီးနောက် ဘောပင်နှင့် စားပွဲကို တဒေါက်ဒေါက် ခေါက်ပြီး။

'ဒီနှစ်ဖရက်ရှာ ဝဲ(လ်)ကမ်းမှာ ဒို့ကျောင်းသားဟောင်း တွေက စင်တင်ပြဇာတ်တစ်ပုဒ် ကချင်လို့'

'ဟုတ်ကဲ့ဆရာ'

'အဲဒါ။ မင်းက ဆရာ့ကို ဇာတ်ညွှန်းခွဲပေးစမ်းပါ။'

'ဟုတ်ကဲ့။ ရပါတယ်ဆရာ'

ဆရာဦးခင်မြိုင် သက်ပြင်းချလိုက်ပြီး

'အေးကွ၊ ဒို့များဆီကလည်း အနုပညာနဲ့ ပတ်သက်ပြီး တကယ် လုပ်နိုင်တဲ့လူက ခပ်ရှားရှားမဟုတ်လား'

'ဟုတ်ကဲ့ဆရာ'

'ဒါကြောင့် မင်းကိုခေါ်ပြီး လုပ်ခိုင်းရတာ'

'ဟုတ်ကဲ့ ကျေးဇူးပါပဲဆရာ'

www.burmeseclassic.com



'ဇာတ်ကတော့ ဝေဿန္တရာဇာတ်ပါပဲ'

'ဟုတ်ကဲ့ဆရာ'

'အဲဒါကို လေးဆယ့်ငါးမိနစ်စာ အခန်းငါးခန်းလောက်ပဲ ခွဲပြီး ရေးပေးပေါ့ကွာ'

'ဟုတ်ကဲ့ ရပါတယ် ဆရာ။ ကျွန်တော်ရေးပေးပါမယ့်'

'ဇာတ်ကောင်တွေကိုလည်း မင်းဘာသာမင်း ကျောင်းသားထဲက လုပ်နိုင်တဲ့သူတွေကို ရွေးပေါ့'

'ဟုတ်ကဲ့ ဆရာ။ ရပါတယ်'

ဆရာမျက်မှန်ကိုချွတ်၍ လက်ကိုင်ပဝါနှင့် သူ့မျက်နှာကို သူပြန်သုတ်လိုက်သည်။ အနည်းငယ်ကြာမှ

'ဇာတ်က ဝေဿန္တရာဇာတ်နော်. . . . မှတ်ထားဦး'

'ဟုတ်ကဲ့ မှတ်မိပါတယ် ဆရာ'

ဆရာက ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီး

'အခန်းက ငါးခန်းပေါ့ကွာ. . . ဝေဿန္တရာ တောထွက် တာကစပြီး ရေးပေါ့ ဟုတ်လား'

'ဟုတ်ကဲ့ ဆရာ ကျွန်တော်ရေးလိုက်ပါ့မယ့်'

'အေးအေး. . . ဒါနဲ့ လေးဆယ့်ငါးမိနစ်စာနော်. . .။ အခန်းတွေလည်း မအိုင်စေနဲ့'

'ဟုတ်ကဲ့ စိတ်ချပါဆရာ'

ဆရာက ကျွန်တော့်ကို ဝေ့ကြည့်ပြီး

'စိတ်မချလို့ ပြောတာတော့မဟုတ်ဘူးပေါ့ကွာ. . ဒါပေမယ့် အကောင်းဆုံးဖြစ်အောင်ပါ။'

'စိတ်ချပါဆရာ။ ကျွန်တော်အတတ်နိုင်ဆုံး ကြိုးစားလိုက်ပါ့မယ်'



BURMESE CLASSIC .com

www.burmeseclassic.com



ဆရာခေါင်းညိတ်၍ မျက်မှန်ပြန်တပ်လိုက်သည်။ ပြီးနောက် ဘေးနားက စာအုပ်တစ်အုပ်ကို ဆွဲယူလိုက်ပြီး

'ဇာတ်ကောင်တွေကတော့ မင်းဘာသာမင်း ကျောင်းသားထဲက သင့်တော်တဲ့လူကို ရွေးပေါ့ကွာ'

'ဟုတ်ကဲ့ရှိပါတယ်ဆရာ။ ကျွန်တော်သင့်တော်တဲ့လူ ရွေးလိုက်ပါ့မယ်'

'အေး. . . သတိထားရမှာကတော့ လေးဆယ့်ငါးမိနစ်ထက် မကျော်စေနဲ့ပေါ့။ ဘာလို့လည်းဆိုတော့ တခြားအစီအစဉ် တွေလည်း ဝင်ဦးမှာမို့'

'ဟုတ်ကဲ့ စိတ်ချပါဆရာ၊ ကျွန်တော်အတတ်နိုင်ဆုံး နီးစပ်အောင် လုပ်ပါ့မယ်'

ဆရာက ကျွန်တော့်ကို မကြည့်ဘဲ စာအုပ်လှန်လိုက်သည်။

'အေးအေး. . . အခန်းက ငါးခန်းလောက်ပဲ ဆိုတော့ ဇာတ်ကို အတတ်နိုင်ဆုံး ချုံ့ရေးပေါ့ကွာ'

'ဟုတ်ကဲ့စိတ်ချပါ ဆရာ။ ကျွန်တော် လုပ်ထားလိုက်ပါ့မယ်'

'ဟိုကွာ. . အသေအချာတော့လုပ်ပေါ့ အပိုအလို မရှိအောင်ပါ'

'ဟုတ်ကဲ့ ကျွန်တော်ဂရုစိုက်ပါ့မယ်ဆရာ'

ဆရာက စာရွက်တစ်ရွက်ကို ထပ်လှန်လိုက်သည်။ ကျွန်တော် လည်း ပြောစရာစကားမရှိတော့ပြီမို့ ဆရာ့ကို နှုတ်ဆက်ရန်အထ။

'ဇာတ်က ဝေဿန္တရာဇာတ်ဆိုတော့ကွာ. . . နည်းနည်းတော့ကြီး တယ်'

ဆရာ့စကားက မဆုံးသေးသည်မို့ ကျွန်တော် 'ဟုတ်ကဲ့ ဆရာ' ဟု ပြောပြီး ပြန်ထိုင်လိုက်ရသည်။ ဆရာက ကျွန်တော့်ကိုလည်း မကြည့်၊ စကားကိုလည်း မဆက်ပဲ သူ့ရှေ့စာအုပ်က စာရွက်ကို တစ်ရွက်ချင်း



BURMESE CLASSIC .com

www.burmeseclassic.com



ဖြည်းဖြည်းချင်း လှန်နေလိုက်သည်။ ကျွန်တော်လည်း သူဘာမှဆက်မပြောတော့ပြီမို့ ငြိမ်းလောက်ပြီ အမှတ်နှင့် မတ်တပ်ထအရပ်။

'ကျောင်းသားတွေထဲက လုပ်နိုင်တဲ့လူတွေတော့ရှိမှာပေါ့နော်. . .'

ဟု စကားထပ်ဆက်သဖြင့် "ဟုတ်ကဲ့ ရှိပါတယ်ဆရာ'။ ဟုဆိုပြီး ကျွန်တော်ပြန်ထိုင်လိုက်ရသည်။ ဆရာက ကျွန်တော် ထိုင်လိုက်ကာမှ ကျွန်တော့်ကို မျက်မှန်ပေါ်မှ ကျော်ကြည့်ပြီး ဘာမှ ဆက်မပြောတော့ဘဲ စာရွက်ကို ဖြည်းဖြည်းချင်း ထပ်လှန်နေသည်။ နောက် သူ့အိတ်ထဲမှ ဘောပင်ထုတ်၍ စာအုပ်ထဲ ဟိုမှတ်ဒီမှတ် လုပ်နေပြန်၏။ ကျွန်တော်လည်း သူဘာမှ ဆက်မပြောတော့ပြီမို့ နှုတ်ဆက်ရန် ထလိုက်ပြန်သည်။

'ဒါနဲ့ မဒီနေရာမှာ ကျောင်းသူတစ်ယောက် လိုမှာပေါ့နော်'

ကျွန်တော် ထရပ်လိုက်သည်နှင့် ဆရာစကား ပြန်စသဖြင့် ကျွန်တော်လည်း အလျင်အမြန်ပြန်ထိုင်လိုက်ပြီး 'ဟုတ်ကဲ့ ဆရာ'ဟု ထောက်ခံလိုက်ရ၏။

'ကျောင်းသူထဲကရော ဝါသနာပါတဲ့လူတွေ ရှိမှာပေါ့'

'ဟုတ်ကဲ့ရှိပါတယ်ဆရာ'

ဆရာသက်ပြင်းချလိုက်သည်။ သူ့ပုံကတစ်ခုခုကို စိတ်အိုက်နေသည့်ပုံ။ အတန်ကြာမှ ကျွန်တော့်ကို ဝေ့ကြည့်လိုက်ပြီး

'အေးအေး. . . လုပ်နိုင်တဲ့လူရှိရင် ပြီးတာပဲ'

ကျွန်တော်တို့နှစ်ယောက်လုံး အသံတိတ်သွား၏။ ဆရာက သူမှတ်နေသော စာအုပ်ကိုပိတ်၍ နောက်တစ်အုပ် ဆွဲယူလိုက်ပြန်သည်။ ကျွန်တော်လည်း ပြောစရာမရှိတော့ပြီမို့ မတ်တပ်ထအရပ်။

ဒါနဲ့ ဝေဿန္တရာဇာတ်ကျောရိုးကို မင်းသိတယ် မဟုတ်လား'

ဟု စကားပြန်စသဖြင့် 'ဟုတ်ကဲ့ဆရာ'ဟု အလောတကြီး ဖြေပြီး



BURMESE CLASSIC .com

www.burmeseclassic.com



ပြန်ထိုင်လိုက်ရသည်။ ဆရာက ကျွန်တော့်ကို မကြည့်ဘဲ သူ့ရှေ့က စာအုပ်ကိုလှန်၍ ဟိုခြစ်ဒီခြစ်လုပ်နေပြန်၏။ ဘာမှလည်း ဆက်မပြော တော့ပြန်ပါ။ ကျွန်တော်လည်း ကျွန်တော် နှုတ်ဆက်ရန် မတ်တပ်ရပ် ချိန်နှင့် သူ့စကားပြန်စချိန် ဆုံဆုံနေသဖြင့် မည်သို့ပြုလုပ်ရမည်မသိဘဲ ငြိမ်သက်နေလိုက်၏။ ဒီတစ်ခါတော့ ဆရာလည်း ကျွန်တော့်ကို မေ့သွား ပြီထင်သည်။ သူ့ရှေ့က စာအုပ်နှစ်အုပ်ကိုဖွင့်၍ သည်းကြီးမည်းကြီး ရှာဖွေ မှတ်သားနေလေသည်။ ကျွန်တော့်ကိုလည်း ဘာမှ ဆက်မပြောတော့ပါ။ ထို့ကြောင့် ဤသည်ကို အခွင့်ကောင်းယူ၍ ပြန်ရန်အထ

'ကဏှာနဲ့ ဇာလီမင်းဘယ်လိုလုပ်မှာလဲ။ ဟိုဇာတ်ထဲမှာက ကလေး တွေကွ. . . ငါတို့ကျောင်းသားတွေက နည်းနည်းကြီးနေပြီ'

သေတော့မှာပဲ။ ကျွန်တော် ရုတ်တရက် ဘာပြောရမှန်း မသိဘဲ ပြန်ထိုင်ချလိုက်ရ၏။ နောက်မှ တဖြည်းဖြည်း စဉ်းစားပြီး

'ကျွန်တော်စီစဉ်လိုက်ပါ့မယ် ဆရာ'

ဟုသာ ပြန်ပြောလိုက်ရသည်။ ဆရာက ကျွန်တော့်စကားကို ခေါင်းတညိတ်ညိတ်လုပ်ရင်း ကျွန်တော့်ကို မျက်မှန်ပေါ်မှနေ၍ ကျော် ကြည့်လိုက်သည်။

ဘာကို အလိုမကျသည်မသိ။ မျက်နှာကတော့ တစ်မျိုးပဲဟု အောက်မေ့မိ၏။ နောက် ဘာမှ ဆက်မပြောတော့ဘဲ သူ့စာအုပ်သူလှန်၍ သူ့ဘာသာ သူလက်ညှိုးနှင့် ထောက်လိုက် ဘောပင်နှင့်မှတ်လိုက် လုပ်နေ ၏။ ကျွန်တော်လည်း ဆက်ပဲ ထိုင်နေရမလို။ နှုတ်မဆက်ဘဲ 'ထ'ထွက် သွားရမလိုနှင့် ယောင်တောင်ပေါင်တောင်ဖြစ်နေရ၏။ ထို့ကြောင့် မတတ် သာသည့် အဆုံး ဆရာစိတ်ဆိုးလျှင် ဆိုးပါစေတော့ဟု စဉ်းစားပြီး ထိုင်ရာ မထဘဲ နှုတ်ဆက်ဖို့အပြင်-



BURMESE CLASSIC .com

www.burmeseclassic.com



'မင်းမသွားသေးဘူးလား'

ဟူသော ဆရာ့အသံကြား၍ ကျွန်တော်ဘာပြန်ပြောရမှန်း မသိဖြစ်သွားမိ၏။ ထို့ကြောင့် ဆရာ့ကိုသာ မျက်လုံးအပြူးသားနှင့် ကြောင်ငေးကြည့်နေမိတော့၏။ စဉ်းစားကြည့်လေ။ ကျွန်တော် ပြန်ရန် နှုတ်ဆက်ရန် ပြင်နေချိန်တွင် သူပဲစကားကို ဆက်ဆက်ပြီး ပြောနေပြီး တော့ အခုကျမှ မင်းမသွားသေးဘူးလား ဆိုတော့။

ဆရာက သူ့ကို ကြောင်ငေးကြည့်နေသော ကျွန်တော့်ကို မျက်မှောက်ကြုတ်၍ ပြန်ကြည့်ပြီး

'ငါက မင်းဘယ်အချိန်နှုတ်ဆက်မလဲ။ နှုတ်ဆက်မလဲဆိုပြီး စကားစဖြတ်ဖြတ်ပြီး စောင့်နေတာ။ မင်းနှုတ်မဆက်သေးလို့ ငါက စကားမရှိ စကားရှာ ပြောနေရတာကွ. . .။ အခုမှ ဘာဆက်ပြော ရမှန်း မသိတော့ လို့ မေးကြည့်တာ။ မင်းမပြန်သေးဘူးလားလို့'

သူ့ခမျာလည်း ဘာဆက်ပြောရမှန်းမသိ၍ စိတ်ရှုပ်နေပုံရ၏။ ထို့ကြောင့် ကျွန်တော်ကပင် ပျာပျာသလဲဖြင့် 'ဟုတ်ကဲ့ ကျွန်တော်သွားပါပြီဆရာ'ဟု ကမန်းကတန်း ဝင်ပြောလိုက်ရသည်။ ထိုတော့မှ ဆရာက ကျွန်တော့်ကိုကြည့်၍ စိတ်သက်သာသွားသလို သက်ပြင်းချ၍

'အေး. . . . သွားတော့။'

ဟုဆို၍ ကျွန်တော်လည်း ဆရာ့ကို ထပ်နှုတ်မဆက်နိုင်တော့ဘဲ ကုပ်ကုပ် ကုပ်ကုပ်နှင့် သုတ်သုတ် သုတ်သုတ်လစ်ထွက်ရန် အပြင်။ ဆရာက ကျွန်တော့်ကိုကြည့်ပြီး

'ဟော့ကောင် ဝေဿန္တရာဇာတ်နော်'တဲ့။

အော် ခက်ရချည်ရဲ့။ ထိုင်ရမလို ထရမလိုနှင့် ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'လေးဆယ့်ငါးမိနစ်စာနော်. . . မပိုစေနဲ့'

ကျွန်တော်ထပ် ခေါင်းညိတ်ပြလိုက်သည်။ ပြီးနောက် ဆရာစကားစ မပြတ်သေးဘူးထင်ပြီး ပြန်ထိုင်မလို့ လုပ်စဉ်ဆရာက ကျွန်တော့်ကို မျက်မှောင်ကြုတ်ကြည့်ပြီး

'မင်းမသွားသေးဘူးလား'တဲ့. . .

ကဲ. . . .။ စောကြည်ဖြူ မင်းကြုံလိုက်ရင်ဖြင့် အထူးအဆန်းတွေချည့်ပါလားကွာ. . .။

❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com

ကာလဇာတ်ဆရာဆီ

ဇာတ်ကြေးမတောင်းရသေးခင်

ငါတို့ကို

တိမ်မင်းသားတွေ ဖြစ်အောင်

ပို့ပေးလိုက်တဲ့

လေပြေက

နာမည်တစ်လုံးမှ မရသေးခင်

အစွန်းတစ်ဖက်ကို

မှုတ်ထုတ်ပစ်လိုက်ပြန်တယ်။

*ရာဘန္ဒြာနတ်(သ်)တဂိုး. . . ။*

www.burmeseclassic.com




ထိုနေ့မှစ၍ ကျွန်တော့်ကိုယ်ပိုင်အချိန်၏ သုံးချိုးနှစ်ချိုးကို ကျောင်းကပွဲက အပိုင်စားရသွားလေသည်။ အမှန်တော့ ကျောင်းသူ ကျောင်းသားများနှင့် ကပွဲတစ်ခု လုပ်ရသည်မှာ လွယ်ကူလှသည့် အလုပ်တော့မဟုတ်။

ကျောင်းသူကျောင်းသားများမှာ ဝါရင့်ပညာရှင်များ မဟုတ်သည့်အတွက် ဒီလိုဆိုင်ပြောဇာတ်တစ်ခုကရန်မှာ လွန်စွာ ခက်ခဲလှသည်။ ဇာတ်စာဇာတ်စကား လေယူလေသိမ်းမှအစ ဇာတ်တစ်ခုအတွက် အလွန်အရေးကြီးသည် မဟုတ်ပါလား။ ထို့အပြင် ကရမည့် ဇာတ်ကလည်း ပေါ့ခေခေဇာတ်မဟုတ်။ ဝေဿန္တရာဇာတ်။ ကိုယ်လုပ်နိုင်လျှင် လုပ်နိုင်သလို ပရိသတ် ရင်ထဲစွဲကျန်စေမည့် ဇာတ်မျိုး။

ဝေဿန္တရာဇာတ်က အားလုံးသိကြသည့်အတိုင်း ပါဝင်သည့် ဇာတ်ရုပ်တွေက အားလုံးအရှင်တွေ။ ဝေဿန္တရာကလည်း သူ့ရှုထောင့်နှင့်သူ မဒီကလည်း သူ့အလွမ်းအဆွေးနှင့်သူ ပုဏ္ဏားကလည်း သူ့ရက်စက်မှုနှင့်သူ ဇာလီနှင့်ကဏှာစိန်တို့ကလည်း သူ့ခံစားမှုနှင့်သူ။ ဇာတ်ရုပ်တိုင်းကို လျှော့တွက်၍မရ။ အဓိကကတော့ ဝေဿန္တရာနှင့် ပုဏ္ဏားသာလျှင် ဝေဿန္တရာက ပို၍ သနားစရာ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ထိုဇာတ်ရုပ်နှစ်ခုကို လူရွေးချယ်ရာတွင် လူရွေးမှန်ဖို့က ဇာတ်အတွက်

www.burmeseclassic.com





လွန်စွာ အရေးကြီး၏။ အတိုက်အခံကလေးရှိမှ ဇာတ်ပိုမြိုင်မည်။

ထို့ကြောင့် အပြင်မှာလည်း အတိုက်အခံရှိသည့် လူနှစ်ယောက်ကို ကျွန်တော် စဉ်းစားကြည့်လိုက်သည်။ ဟုတ်ပြီ။ ဟိုကောင် နှစ်ကောင်က ရည်းစားလုဖက်။ သူတို့နှစ်ယောက်ကို တစ်ယောက် ဝေဿန္တရာနေရာ ထား၍ တစ်ယောက်ကို ပုဏ္ဏား နေရာထားလိုက်သည်။ ဒါမှ နှစ်ယောက် လုံး မခံချင်စိတ်နှင့် အပြိုင်အဆိုင် ကြိုးစားကြမည် မဟုတ်ပါလား။

မဒီနေရာကရော။ မဒီနေရာက လွယ်ပါတယ်။ သူတို့နှစ်ယောက် အပြိုင်အဆိုင်ပိုးနေကြသည့် အိအိသန့်ကလေးကို ထားလိုက်မည်။ အိအိ သန့်ကလေးက ရုပ်လည်း ချစ်မွှေးပါသည့်အပြင် အကလည်း နည်းနည်း ပါးပါး ကတတ်၏။

ဇာလီနဲ့ ကဏှာစိန်နေရာကရော။ ဒါကလွယ်ပါတယ်။ ဟိုကောင် နှစ်ကောင်ထားလိုက်မည်။ ဒီကောင်နှစ်ကောင်က ရုပ်ခံကောင်းသည်။ ဒီအတိုင်းနေလျှင်တောင် ထမင်း(၇)ရက် မစားရသေးတဲ့ ရုပ်လို၊ ရုပ်ခံကို က သနားစရာ။ နောက်နှစ်ယောက်လုံးက တောင်းရမ်းဖို့ဆို နှုတ်သွက်လျှာ သွက်။ ကျောင်းမှာတောင် တွေ့တဲ့လူ ပိုက်ဆံလိုက်ချေး နေသည့်ကောင်



BURMESE CLASSIC .com

www.burmeseclassic.com



တွေ့။ ဇာလီနှင့်ကဏ္ဍာစိန် ပုဏ္ဏားရိုက်ပြီး ပိုက်ဆံလိုက် အလျှုံခံခန်းဆိုလျှင် သူတို့တောင်းတတ်ပုံနှင့်က ကွက်တိပဲ။

ထို့ကြောင့် ဝေဿန္တရာဇာတ်အတွက် လိုအပ်သည့် လူများကို ကျွန်တော်ကွက်တိဖြစ်အောင် စဉ်းစားစိစစ်ပြီး အပြီးသတ် ရွေးချယ်လိုက်သည်။

ကျွန်တော်ရွေးချယ်လိုက်သော လူစာရင်းမှာ အောက်ပါအတိုင်း ဖြစ်၏။

| | | | | |
|---|---|---|---|---|
| ၁။ | မျိုးထွန်းဝင်း | (သင်္ချာ) | = | ဝေဿန္တရာ |
| ၂။ | အိအိသန့် | (မြန်မာစာ) | = | မဒ္ဒီ |
| ၃။ | ကိုကိုလွင် | (မြန်မာစာ) | = | ပုဏ္ဏား |
| ၄။ | မျိုးမင်းသန့် (ခ) ကောင်လေး | (သမိုင်း) | = | ဇာလီ |
| ၅။ | ကျော်ကိုကို | (အင်္ဂလိပ်စာ) | = | ကဏှာစိန် |

ကျွန်တော့်လူစာရင်းကို ကျွန်တော်ကျေနပ်အားရ လှသော်လည်း မကျေနပ်သူက ခတ်ရှင်ကြောင်။

'ဟေ့ကောင်ဖြစ်ပါ့မလားဟင်၊ မင်းဟာက မျိုးထွန်းဝင်းနဲ့ ကိုကိုလွင်ဆိုတာ တည့်တာမဟုတ်ဘူးနော်. . နောက်၊ ကျော်ကိုနဲ့ ကောင်လေးဆိုတာက ကစော်သမားတွေ'။

'ဖြစ်ပါတယ်ကွာ။ ဝေဿန္တရာနဲ့ ပုဏ္ဏားက ဒီလိုအပြိုင်အဆိုင် ဖြစ်မှ ပိုမြိုင်မှာ။ ဟိုကောင်နှစ်ကောင်ကလည်း အရက်သာသောက်တတ်တာ အခံအအုပ်ကျတော့ သူတို့ကို မီတဲ့လူမရှိဘူး'

ကျွန်တော့်စကားကို ခတ်ရှင်ကြောင်သိပ်ကျေနပ်ပုံ မရသော်လည်း ဘာမှ ဆက်မပြောတော့။ ပြောလို့မရဘူးလေ။ ဒီဇာတ်မှာ ကျွန်တော်က ဇာတ်ဆရာကိုး။



BURMESE CLASSIC .com

www.burmeseclassic.com



'ဒါနဲ့ ငါ့ကိုရော ဘယ်အခန်းက ထည့်ထားသေးလဲ အဟီး'

လုပ်ပြီ။ ခတ်ရှင်ကြောင် မင်းသားရူး။ ခတ်ရှင်ကြောင်က ကိုယ်တိုင်လည်း အဖြစ်မရှိဘဲပြီတီတီဝင်ပြော၏။ ကျွန်တော်လည်း သူ့ကိုကြည့်မရသူမို့ ခပ်တည်တည်နှင့် ဖောက်လိုက်သည်။

'မင်းအတွက် အရေးကြီးတဲ့ အခန်းမှာ ပါဝင်နိုင်ဖို့ စီစဉ်ထားပါတယ်'

ခတ်ရှင်ကြောင်မျက်လုံးများ အရောင်တောက်သွားပြီး

'ဘယ်အခန်းလဲ၊ ငါဘာလုပ်ရမှာလဲ'

ဟုဆို၍ အလောတကြီး မေး၏။ သူ့အမေးကို ကျွန်တော် ခပ်တည်တည်နှင့် အဖြေပေးလိုက်သည်။

'ဝေဿန္တရာစီးတဲ့ဆင်'


ကျွန်တော့်အဖြေလည်းကြားရော ခတ်ရှင်ကြောင်ထံမှ 'အသုဘ၊ တာတေ၊ လမ်းဘေးကောင်၊ ထမင်းငတ်၊ မိုးကြိုးပစ်၊ ကားတိုက်၊ ဆိုင်ကယ်မှောက်၊ ချောက်ထဲကျ၊ ညှောင့်စူး၊ လမ်းကြိတ် စက်ကြိတ်၊ အမြှောက်မှန်' စသည်ဖြင့် ကျိမ်နည်းပေါင်းစုံ သုံးရာခြောက်ဆယ့်ငါးနည်းကို တစ်နည်းမှ မလျှော့ဘဲ ကျိမ်သွားပြန်လေသည်။

❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com





တကယ် ဇာတ်တိုက်သောအခါကျတော့ အခက်အခဲများက ကျွန်တော့်ကို ဘီလူးစီးသလို စီးတော့၏။ အဓိကပြဿနာက ဇာတ်စာ ဇာတ်စကား။ ဇာတ်စာဇာတ်စကားကို ကျောင်းသူများကို သဘော ပေါက်အောင် သင်ရသည်မှာ လွယ်ကူလှသည်တော့ မဟုတ်။ ကျွန်တော် တို့ကိုယ်တိုင်ကလည်း ဝါရင့်ဇာတ်ဆရာ မဟုတ်သည့်အပြင် အသင်ခံယူ နေကြသည်ကလည်း မင်းသားများ မဟုတ်ကြ။ ထို့ကြောင့် ကျွန်တော်တို့ ကြားထဲ အလဲလဲအကွဲကွဲက မြောက်များစွာ။

ဒီကြားထဲ ပုဏ္ဏားလုပ်ရသည့် ကိုကိုလွင်ကလည်း တစ်မျှောင့်။ သူ့ကို ပုဏ္ဏားနေရာထားရပါ့မလားဆိုပြီး ကျွန်တော့်ကိုမကြည်။ အဓိက အကြောင်းကတော့ မဒီလုပ်ရသည့် အိအိသန့်နှင့် မတွဲရလို့ ဖြစ်ပေလိမ့် မည်။ ထို့ကြောင့် ဇာတ်စီးရသော ကျွန်တော့်ကို နည်းမျိုးစုံနှင့် ကလပ် သည်။ ကြည့်လေ. . . သူ ကျွန်တော့်ကို ကလပ်ပုံက

'စောကြည်ဖြူ။ ဒီဝေဿန္တရာဇာတ်ကို ငါမကချင်ဘူး'

'ဟင်. . . ဝေဿန္တရာဇာတ်မကရင် ဘာဇာတ်ကမှာလဲ'

'အင်္ဂလိမာဋ္ဌဇာတ် ကမယ်လေကွာ။ ငါပြန်ပြီး ဆန်းသစ်ထားတာ။ အရမ်းကောင်းတယ်'

www.burmeseclassic.com



သူ့စကားကို ကျွန်တော်စဉ်းစားလိုက်သည်။ အင်္ဂုလိမာဋ္ဌဇာတ်လို ကျော်ရိုးခိုင်ပြီးသား ဇာတ်ကို မည်သို့ ပြန်လည်ဆန်းသစ် မည်နည်း။ ကျွန်တော် အစဉ်းစားရ ကျပ်သွားသည်။ သိလည်း သိချင်သွားမိ၏။ ထို့ကြောင့်. . .။

'မင်းက ဘယ်လိုဆန်းသစ်ထားလို့လဲ'

'ဒီလိုကွာ၊ အင်္ဂုလိမာဋ္ဌက ဒိသာပါမောက္ခကြီး မိန်းမနဲ့ အထင်လွဲခံရတော့။ ဒီသာပါမောက္ခက သူ့ကို လက်ညှိုးတစ်ထောင် ပြည့်အောင် ဖြတ်ခိုင်းရော'

'ခိုင်းတော့'

ကျွန်တော့်ရင်ထဲ သိချင်ဇောနှင့်အမေးကို ကိုကိုလွင်မှ ရုတ်တရက် အဖြေမပေးသေးဘဲ ဆရာကြီးဟန်နှင့် ကော်လံကို ထောင်လိုက်သေးသည်။ နောက်မှ

'ခိုင်းတော့ကွာ။ လက်ညှိုးက တစ်ထောင်ပြည့်ဖို့ သုံးချောင်းပဲလိုတော့တယ်'

'ဟင်တစ်ချောင်းပဲ. . . လိုတော့တယ်မဟုတ်လား၊ နောက်ဆုံး သူ့မိခင်လက်ညှိုးဖြတ်လို့ ဘုရားရှင်ကချွတ်လိုက်တာလေ'

ကျွန်တော့်ရင်ထဲ အံ့သြတကြီး အမေးကို ကိုကိုလွင်မှ

'အဲဒါကြောင့် ငါပြန်ပြီး ဆန်းသစ်ထားတယ်လို့ပြောတာ။ အဲ. . . အဲဒါနဲ့ သူလက်ညှိုးတစ်ထောင်ပြည့်ဖို့ သုံးချောင်းပဲ အလိုမှာ လူတစ်ယောက်တွေ့တယ်'

'တွေ့တော့'

'တွေ့တော့ လိုက်တာပေါ့ကွာ။ ဟော့လူ မပြေးနဲ့ဆိုပြီး အားကုန် လိုက်ပါလေရော'



BURMESE CLASSIC .com

www.burmeseclassic.com





**'မိတော့ အင်္ဂလိမာဌက စားကြီးထုတ်ပြီး ဟော့လူ ခင်ဗျားဘယ်လက်ညှိုးပေးစမ်း'**

**'ဒုတ်'**

**'ညာလက်ညှိုးပေးစမ်း'**

**'ဒုတ်'**

သူပြောပုံက အားတက်သရော။ ကျွန်တော်ပါ သူ့အပြောထဲ မျောပါသွား၏။

'ဟိုလူက ဘယ်ပြေးလွတ်မလဲ၊ အင်္ဂလိမာဌက တန်ခိုးရှင်ပဲ မိတာပေ့ါ'

'မိတော့'

'မိတော့ အင်္ဂလိမာဌက ဓားကြီးထုတ်ပြီး ဟော့လူခင်ဗျား ဘယ်လက်ညှိုးပေးစမ်း'

'ဒုတ်'

'ညာလက်ညှိုးပေးစမ်း'

'ဒုတ်'

'အဲဒါနဲ့လက်ညှိုးပေါင်း တစ်ထောင်ပြည့်သွားရော'

'ဟင်. . . မင်းဟာက ဘယ်လိုကြီးလဲ'

'အဲဒါကြောင့် ငါပြောတာပေ့ါကွ။ ငါပြန်ပြီး ဆန်းသစ်ထားတယ်ဆိုတာ မကောင်းဘူးလား'

ကျွန်တော့်မျက်နှာ မဲ့သွားမှာ သေချာ၏။



BURMESE CLASSIC .com

www.burmeseclassic.com



'ဟာ. . . မကောင်းပါဘူးကွာ- မင်းဟာက ဘယ့်နှယ်မဟုတ်က ဟုတ်ကကြီး'

ဟုတ်ပါသည်။ စဉ်းစားကြည့်လေ။ ဘာကြီးမှန်းကို မသိဘူး။

'ကျွန်တော့်စကားကို ဒီကောင် သိပ်ကျေနပ်ပုံတော့မရ'

'အဲဒါကြောင့် ပြောတာ။ မင်းတို့ဟာ ခေတ်အမြင်ကို မရှိဘူး'

ဆို၍ ဆတ်တောက်ဆတ်တောက်နှင့် ထွက်သွားလေ၏။

နောက်ပိုင်း ဒီကောင်ဘာမှ မပြောတော့ ဇာတ်တိုက်လျှင် လာသည်။ မျိုးထွန်းဝင်းနှင့် အိအိသန့်တို့တွဲကလျှင် ရီဝေဝေ ေးကြည့်သည်။ ဇာတ်တိုက်ပြီးလျှင် ဇာလီနှင့် ကဏှာစိန် လုပ်ရမည့် ကျော်ကိုနှင့် ကောင်လေးကို ခေါ်ထုတ်သွားသည်။ သူတို့ ဘာအကြံအစည် ရှိသလည်း ဆိုတာ ကျွန်တော်လည်း မသိပါ။ ဒါပေမယ့် တစ်ခုခုတော့ ကြိတ်ကြံနေတာ သေချာ၏။ ကျွန်တော်လည်း သူတို့ကို သိပ်အလစ်မပေးရဲ။ သိတယ် မဟုတ်လား ကိုကိုလွင်ဆိုတဲ့ ကောင်က ပေါက်ကရကောင်။

❖ ❖ ❖

(၁၀)

ထိုအတောအတွင်း ချစ်သူနှင့်ကျွန်တော် သိပ်မဆုံဖြစ်တော့ကြောင်းအားလုံး သိကြပေလိမ့်မည်။ ကျွန်တော်ကလည်း ကျွန်တော့်အလုပ်နှင့် ကျွန်တော်ဆိုတော့ ခါတိုင်းလို သူ့ကိုသွားစောင့်၊ သွားကြိုမလုပ်နိုင်တော့။ ချစ်သူကတော့ တစ်ခါတစ်ရံ ကျွန်တော်တို့ ဇာတ်တိုက်သည့်ဘက်ကိုတော့ ရောက်တတ်၏။ သို့သော် သူတစ်ယောက်တည်းတော့ မဟုတ်။ သူနှင့်အတူ သူငယ်ချင်းတစ်ယောက် သို့မဟုတ် မာမာ၊ သို့မဟုတ် ဟိုကောင် အိုင်လပ်(ဖ်)ယူဆိုသည့်ကောင်ပါလာတတ်၏။ တခြားလူပါလာတာကတော့ သိပ်ပြဿနာမရှိ။ ဟိုကောင် အိုင်လပ်(ဖ်)ယူပါလာတာကတော့ ကျွန်တော့်ကို စိတ်အနှောင့်အယှက် အနည်းငယ် ဖြစ်စေသည်။ သိတယ်မဟုတ်လား။ ဒီကောင်ကလည်း ပေါက်ကရဆို သိပ်လုပ်တတ်တဲ့ကောင်။ ဒီကိုလာလျှင်တောင် ငြိမ်ငြိမ်မနေဘဲ ဟိုလိုလုပ်ပါလား။ ဒီလိုလုပ်ပါလားဟု ဆို၍ လက်ညှိုးတထိုးထိုးနှင့် လုပ်တတ်သေး၏။ ကျွန်တော့်စိတ်ထဲမှာတော့ ဟိုကောင်ကိုကိုလွင် ပြောသော အင်္ဂလိပ်မာဋ္ဌနှင့်သာ ဒီကောင့်ကို ပေးတွေ့လိုက်ချင်၏။ သိတယ် မဟုတ်လား။ 'ဒုတ်၊ ဒုတ်၊ ဒုတ်'ဆို လူဖြစ်ရှုံးပြီ။ မည်သို့ပင်ဖြစ်စေ၊ ချစ်သူ၏မျက်နှာ လှလှကို မြင်နေရတော့လည်း အလွမ်းပြေသလိုတော့ အရှိသား. . .။

ဤသို့ဖြင့် ဇာတ်ကရန်နေ့ ရောက်လာသည်ဆိုပါတော့။

❖ ❖ ❖

www.burmeseclassic.com



ထုံးစံအတိုင်း လူတွေက စည်ချက်ကမ်းကုန်၏။ ကဇာတ်ရုံတစ်ခုလုံး ပြည့်နှက်နေသည့်အပြင် ဇာတ်ရုံအပြင်မှာပါ ကျောင်းသူကျောင်းသားများဖွာထွက်နေ၏။

အဓိကစည်ကားရသည့် အကြောင်းကတော့ ကျွန်တော်တို့၏ ဝေဿန္တရာဇာတ် ကဇာတ်တိုက်စဉ်ကတည်းက ကောင်းတယ်ဆိုပြီး နာမည်ကြီးနေတာကိုး။

ဒါကြောင့် လာကြသည့် ပရိသတ်အားလုံး ပထမပိုင်း စတိတ်ရှိုးကဏ္ဍ၊ တစ်ခန်းရပ်ဟာသပြဇာတ်များကိုပင် စိတ်မဝင်စားသေးဘဲ အပြင်တွင် လည်နေပတ်နေကြသေး၏။

ကျွန်တော် ပရိသတ်များကြား ချစ်သူမြင့်စန်းရီကို ရှာကြည့်မိ၏။ အရောင်အသွေးစုံ ပရိသတ်များကြား ချစ်သူကို မျက်စိမှောက်နေဟန်တူ၏။ မတွေ့။ နောက်တော့မှ ထိုင်နေကြသော ပရိသတ်များကြား ချစ်သူကို အမှတ်မထင် တွေ့လိုက်ရ၏။

အို. . . လှလိုက်တာ။ ရှည်လျားလှသော ဆံပင်ကို ကျစ်ဆံမြီးကျစ်ပြီး ခေါင်းမှာပြန်ခွေထားပြီး စံပယ်ပန်းတစ်သိုက်ကို အလိုက်သင့်ကလေး ရစ်ခွေထားသေး၏။

www.burmeseclassic.com



'ကြွရောက်လာကြသော ကျောင်းသူ ကျောင်းသားများနှင့် ဧည့်ပရိသတ်များရှင်. . .'

ဟု အစချီ ကြေညာသံကြားရ၏။ ကျွန်တော် ဂရုမစိုက်နိုင်သေးဘဲ ချစ်သူကိုသာ ငေးကြည့်နေမိ၏။ ကြည့်စမ်း. . .။ အဖြူရောင် အင်္ကျီလက်စကကလေးနှင့် လည်ပင်းမှာလည်း အဖြူရောင် သလင်းကျောက်လည်ဆွဲလေး ခပ်ပါးပါးလေး ဆွဲထားသေး၏။ အင်္ကျီကလေးက အဖြူရောင် ကေသာအနက်ပေါ်မှာကလည်း အဖြူရောင် စံပယ်ပန်းကလေးနှင့်ဆိုတော့ ကျွန်တော့်မျက်လုံးထဲမှာ ချစ်သူသည် အဖြူရောင် နတ်သမီးလေးလိုလှလို့။ ချစ်သူကို ငေးကြည့်နေစဉ် အမြင်အာရုံ ထဲဝင်လာသော မျက်နှာမည်း တစ်ခု။



'အောင်မယ်လေး . . . ဘာကြီးလဲဟ'

ကျွန်တော်တစ်ချက်လန့်ပြီး အော်မိသည်။ နောက်မှ အသေအချာ ကြည့်မိတော့

'ဟင် . . . ဆရာဦးခင်မြိုင်'

ဟုတ်ပါသည်။ ပွဲဖြစ်မြောက်ရေးတာဝန်ခံ ဆရာဦးခင်မြိုင်ပါ။

'ဟေ့ကောင်. . . . မင်းဘာလုပ်နေတာလဲ ဟိုမှာ မင်းတို့ ပြဇာတ် 'က'တော့မှာ'

'ခင်ဗျာ။ ဟုတ်လား'

သည်တော့မှ ကျွန်တော်လည်း သတိပြန်ရသွား၏။ ဟုတ်ပါသည်။

www.burmeseclassic.com



ခုန ကြေညာနေတာ ကျွန်တော်တို့ ပြဇာတ်အတွက် ကြော်ငြာပေးနေတာ။

'ဟေ့ကောင် . . . မြန်မြန်သွားလေကွာ'

'ဟုတ်. . . ဟုတ်ကဲ့ဆရာ'

ဟုခေါင်းညိတ်ပြီး လှည့်အထွက်

'ဟေ့ကောင် ပီပီပြင်ပြင်လုပ်နော်'

ဟုဆို၍ သူ့ဘက်ပြန်လှည့်ပြီး

'စိတ်ချပါဆရာ'

ဟု ပြန်ဖြေမိပါမှ ဆရာက

'ဟေ့ကောင် ဘာလုပ်နေတာလဲ။ သွားတော့လေကွာ. . ငါက မင်း မသွားသေးလို့ စကားမရှိ စကားရှာပြောနေတာကွ. . သွား သွား. . . တဲ့'

ကျွန်တော်လည်း လှည့်မကြည့်တော့ဘဲ ဇာတ်စင်ပေါ် ကမန်းကတန်း ပြေးတက်လိုက်၏။ စင်ပေါ်လည်းရောက်ရော ပုဏ္ဏားဝတ်စုံနှင့် ကိုကိုလွင်က


'ဟေ့ကောင် မင်းကို စောင့်နေတာ မြန်မြန်သွား'

ဟုဆို၍ ခြေကလိမ်ကွတ် စင်ရှေ့ တွန်းလွှတ်လိုက်ရာ ကျွန်တော်လည်း သူ တွန်းလိုက်သော အရှိန်ကြောင့် 'ဝုန်း'ဆို စင်ရှေ့ရောက်သွားရ၏

ထိုတော့မှ ပတ်ဝန်းကျင်ကို ဝေ့ကြည့်မိရာ

'ဟင်'

စင်အောက်မှာ ကျွန်တော့်ကို ကြောင်ငေး ကြည့်နေကြသော ပရိသတ်



"ကျုပ်ကသူငှေးကိုးဗျ။"

www.burmeseclassic.com



များ။ သူတို့စိတ်ထဲတွင် ဝေဿန္တရာထွက်လာမည်မှတ်ပြီး ကြည့်နေကြရာမှ မဆီမဆိုင် ကျွန်တော့်ကို ဂျင်းဘောင်းဘီကြီးနှင့်မြင်၍ အံ့အားသင့်သွားကြပုံရ၏။ ကျွန်တော်လည်း ပရိသတ်ရှေ့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ ကြောင်ငေးကြည့်ရင်း စင်ရှေ့ယောင်ပေပေ ရပ်နေမိ၏။ ကျွန်တော် ရပ်နေသောနေရာမှာ စင်၏ အလယ်ဗဟိုနားမို့ မိုက်ခွက်နှင့်ကလည်း သိပ်မဝေး 'တောက်' ကိုကိုလွင်တို့ လုပ်ချလိုက်ပြန်ပြီဟု စိတ်ထဲ ကြိတ်၍ ကျိန်ဆဲရင်း ပရိတ်သတ်များကို ကျွန်တော်ဝေ့ကြည့်လိုက်သည်။ ပရိသတ်ကလည်း ကျွန်တော့်ကို ပြန်ကြည့်သည်။ မထင်မှတ်သော အဖြစ်အပျက်ကြောင့်ထင်သည်။ အားလုံး ကြောင်ငေးကြည့်နေရာမှ တုပ်တုပ်ပင် မလှုပ်ကြ။ အပ်ကျသံပင်မကြား။ ယုတ်စွအဆုံး မျက်တောင်ပင် မခတ်။

မျက်လုံးပေါင်းတစ်သောင်းခြောက်ထောင်က ကျွန်တော့် ကိုယ်ပေါ် ရစ်ဝဲနေသည်။ ဒါကို ကန့်လန့်ကာ နောက်ကွယ်တွင် ရှိနေသော ပုဏ္ဏားကိုကိုလွင်မှ

'ဟေ့ကောင် တစ်ခုခုပြောလိုက်လေကွာ'. . ။

ဟု မြှောက်ပေး၏။ သူပြောတော့မှ ကျွန်တော်လည်း စဉ်းစားမိ၏။ ဤအတိုင်း ပြန်ထွက်သွားတာနှင့်စာလျှင် တစ်ခုခုပြောပြီး ခပ်တည်တည် ပြန်ဝင်သွားတာက ဣန္ဒြေရဦးမည် မဟုတ်ပါလား။ ထို့ကြောင့် မိုက်ခွက်နားကပ်ပြီး ပြောမိပြောရာ ပြောချလိုက်သည်။

'ကျုပ်က သူဌေးကိုးဗျ'။

ကျွန်တော့်ရဲ့ မဆီမဆိုင်စကားကြောင့် ပရိသတ်များထံ မှ 'ဟယ်' ခနဲ အာမေဋိတ်သံကြားရ၏။ ထိုတော့မှ ကျွန်တော်လည်း ထပ်မှားပြန်ပြီဖြစ်ကြောင်း သိရှိရသည်။ ထို့ကြောင့် အလျှင်အမြန် စကားကို ပြန်ပြင်ပြောလိုက်သည်က။

www.burmeseclassic.com



"ကျုပ်က သူဌေးဆိုတော့. . . အဲ. . . ကျွန်တော်နဲ့ သူဌေးချင်းတူ တဲ့ဝေဿန္တရာရဲ့ အလှူပေးပုံကို နောက်တွင် . .

ရှု. . . ."

ဟုဆိုလိုက်သည်နှင့်

'တုန် . . . ဂလန် . . . ဗုံ . . . ချွင် . . . တောက် . . . ရဒေါင် . . . ရဒေါင် . . . ဒီး . . ဒီး. . . ဒီ. . . တလုတ်ချိ. . . တီးတတိ. . .'

ဟူသော တောင်စဉ်ရေမရအသံများ တီးဝိုင်းထဲမှ ဆူညံစွာ ကြားရ၏။ သူတို့လည်း ကျွန်တော့်ရဲ့ဘာမဆိုင်ညာမဆိုင် စကားကြောင့် မည်သူ မည်သို့ စတီးရမှန်းမသိ ဖြစ်ကုန်ပုံရ၏။ ထို့ကြောင့် ဗုံ၊ နှဲ၊ ရကွင်း၊ ဒရမ်နှင့် စီးဝါးအော်ဂင်ပါမကျန် အားလုံးကြောင်ပြီး ပြိုင်တူတီးချလိုက်သည့် အတွက် ထွက်လာသောအသံမှာ အရှေ့တိုင်း၊ အနောက်တိုင်း ရောပြီး အမျိုးအမည် ဖော်ပြရခက်သောမြန်မာ နွယ်အော်ဂတ်စတာ အသံဆန်း ကြီးတစ်ခု ထွက်ပေါ်လာရ လေသည်တမုံ့။

ထိုးဇာတ်ကြီးက ဝင်လာသည်ကိုး။

ကျွန်တော်လည်း မည်သူကိုမှ မကြည့် တော့ဘဲ မျက်နှာတည်နှင့် စင်နောက်ခပ် သွက်သွက် လှမ်းဝင်လိုက်သည်။ ကျွန် တော် ဇာတ်စင် နောက်ရောက်သည်အထိ ပရိသတ်က ကြောင်ငေးကြည့်နေကြတုန်း အတန်ကြာမှ သတိပြန်ဝင်သွားကြသလို လှုပ်လှုပ်ရွရွ ဖြစ်သွားကြပြီး

'ဟင် . . . ဟိုကောင်အသားလွတ် ကြီး ထွက်ကြွားသွားပါလား'

**အသံမှာ အရှေ့တိုင်း၊ အနောက်တိုင်း ရောပြီး အမျိုးအမည် ဖော်ပြရခက်သော မြန်မာနွယ်အော်ဂတ်စတာ အသံဆန်းကြီး တစ်ခု ထွက်ပေါ်လာရလေသည် တမုံ့။**

www.burmeseclassic.com



'အေးလေ. . သူက သူဌေးဆိုတော့ ငါတို့ကဆင်းရဲသားလား'

'ဟုတ်ပ ဝေဿန္တရာနဲ့သူ ဘာဆိုင်လို့တုန်း'စသည်ဖြင့် ဆူညံသွားကြသည်။ မည်သို့ပင်ဖြစ်စေ ဝေဿန္တရာဇာတ်က ဆက်ကလို့ ရသွားပြီမဟုတ်ပါလား။

'မြိုင်ဟေမဝ၊ မြိုင်ဟေမဝ၊ မြိုင်ဟေမဝ သေလာတောင်တန်း ဝေဘာမျှောင်သန်းလို့ စမ်းသို့ယို၊ လမ်းကအလှည့် တစ်ခိုဝယ်၊ ရန့်စုံသင်းဘယ့်နှယ်ကွယ်။ ဒေါင်းမင်းမြိုင်ထင်ရဲ့ကို၊ ပဒေါ်ညို၊ ဆင်ငိုလေလေ မြေဇာနှော၊ ပဒပ်စာရယ် ခတ္တာပင် ခြေရာ. . .'

'အို . . . သက်ခါ ရွက်ဝါ လျှောတော့ လေသာနုပျို့. . . ယှက်ခါ လက်ျာတစ်ကြော၊ မောလေးပါဘိ တစ်ကိုယ်'

လာပါပြီ။ ဝေဿန္တရာ မျိုးထွန်းဝင်းနှင့် မဒီ မအိအိသန့်တို့ ဇာတ်ဝင်သီချင်းကလေးသီဆိုပြီး ထွက်လာ ကြပါပြီ။ သူတို့ကို မြင်သည်နှင့် ပရိသတ်က လက်ခုပ်တဖြောင်းဖြောင်း တီးကြသည်။

'တောင်ဇမ္ဗူပိုင်၊ ကျော်လှိုင်တေဇာ။ ဘုန်းပုံမွှေး၊ တသီရိန် ကျော်ညာနေလာသမ္ပိုန်၊ ရာဇာအာဟိန် ရန်မြူဝေးတဲ့ ငါဝေဿန္တရာ မင်းလေး ထီးနန်းကိုစွန့် ဝတ်ကြောင်ကိုပယ်။ မြိုင်ရပ်တောကို ဝင်လာလိုက်တာ. . . အတော်တောင် ခရီးပေါက်လှပေ့ါ မယ်မဒီရယ်'

'မှန်လှပါဘုရား. . . ဗာရဏသီ နိုင်ငံရွှေပြည်ဝေးပြီမို့ လေးတစ်ရာဆီ မွှေးနံ့သာကြည်၊ ပွဲသဖန်းနဲ့ ရွှေနန်းကွာခဲ့ပါပြီ ဘုရား'

'အိမ်း . . . အိမ်း . . . အဝိဇ္ဇာ ပိတ်ကာဆို့ မိစ္ဆာမြို့ပြင်ပြင်၊ ဣန္ဒြာလို့ ခင်မင်လျှင် လွင့်စင်မည်မလွဲမို့ ရှောင်လွဲနေကွယ့် မဒီကလေးရဲ့။

'မှန်လှပါ ဘုရား'

'ဒါကြောင့် သို့ကလောက်ရှိစရာကို ညွှန်တဏှာစွဲမက်လို့ စက်ဝဲမှာတစ်ပေပေ၊ နစ်မွန်းကြလေပြီ တဏှာပူးတဲ့ အရှူးတွေလို မူးမပြေသံသရာ



BURMESE CLASSIC .com

www.burmeseclassic.com




ဝဲမှာ တဝဲဝဲလည်ဖြစ်နေရုံနဲ့ သံသရာက လွတ်မြောက်နိုင်မယ်မထင်ဘူး ကွဲ့. . .'

'မှန်လှပါအရှင်. . . ပုထုဇဉ်သဘာဝ အာလျခက်ထန် လာသမျှ လက်ခံ လောကဓံခရီး သံသရာကမနီးသည်မို့ သမာဓိထူထောင်သော် ဘယ်သော်မှ မဆုံးနိုင်ပါဘူးအရှင်. . .'

'မှန်ပါရဲ့ မယ်မဒီရယ်. . . အင်းအင်း. . . ဒါကြောင့်၊ ပြုပြုသမျှ အမြင်မှန်ခဲ့ပြီမို့ ဝတ်ကြောင်ကိုပယ်၊ ရှိရှိသမျှ လှူမယ်ဟဲ့လို့ လှမ်းလာလိုက်တာ . . . ဘယ်ဌာနေ ဘယ်စခန်း ရောက်လှမ်းခဲ့ပြီကို မခန့်မှန်းတတ်အောင်ပါပဲလားကွယ်. . .'

'မှန်လှပါဘုရား. . . ပရဒါရကံ၊ တရားသန်သန်နဲ့ ဓမ္မကွံ့ ဒေသနာကို မှီးဖို့လိုရ ခရီးဆက်ခဲ့တဲ့ မောင်တော်ဘုရား. . . မြိုင်ကြီးဟေမာ ပတ်ခါရံဝန်းကာစုံညီပင်ယှက်ဖြာတဲ့ မြိုင်တော ဟေမာကို ချဉ်းနင်းဝင်ရောက်ခဲ့ပါပြီ ဘုရာ့'

'အင်းအင်း. . . အံ့မဆုံး၊ သုံးတော်ရ ဂေါဇင်နွယ်၊ ဒွာဒသီခါညီမျှ ရာသီလ ပွင့်ကြပြန်တော့၊ အမြင်ဆန်းပါဘိ မယ်မဒီရယ်. . .။ အို. . . ဒီတဏှာတွေကို ဖက်တွယ်နေလို့ မဖြစ်ဖူးလေ။ အလှူခံ လာရာလမ်းကိုသာ လှမ်းမျှော်ကြည့်ဦးမှ . . . ဟောဟော . . . ဟောဟိုမှာ အသွင်အိုအို၊ ဦးပြည်း ပြောင်ပြောင် ဆီးဝမ်းဗိုက်ပူ သူကောင်ကြီးသနဲ့၊ သဘက်အလားနားရွက်ကားတဲ့၊ ပုဏ္ဏားပါလား. . . အင်း. . . ငါ့ဆီက အလှူခံနိုင်ဖို့နဲ့ တူတယ်. . .။ ဒီကနေ ရှိသမျှလှူဖို့ စောင့်မှ . . .'





BURMESE CLASSIC .com

www.burmeseclassic.com



လာပါပြီ။ ပုဏ္ဏားအဖြစ်သရုပ်ဆောင်ရမည့် ကိုကိုလွင် မီးပေါင်တင်ထားတာ ရေချိန်လွန်သွားသည်ထင့်။ ယိုင်ထိုးယိုင်ထိုးနှင့် စင်ရှေ့လျှောက်လာသည်။ နောက်မည်သူ့ကိုမှ လည်းမကြည့်၊ ဘာစကားမှလည်း မပြောတော့ဘဲ စင်ပေါ် ငုတ်ထိုင်ချလိုက်သည်။

အမှန်တော့ သူသရုပ်ဆောင်ရမည်က ဤသို့မဟုတ် ပုဏ္ဏားဟန်အတိုင်း စင်ပေါ်ကသုတ်ကယက် ပြေးတက်လာပြီး။

'အရှင်ဖရာ့ . . . တပည့်တော်မှာ စားရေးသောက်ရေး အကျပ်အတည်း တွေ့နီးကီးပါသဖြင့် လှူတန်းစရာများရှိက လှူတန်းနီးကီးပါဖရာ့'

ဟုဆို၍ အလောတကြီး ပြောရမည်။ ဒါမှ ပုဏ္ဏားစရိုက် ပီပြင်မည်မဟုတ်ပါလား။ ယခုတော့ ထိုသို့မဟုတ် စင်ပေါ်ကို ရှင်ဘုရင်လို ကြော့ကြော့မော့မော့ လျှောက်လာပြီး ဘာစကားတစ်ခွန်းမှ မပြောဘဲ ပုဏ္ဏားဝပ်ဝပ်နေလိုက်တာ တုပ်တုပ်ပင်မလှုပ်တော့။ ကိုကိုလွင်၏ အပြုအမူကိုကြည့်ပြီး ဝေဿန္တရာလုပ်ရသည့် မျိုးထွန်းဝင်းပါ ဘာဆက်ပြော ရမှန်းမသိဘဲ ကြောင်ငေးနေတော့၏။ အတန်ကြာမှ မဒီအဖြစ်သရုပ်ဆောင်သော အိအိသန့်မှ မျိုးထွန်းဝင်းနံကြားကို တံတောင်နှင့်တွက်၍ သတိပေးလိုက်သည်။

'အွတ်'

တံတောင်နှင့်တွတ်လိုက်တာ နည်းနည်းကြမ်းသွားသည်ထင့် မျိုးထွန်းဝင်းထံမှ အွတ်ခနဲ အသံကြားရသည်။ ထိုတော့မှ မျိုးထွန်းဝင်းသတိပြန်ဝင်သွားပြီး။

'အော်. . . ဒီကပုဏ္ဏားက အကျွန်ုပ်ထံ အလှူခံဖို့ ရောက်ခဲ့တယ်ထင်ပ့ါ'

ဟုဆို၍ စကားစပေး လိုက်သည်။

မပြော။ ပုဏ္ဏား လုပ်သော ကိုကိုလွင် ဘာမှပြန်မပြော။ လှုပ်



BURMESE CLASSIC .com

www.burmeseclassic.com



လည်းမလှုပ်။ ကိုကိုလွင်ကိုကြည့်ပြီး မျိုးထွန်းဝင်း အကြံအိုက်သွား၏။ ဒီကောင်တမင် ကတ်နေမှန်း အိအိသန့်ကလေးနှင့် မတွဲရ၍ ဒီကောင်တမင်ကတ်နေတာ။

ထို့ကြောင့် သူ့စိတ်ထဲမှာ ဘာပဲဖြစ်ဖြစ် ဇာတ်ကိုလည်း မပျက်အောင်ဆက်ကမည်။ နောက်ဒီကောင့်ကိုလည်း အခွင့်သာတုန်း နှိပ်ကွပ်မည်ဟု စိတ်ပိုင်းဖြတ်လိုက်၍လားမသိ။

'အော် . . . ဒိပုဏ္ဏားနှယ် အလှူခံစားတာတောင် ရှက်နေသေး သလားကွဲ့ . . . ဟဲ့ ပုဏ္ဏား သင်ကျွန်ုပ်၏ စီးတော်ဆင်ကို အလိုရှိ၍ လာခဲ့သည်မဟုတ်လား။'

**ယခုတော့ ထိုသို့မဟုတ် စင်ပေါ်ကို ရှင်ဘုရင်လို ကြော့ကြော့မော့မော့ လျှောက်လာပြီး ဘာစကား တစ်ခွန်းမှ မပြောဘဲ ပုဏ္ဏားဝပ်ဝပ်နေလိုက်တာ တုပ်တုပ်ပင်မလှုပ်တော့**

မျိုးဝင်းထွန်း၏ စကားကို ကိုကိုလွင်မှ ဝပ်နေရာမှ မထဘဲ ခေါင်းကို ဖြည်းညင်းစွာ ခါပြသည်။ ကိုကိုလွင်၏ အပြုအမူကို မျိုးထွန်းဝင်းမိန့်မိန့်ကြီး ပြုံးကြည့်လိုက်သည်။ ဟုတ်ပြီ။ ဒီကောင် ဇာတ်ကျောရိုးထဲ ပြန်ဝင်လာပြီ။ ထို့ကြောင့်

'ဟဲ့ . . . ပုဏ္ဏား ငါ၏ရင်သွေး ကဏှာစိန်နဲ့ ဇာလီကို အလိုရှိလို့ ပြောဖို့ရာခက်နေတယ်နဲ့ တူပ. . .'

'မောင်တော်ဘုရား. . .'

မဒီအဖြစ်သရုပ်ဆောင်ရသော အိအိသန့်ကလေးက ကွက်တိဝင်ထောက်လိုက်သည်။

'အို . . . အသွေးဖြစ်ဖြစ်၊ အသားဖြစ်ဖြစ် ငါ့ခန္ဓာကိုယ် ဖြစ်ဖြစ် လှူမယ်လို့ ဆုံးဖြတ်ထားပြီးတဲ့နောက်တော့ သားသမီးရတနာ သံယောဇဉ်



BURMESE CLASSIC .com

www.burmeseclassic.com



တွယ်နေလို့ မဖြစ်ပါဘူးလေ. . .။ ဟဲ့ ကဏှာစိန်နဲ့ ဇာလီကိုခေါ် စမ်း. . . .'

'မသင့်တော်ပါဘူး ဘုရား'

မဒီ (အိအိသန့်)မှ ငိုသံစွက်၍ တားသည်။ ဇာတ်က ယခုမှအမိ။ ရုပ်လုံးကြွလာပြီ။ ဤသည်ကို မျိုးထွန်းဝင်းမှ ဟန်တစ်လုံး ပန်တစ်လုံး နှင့် . . .

'အို. . . ဘယ်ကြောင့် တားနေရသလဲ မဒီနှမပျို. . . ငါ့အသွေး၊ ငါ့အသား၊ ငါ့မျက်လုံး၊ ငါ့ခန္ဓာ၊ ငါ့အသက်အားလုံးကို လှူမယ်လို့ ရည် ရွယ်ထားပြီးကာမှ. . . သမီးနဲ့သားကို သံယောဇဉ် တွယ်နေလို့ ဖြစ်မလားဟဲ့။'

'အို. . . မင်းမခေါ်ရင်နေ၊ ငါကိုယ်တိုင်ပဲ သားနဲ့သမီးကို ခေါ် လိုက်မယ်။'

'အို. . . မောင်ဘုရား'

'ဟေ့ . . . ကဏှာနဲ့ဇာလီရေ . . . ဟေ့ကဏှာနဲ့ဇာလီ၊ ဖခမည်း တော် ဆီလာကြဦးကွဲ့။'

သူအော်ခေါ်လိုက်ပေမယ့် ကဏှာနဲ့ ဇာလီထံမှ ထူးသံမကြား။ ထို့ကြောင့် အသံကိုမြှင့်၍ ထပ်ခေါ်လိုက်သည်။

'အို . . . ကဏှာနဲ့ဇာလီရဲ့ . . . ဖခမည်းတော်ဆီ လာကြပါဦးဟဲ့'

'မကြား။ ဘာတုန့်ပြန်သံမှ မကြား။ တဏှာစိန်နဲ့ ဇာလီနေရာ သရုပ်ဆောင်သော ကျော်ကိုနှင့် ကောင်လေးပျောက်နေပြီ။ မျိုးထွန်းဝင်း အကြံအိုက်သွားသည်။ မည်သို့ဆက်လုပ် ရမှန်းမသိတော့၍ ခေါင်းကို ခပ်ဖွဖွကုပ်လိုက်သည်။ နောက်မှ အကြံရသွားသလိုဖြင့်. . .

'အော် . . . တောထဲတောင်ထဲမှာ . . . . ဆိုတော့ သားရဲအန္တ ရာယ်နဲ့ ကြုံနေပြီထင့်ပ့ါ ငါလိုက်ကြည့်ဦးမှပဲ။'



BURMESE CLASSIC .com

www.burmeseclassic.com



ဟူ၍ ဟန်ပါပါနှင့် မင်းသားအိုက်တင်တစ်ချက်မှ မလျှော့ဘဲ စင်တစ်ပတ်ကြည့်လိုက်ရာ။

'ဟင်'

သူ အံ့အားသင့်သွားသည်။ တွေ့ပါပြီ ဟုတ်ပါသည်။ ကဏ္ဍာနှင့် ဇာလီ ကျားလည်းမကိုက်၊ ဆင်လည်းမနင်း စင်ထောင့်မှာ ခွက်ပုံးဝင်ကစ် နေကြခြင်းဖြစ်၏။ ထိုသို့ ကဏ္ဍာနှင့်ဇာလီကို အရက် ပုလင်းကြီးနှင့် မြင်ရသောအခါ ဝေသန္တရာလည်း ကြောင်ပြီး

**'ဟင်...ရင်သွေးရတနာ ကဏ္ဍာနဲ့ဇာလီ ကလေးပီပီ လူကြီးအလစ် ခွက်ပုန်းကစ် နေကြသကိုး ...**

'ဟင်. . . ရင်သွေးရတနာ ကဏ္ဍာနဲ့ဇာလီ ကလေးပီပီ လူကြီးအလစ် ခွက်ပုန်းကစ်နေကြသကိုး. . .'

ဟုလန့်အော်မိသည်။ နောက်မှ သူ့ကိုယ်သူပြန်၍ သတိထားမိသွားပြီး ယောင်တောင်ပေါင်တောင်နှင့် ဇာတ်သံနှော ပြောလိုက် သည်မှာ . . .

'မစာပလေ၊ နာမကျေ ငါအဖေမောလှချည့်၊ ဟဲ့ ကဏ္ဍာစိန်နဲ့ ဇာလီရယ် အချက်မကြာ ခပ်ခွာခွာပြောလိုက်မယ်။ ငါ့အတွက် တစ်ခွက်စာ ချန်ထားပေးဦး'

ဟု ဘာမဆိုင် ညာမဆိုင် ပြောချလိုက်လေသည်။ ပြောပြီးမှ သတိပြန်ဝင်သွားပြီး ဇာတ်အကြောင်း သတိရသွားကာ

'ဟဲ့ လာကြ လာကြ။ မင်းတို့ကို အလှူပေးဖို့ ပုဏ္ဏားရောက်နေသကွ။'

ထိုတော့မှ ကောင်လေးနှင့် ကျော်ကိုလက်ကျန်ဖြတ်ပြီး 'လာပြီ

www.burmeseclassic.com



ဒက်ဒီ'ဟု ဆိုပြီး စင်ပေါ် ပြေးတက်လာကြသည်။ သူတို့လည်း စင်ပေါ် ရောက်ရော ဝေဿန္တရာက ပုဏ္ဏားဖက်လှည့်၍

'ဟဲ့ ပုဏ္ဏား၊ နင်အလိုရှိတဲ့ ငါ့ရင်သွေး ကဏှာနဲ့ ဇာလီကို ခေါ်သွား ပေဦးတော့'

ဟုဆိုလိုက်ရာ ပုဏ္ဏားကိုကိုလွင်ထံမှ ထွက်လာသော အသံကြီးက

'ဘာလို့ခေါ်ရမှာလဲကွ'

ကိုကိုလွင်၏ စကားသံကြောင့် အားလုံးအံ့အားသင့် သွားကြသည်။ ဝေဿန္တရာလည်း ကြောင်သွားပြီး

'ဟင် . . . ဇာတ်တော်ထဲမှာ ပုဏ္ဏားက ကဏှာနဲ့ ဇာလီကို ခေါ်သွား ပြီး ရိုက်နှက်တောင်းရမ်းခိုင်းတယ်လေကွာ'

ဟူသော စကားကို ကိုကိုလွင်က

'အို . . . ဒါကတော့ ဇာတ်တော်ထဲက ပုဏ္ဏားညံ့လို့ပေါ့ဗျ။ ကျုပ်က ဒါမျိုးတော့ အလှူမခံပေါင်'

ဝေဿန္တရာ အံ့အားသင့်သွားပြီး

'ဟင် ဒါဖြင့် မင်းကဘာကို အလှူခံချင်တာတုန်း'

'မဒီကိုပဲ ထည့်ပေးလိုက်'

'ဟင်'

ပုဏ္ဏား၏ စကားကြောင့် ဝေဿန္တရာ မျက်လုံးပြူး ထွက်သွား၏။ ပြီးမှ ခေါင်းကို ခပ်သွက်သွက်ခါပြီး

'အို . . . ဒါတော့ ဘယ်ဖြစ်မလဲကွ၊ တောထဲမှာ ငါ့တစ်ယောက် တည်း ဆေးပေးမီးယူ မရှိရင် ဒုက္ခရောက်သွားမှာပေါ့'

'ဟိုက္ခာ. . ကဗျာတောင် ရှိသေးတယ် မဟုတ်လား

စိပ်ပုတီးရယ်နဲ့၊ ရိပ်ကြီးခိုမယ်ကြံ



BURMESE CLASSIC .com

www.burmeseclassic.com



သပိတ်ကိုလွယ်၊ သားရေနွယ်ကွဲ့ ရှာတုန်း

ချောင်အနီးမှာ မောင်ကြီးကို တစ္ဆေကိုက် လိမ့်မယ်မင်းလိုက်ခဲ့ဦး . . . ဆိုပြီးတော့လေ . . .’

**‘အို ...ဒါကတော့ ဇာတ်တော်ထဲက ပုဏ္ဏားညဲ့လို့ ပေါ့ဗျ။ ကျုပ်က ဒါမျိုးတော့ အလှူမခံပေါင်’**

ဝေဿန္တရာ၏စကားကို ပုဏ္ဏား မျက်နှာ ရှုံ့မဲ့လိုက်ပြီး

‘ဒါနဲ့ပဲ ခုနခင်ဗျားပြောတော့ ကျုပ်အလိုရှိရာ အကုန်လှူမယ် ဆို့ . . .’

‘အေးလေကွာ . . . အကုန်လှူမယ်လေ’

‘ဒါဆို မဒီပဲ ထည့်ပေးလိုက်’

ဝေဿန္တရာမျက်လုံးပို၍ပြူးကျယ်သွား၏။ နောက်ဘာစကား ဆက်ပြောရမှန်း မသိလောက်အောင် ကြောင်ငေးနေ၏။ ဒါကို ကြားက ကဏှာနဲ့ ဇာလီက ဝင်ဖောက်သေးသည်။

‘ဟုတ်သားပဲ အဖေရာ။ မိန်းမဆိုတာ မရှိလည်းကောင်း ရှိလည်း ကောင်း မပေါင်းလည်းခက် ပေါင်းလည်းခက်ဆို့ . . ထည့်ပေးလိုက်ပါ အဖေရာ တောထဲ ကျွန်တော်တို့သားအဘသုံးယောက် ပျော်ပျော်ကြီး နေကြတာပေ့ါ။’

‘ဟုတ်သားအဖေရာ။ ‘မ’ဖျက်တော့ ပြည်ပျက်သတဲ့ . . ကြာပါ တယ် ထည့်ပေးလိုက်ပါ’

ကဏှာနှင့်ဇာလီ မူးပြီးဝင်ရစ်နေသည်။ ဝေဿန္တရာလည်း သူတို့ စကားကြောင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့ဘဲ မဒီ ပုဏ္ဏားနောက် ပါမသွားရေးအတွက် အကြောက်အကန် ငြင်း၏။

www.burmeseclassic.com



'အို. . . ဒါတော့ ဖြစ်မလားကွ မဒီကို ဒီပုဏ္ဏားလက်ထဲ ထည့်ပေးလိုက်ရင် ဒုက္ခရောက်သွားမှာပေါ့ မထည့်ပေးနိုင်ပါဘူး အိအိသန့် အဲလေ . . . . မဒီက လွဲရင် ကြိုက်တာတောင်း. . . '

ဟုဆို၍ အိအိသန့်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်၏။ သူ့စိတ်ထဲတွင် အိအိသန့်နှင့် တွဲကရသော အခွင့်အရေးကို လက်လွှတ်ချင်ပုံမပေါ်။ ရတောင့်ရခဲအခွင့်အရေးမို့ အပျက်မခံနိုင် ဖြစ်နေပုံရ၏။ သူ့ကိုကြည့်ပြီး ကိုကိုလွင်က မိန့်မိန့်ကြီးပြုံးလိုက်သည်။ ပြီးနောက် . . .

'ကောင်းပြီ. . . မဒီကလွဲပြီး ခင်ဗျား ကျန်တာအကုန်လှူမယ် မဟုတ်လား။'

ဝေဿန္တရာ အလျင်အမြန် ခေါင်းညိတ်လိုက်ပြီး. . .။

'လှူမယ်ကွာ။'

ဟူသော ဒရောသောပါးအပြောကို ကိုကိုလွင်က

'ဒါဆို အင်္ကျီချွတ်။'

'ဟင်'

ဝေဿန္တရာလန့်သွားသည်။ ပြီးနောက် သူ့အင်္ကျီကို သူပြန်ကြည့်သည်။

သူ့ဝတ်စုံက ရသေ့ဝတ်စုံ။ သူ စဉ်းစားလိုက်သည်။ ဒီအင်္ကျီချွတ်ပေးလိုက်ရင် ဘာဖြစ်မည်နည်း။ ဘာမှမဖြစ်. အဓိကက မဒီကလေးအိအိသန့်နှင့် တွဲကရဖို့က အရေးကြီးသည် မဟုတ်ပါလား။ အင်္ကျီချွတ်နှင့်ကတော့ရော ဘာဖြစ်မည်နည်း ပရိသတ်အမြင်မှာတစ်မျိုးတောင် ဆန်းသစ်နေဦးမည်။

ထို့ကြောင့်

'အော်. . ပုဏ္ဏားက အင်္ကျီမှ လိုချင်တယ်ဆိုတော့လည်း အင်္ကျီလှူရတာပေါ့ . . . ကဲ. . . ကဲ. . . ရော့ဗျာရော့'



BURMESE CLASSIC .com

www.burmeseclassic.com



ဟုဆို၍ အကျႌကိုချွတ်၍ ပုဏ္ဏား ကို ပေးလိုက်သည်။ ပုဏ္ဏားက သူ့ အကျႌကိုဝတ်ပြီး မကျေနပ်နိုင်သေးဘဲ။

'လုံချည်ပါချွတ်'

ဟုဆိုလိုက်သဖြင့် ဝေဿန္တရာ သရိုးသရီဖြစ်သွားပြီး. . .

'ဟင့်အင်း . . . ဟင့်အင်း . . . ဒါတော့ မဖြစ်နိုင်ဘူး'

**'ခုန ခင်ဗျားပြောတော့ အသွေးယူယူ အသားယူယူ အကုန်လှူမယ်ဆို၊ အခု ကျုပ်မျက်လုံး တက်ကလော်လိုက်ရမလား'**

ဟု ခေါင်းတခါခါ လည်တခါခါနှင့် သူ့ပုဆိုးလေး သူအုပ်ကိုင်ရင်း ငြင်းရှာ၏။ သူ့ကိုကြည့်ပြီး ပုဏ္ဏားက ခပ်တည်တည်နှင့် 'ဘာမဖြစ်နိုင်ရမှာလဲ။'

'ခုန ခင်ဗျားပြောတော့ အသွေးယူယူ အသားယူယူ အကုန်လှူမယ် ဆို၊ အခု ကျုပ်မျက်လုံးတက်ကလော်လိုက်ရမလား'

ဟုဆိုလိုက်ရာ . . . ဝေဿန္တရာ ဘေးကြပ်နံကြပ် ဖြစ်သွားသည်။

'အို . . . မျက်လုံးတော့ မလုပ်ပါနဲ့ကွယ်'

'ဒါဆို လုံချည်ချွတ်ပေး'

ပုဏ္ဏား ကိုကိုလွင် စကားကိုဝေဿန္တရာ မျိုးထွန်းဝင်းမှ မျက်လုံး ကလယ် ကလယ်နှင့် စဉ်းစားလိုက်ပြီး။

'ဒီ . . . ဒီလုံချည်ချွတ်ပေး လိုက်ရင်စင်ပေါ်မှာ ငါကဘယ်လိုနေ ရမှာလဲ . . . ရှက်စရာကြီး'

ဟုဆိုလိုက်ရာ ကိုကိုလွင်က သူ့နံငယ်ပိုင်း အဖြူကို ချွတ်၍ 'ရော့ဒါ ဆိုယူထား'ဆိုပြီး မျိုးထွန်းဝင်းဆီ ပစ်ပေးလိုက်၏။

'အောင်မာ . . . ပုဏ္ဏားက ရှော့ပင်(န်)နဲ့ဗျား။ ဘာဆိုင်လို့တုန်း ပုဏ္ဏားနှင့် ရှော့ပင်(န်)။ ဒါ သူတမင်ကြံစည်ပြီး ဝတ်ခဲ့ပုံရ၏။



BURMESE CLASSIC .com

www.burmeseclassic.com



မျိုးထွန်းဝင်းလည်း သူ့လက်ထဲရောက်လာသော နံ့ငယ်ပိုင်းကို ကြည့်လိုက် သူ့ပုဆိုးကို ပြန်ကြည့်လိုက်နှင့် ယောင်ပေပေ ဖြစ်နေပုံရ၏။ အတန်ကြာမှ စိတ်ကို ဒုံးဒုံးချလိုက်သလိုဖြင့်

'အော်. . . မိုးမြေမဟူ အလှူခံရှိက အလှူပေးရမယ့် အကျွန်ုပ်ဝေဿန္တရာထံအကျိုးတူ ပုဆိုးယူလဲမယ်. . . ဆိုတော့လည်း ပေးရတာပေါ့။ အရေးကြီးတာက မယ်မဒီကလေးနဲ့ နှစ်ပါးဆိုင်အလှ မြိုင်ထကရဖို့ အရေးကြီးတယ် မဟုတ်လား'

ဟုဆို၍ ပုဏ္ဏားနံ့ငယ်ပိုင်းနှင့် သူ့ယောဂီ ပုဆိုးကို ချွတ်လဲပေးလိုက်ရာ ကဏှာနှင့်ဇာလီက

'ဒါမှဒို့ ဖေဖေကွ'

ဟု ထအော်သည်။ မဒီအဖြစ် သရုပ်ဆောင်သော အိအိသန့်ကလေးကတော့ သူတို့အဖြစ်ကို ကြောင်ငေးကြည့်နေတုန်း

ကိုကိုလွင် ဝေဿန္တရာ၏ ပုဆိုးကိုဝတ်ပြီး

'ဒေါက်ချာပါပေး'

မျိုးထွန်းဝင်း သူ့ခေါင်းပေါ်က ဒေါက်ချာကို ယောင်တောင်ပေါင်တောင် ပြန်စမ်းပြီး

'ဒေါက်ချာ'

ဟု သံယောင်လိုက်ရေရွတ်သည်။ သူ့ကို ပုဏ္ဏားက မျက်မှောင် ကြုတ်ကြည့်၍

**အော်...မိုးမြေမဟူ အလှူခံရှိက**
**အလှူပေးရမယ့်**
**အကျွန်ုပ်ဝေဿန္တရာထံ**
**အကျိုးတူပုဆိုးယူလဲမယ်...**
**ဆိုတော့လည်း ပေးရတာပေါ့။**

'ပေးလေဗျာ . . . အဲဒီ ဒေါက်ချာ'

ဟုခပ်ဆတ်ဆတ် ပြောလိုက်ရာ မျိုးထွန်းဝင်းလည်း ယောင်နနနှင့်

'ရော့'

www.burmeseclassic.com



ဆိုပြီး ဒေါက်ချာကို ကိုကိုလွင် လက်ထဲသို့ထိုးထည့် ပေးလိုက်သည်။ ကိုကိုလွင်က မောက်ချာကို အသေအချာ ဆောင်းလိုက်သည်။ ပြီးနောက် ပရိသတ်ဖက်လှည့်ပြီး မင်းသားဟန် မင်းသားအသံဖြင့်

'အင်း. . . . သားသမီး ခင်မင်နေလျှင် နိဗ္ဗာန်နဲ့ဝေးရမည့် အရေးမို့။ ဟဲ့ ပုဏ္ဏား. . . မင်းကဏှာနဲ့ ဇာလီကိုခေါ်ပြီး အဝေးကို သွားပေရော့'

ဟု ဇာတ်သံနှော၍ ပြောလိုက်ရာ မျိုးထွန်းဝင်း မျက်လုံးပြူးသွားပြီး

'ဟင်. . . ဘာလို့သွားရမှာလဲ။ ငါက ဝေဿန္တရာကွ'

ဟုဆို၍ ဒေါသတကြီးပြန်အော်သည်။ သူ့စကားကို ကိုကိုလွင်မှ ဂရုမစိုက်ဘဲ ခပ်တည်တည်နှင့်

'ဘာဝေဿန္တရာလဲ ကိုယ်ဝတ်ထားတဲ့ အဝတ်အစားလည်း ပြန်ကြည့်ပါဦး'

မျိုးထွန်းဝင်း သူ့ကိုယ်သူ ပြန်ငုံ့ကြည့်လိုက်သည်။ ဟုတ်ပါသည်။ သူဝတ်ထားသည်မှာ ပုဏ္ဏားအဝတ်အစားများ။

'ဟင် ဒါခုမှ မင်းချွတ်လဲလိုက်တာလေ'

'အို . . . ဒါတွေလာပြောမနေနဲ့ ပုဏ္ဏားအဝတ်အစားနဲ့ ဆို ပုဏ္ဏားပဲ၊ ဒါကြောင့် ဇာတ်တော်ထဲကအတိုင်း ကလေးနှစ်ယောက်ခေါ်ပြီး မင်းလစ်တော့၊ ငါအိအိသန့်ကလေးနဲ့တွဲပြီး တစ်ပိုဒ်လောက် ကလိုက်ဦးမယ်။'

ကိုကိုလွင်စကားကို ကဏှာနှင့် ဇာလီက ထောက်ခံသည်။

'ဟုတ်သားပဲ ဖေဖေကြီးရာ။ အမေကြီးကို သူနဲ့ထားခဲ့ပြီး သားတို့သုံးယောက် ပျော်ပျော်ပါးပါး ခွက်ပုန်းကစ်သွားကြတာပေါ့'

ဟုဆိုပြီး မျိုးထွန်းဝင်းကို အတင်းလှမ်းဆွဲရာ မျိုးထွန်းဝင်းမှ ရှောင်လိုက်ပြီး

'အို. . . ဘာလို့ ထားခဲ့ရမှာလဲ။ မထားနိုင်ဘူး'



BURMESE CLASSIC .com

www.burmeseclassic.com



ဆိုပြီး မဒီအနား ကပ်သွားသည်။ ကဏှာနှင့် ဇာလီကလည်း လျှော့မပေးဘဲ

'လာပါအဖေကြီးရ မိန်းမတွေဟာ အပုပ်ကောင်ကို ရုပ်ဆောင်ထားတာဆို၊ အဖေကြီးပဲ ပြောပြီးတော့။ လာပါအဖေကြီးရာ။ သွားရအောင် . . . အရက်ပုလင်း လေသလပ်ပြီး အေးကုန်ပါဦးမယ်'

ဟုဆို၍ အတင်းလိုက်ဆွဲသည်။ သူတို့၏ အပြုအမူကို ဝေဿန္တရာမှာလည်း ဒေါသထွက်သွားပြီး

'ဟေ့ကောင်တွေ ငါ့ကိုမဆွဲနဲ့လေကွာ. . . မဆွဲ. . . ဟိုမှာ မင်းအမေပါသွားတော့မယ်'ဟုဆို၍ အတင်းရုန်းသည်။

ဟိုနှစ်ကောင်ကလည်း မလျှော့

'နေပါစေ အဖေကြီးရာ သူကသားတို့လို အရက်သောက်တတ်တာမှ မဟုတ်ဘဲ။ သူ့ကိုထားခဲ့ပါ'

ဟုဆို၍ မှီရာလှမ်းဆွဲသည်။ ခြေထောက်ကို ဖက်ထားသည်။ လက်ကို ချုပ်ထားသည်။ မျိုးထွန်းဝင်း မလှုပ်နိုင်တော့မှ ကိုကိုလွင်က အိအိသန့်နား ကပ်သွားပြီး. . .

**'အို ...ဒါတွေလာပြောဗနေနဲ့ ပုဏ္ဏားအဝတ်အစားနဲ့ဆို ပုဏ္ဏားပဲ၊ ဒါကြောင့် ဇာတ်တော်ထဲကအတိုင်း ကလေး နှစ်ကောင်ခေါ်ပြီး ဗင်းလစ်တော့'**

'နှမလေးရေ. . .'

ဟုခေါ်လိုက်သည်။ အိအိသန့်ကလည်း ယောင်ပြီး 'မောင်ကြီးရေ' ဟု ပြန်ထူးသည်။ သူတို့နှစ်ယောက်ကိုကြည့်ပြီး မျိုးထွန်းဝင်း မခံနိုင်တော့ဘဲ ကဏှာနှင့် ဇာလီလက်မှ အတင်းရုန်းပြီး

www.burmeseclassic.com



'ဟာ . . . ဒီကောင်ကွာ. . . မယားထိတော့ ခေါးကြည့်တဲ့ကွ။ ကဲ ကွာ. . . .'

ဟုဆို၍ ကိုကိုလွင်ထံ ပြေးသွားပြီး 'ခွပ်'ခနဲ နေအောင် ထိုးလိုက်သည်။ ထိုတော့မှ ကိုကိုလွင်လည်း ထူပူသွားပြီး

'ဟင် . . . မင်းငါ့ကို ထိုးတယ်'

'ထိုးတယ်ကွာ'

'အေး မင်းထိုးရင် ငါလည်းပြန်ထိုးတယ်ကွာ'

'ခွပ်'

'ဟင် . . . မင်းကငါ့ကို ပြန်ထိုးတယ်'

'ထိုးတယ်ကွာ'

'အေးထိုးရင် ဟောဒီမှာ ဝေဿန္တရာလက်သီး အလှူပေးပါရစေဦး'

'ခွပ်'

'ဟင်. . . မင်းက ဝေဿန္တရာလက်သီးဆို. . . ဒီမှာလည်း ပုဏ္ဏား ခြေထောက်ကလေး ပြန်လွှေးကြည့်ဦး'

'ခွပ်'

'လာပြီ ဝေဿန္တရာရဲ့ ပတ်တံတောင်'

'ခွပ်'

'ဒါက ပုဏ္ဏားရဲ့ အားပဲ့ါကလပ်စ်'

'ခွပ်'

စသည်ဖြင့် ဆော်ကုန်ကြ၏။

ချပြီ။ ဝေဿန္တရာနှင့် ပုဏ္ဏား၊ ပုဏ္ဏားနှင့် ဝေဿန္တရာ 'ဟိုင်းယား ဟိုင်းယား' ညာသံပေး၍ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြပြီ။ ပရိသတ်ကလည်း လက်ခုပ်တဖြောင်းဖြောင်းနှင့် အားပေးသည်။ ထို့အပြင် ကိုယ်အားသာရာ အားသာရာဖက်ကို

www.burmeseclassic.com




'ပုဏ္ဏားကွ'

'ဝေဿန္တရာကွ'

ဟုအော်ဟစ် အားပေးကြလေသည်။

လိုက်ကာကြီးက တဖြည်းဖြည်း ကျလာသည်။ ပုဏ္ဏားနှင့် ဝေဿန္တရာက အသည်းနာနာ အကဲပါပါ ပွဲကြမ်းနေတုန်း။ တဏှာနှင့် ဇာလီက လက်ချင်းချိတ်၍ ဒိုင်ဝင်လုပ်သည်။ မဒီကတော့ ကြောင်ငေး ကြည့်နေတုန်း။

❖ ❖ ❖



ဟောဒီမှာ

ဝေဿန္တရာလက်သီး

အလှူပေး ပါရစေဦး

ပွဲလည်းပြီးသွားရော ဝေဿန္တရာဇာတ် အရမ်းပေါက်မြောက် အောင်မြင်သွားသည်။ ဟာသဇာတ်တဲ့။ အရမ်းရယ်ရတာပဲတဲ့။ အူပါတက်တယ်တဲ့၊ ဇာတ်ညွှန်းရေးဆရာ ကျွန်တော့်ကိုလည်း ချီးမွမ်းကြတယ်။ ဟာသအရမ်းပိုင်တာပဲတဲ့။ တကယ်ပါဗျာ။ အတည်ကတာ။ မယုံရင် ဝေဿန္တရာနဲ့ ပုဏ္ဏားတို့ မျက်နှာပေါ်က အမာရွတ်တွေကိုကြည့်။

❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com

(၁၁)

ကျောင်းကပွဲပြီးတော့ ကျွန်တော့်၏ အားလပ်ချိန်များ ချစ်သူထံ ပြန်လည်ရောက်ရှိသွားကြောင်း ပြောပြရန်လိုမည်မထင်။ ယခုလည်း ကြည့်လေ။ ပွဲပြီးလို့ နောက်တစ်ရက်မှာပင် ကျွန်တော်ပထမဦးဆုံး ရောက်သည်က ကျောင်းပရဝဏ်၊ ကျွန်တော် ပထမဆုံး ရှာဖွေမိသည်က ချစ်သူ။ သို့သော် ကျွန်တော်ပထမဆုံး တွေ့ရှိသူက ချစ်သူမဟုတ်။

အင်္ဂလိပ်စာကျောင်းသား သန်းဇော်သစ်။ တွေ့သည့်နေရာက ကင်တင်း(န်)မှာ။

ကျွန်တော်ကချစ်သူကို ရှာဖွေရန် ကင်တင်း(န်)ဘက် ဖြတ်အလျှောက် ကင်တင်း(န်)ထဲ ထိုင်နေသော သကောင့်သားက အတင်းပြေးထွက်လာပြီး ကျွန်တော့်ကို အတင်းလာဆွဲခေါ်သည်။

'စောင့်နေတာကြာပြီကွ. . .'

'မင်းနဲ့ ငါအကြွေးမရှိပါဘူး။'

ကျွန်တော့်စကားကို သကောင့်သား အရှေ့ရောက်နေသော သူ့သွားကို အစအဆုံးမြင်အောင် ဖြဲပြပြီး။


BURMESE CLASSIC .com

www.burmeseclassic.com



'ကြည်ညိုလွန်းလို့ပါကွာ။'

'ဒါဆို ဝါဝင်မှ လာကန်တော့ အခုမအားသေးဘူး။'

ဟု ဆိုလိုက်သော်လည်းပျဉ်းကတိုးထက် အပွေးမာလှသော သကောင့်သားက မဖြုံသည့်အပြင် ကျွန်တော့်ကိုပါ သူမျက်လုံးရွဲ မျက်လုံးပြူကြီးနှင့် ကြည့်ပြီး။

'လာပါကွာ. . . အေးအေးလူလူ လက်ဖက်ရည် တစ်ခွက်လောက်တော့ သောက်သွားပါဦး'

ဟုဆို၍ အတင်းဆွဲခေါ်သွား၍ ကျွန်တော်လည်း မငြင်းသာတော့ဘဲ သူဆွဲခေါ်ရာ လိုက်ပါသွားရသည်။ ဗိုက်ကလည်း ဆာနေသည်ကိုး. . .

'ထိုင်. . . ဘာသောက်မလဲ'

'ကော်ဖီမစ္စပလိန္န'

ဟေ့ဒီမှာ ကော်ဖီမစ် ပလိန်းတစ်ခွက်၊ လန်ဒန်တစ်ပွဲ၊ မုန့်တီတစ်ပွဲ အမြန်လုပ်ပေးပါဟေ့

သူ့စကား မရှေးမနှောင်းမှာပင် အလိုက်သိသော စားပွဲထိုး ကလေးက လာပြီဆရာ. . . ဟုဆို၍ ကော်ဖီမစ္စပလိန္န၊ လန္ဒန၊ ဗီးဂက္ဆ အားလုံး လာချပေးသည်။

'မင်းတို့ကတဲ့ဇာတ် ကောင်းတယ်ကွာ'

'အဟင်'

ကျွန်တော်စားနေသည့် မန်တန အနည်းငယ် နင်သွား၏။

'ရယ်ရတာ အူကို နာရောကွာ။'

ကျွန်တော့်မျက်နှာကြီး ဘယ်ချောင်းထဲ ခဏလိုမ့်ချထား ရမလဲ စဉ်းစားမိ၏။

မင်းကတော့ နာမည်ကိုကြီးရောကွာ. . . ဇာတ်ညွှန်းစေ့ တယ်ဆိုပြီး



BURMESE CLASSIC .com

www.burmeseclassic.com



'ငါသွားတော့မယ်'

ကော်ဖီမစ်ပင် မသောက်ရသေးဘဲ ထထွက်သော ကျွန်တော့်ကို သန်းဇော်သစ် အံ့သြသွားသလို ကြည့်ပြီးထဆွဲသည်။

'ဟ. . နေပါဦး ဒီမှာကော်ဖီမစ်တောင် မသောက်ရသေးဘူး။ မင်းကိုချီးမွမ်းတာ မကြိုက်ရင် မချီးမွမ်းတော့ပါဘူးကွာ. . ငါသိပါတယ်. . . မင်းတို့လို ပညာရှင်ကြီးတွေက ချီမွမ်းတာ မကြိုက်ဘူးဆိုတာ။

သေတော့မှာပဲ။ ရှက်ပါတယ်ဆိုမှ ဘာတွေလာပြောနေမှန်းကို မသိဘူး။

'ငါကြိုက်တာက. . အဲ. . ဆောရီး . . မင်းကိုငါအကူအညီ တစ်ခုတောင်းချင်လို့။'

ကျွန်တော်သူ့ကို ဝေ့ကြည့်လိုက်သည်။

'ငါပိုက်ဆံ မချေးတာကြာပြီ။'

ကျွန်တော့်စကားကို သူပြုံးပြီး. . .

ပိုက်ဆံချေးဖို့ မဟုတ်ပါဘူးကွာ . . . တခြားကိစ္စပါ။

'ဘာကိစ္စ'

'အချစ်ကိစ္စ'

သူ့စကားကြောင့် ကျွန်တော်မျက်လုံးပြူးသွားရ၏။

'ဟင်. . . မင်းအချစ်ကိစ္စမှာ ငါက ဘာလုပ်ပေးရမှာလဲ'

'စာရေးပေး. . ရည်းစားစာ'

ဟင်. . . မင်းအတွက် ရည်းစားစာကို ငါရေးပေးရမယ်'

ကျွန်တော်၏ အံ့သြတကြီး စကားကို သူခပ်ပျော့ပျော့ ပြုံးလိုက်ပြီး။

'အေး. . ဟုတ်တယ်ကွ။ ဟိုကွာ၊ ကဗျာလေးဖြစ်ဖြစ်၊ စာညွှန့်လေးဖြစ်ဖြစ်ပေါ့။ ငါမရေးတတ်လို့။



BURMESE CLASSIC .com

www.burmeseclassic.com



ဟ. . . ငါရေးပေး လိုက်တော့ မင်းကောင်မလေးက သိမသွားဘူးလား'

ဟိုကောင် မချိုမချဉ်ပြုံးလိုက်ပြီး. .

'ရပါတယ်ကွာ။ ငါ့လက်ရေးမှ သူမသိဘဲ။ လုပ်ကော်ဖီမစ္စပလိန္ဒွတွေ အေးကုန်မယ်'

အော် . . . ဒီကောင်က ဒါတွေနဲ့ လာဘ်ထိုးနေတာကိုး။

'နေပါဦး မင်းအတွက် မင်းကောင်မလေးကို ငါစာရေးပေးရမယ်ဆိုတော့ မင်းကောင်မလေးကို ငါမှမမြင်ဘူးတာ ငါကဘာရေးပေး ရမှာလဲ'

'စာလေ. . . ရည်းစားစာ'

ဒီကောင့်၏ အူကြောင်ကြောင် စကားကြောင့် ကျွန်တော်စိတ်ညစ်သွားပြီး

'ရည်းစားစာ ရေးပေးတာတော့ ဟုတ်တာပေါ့ကွ။ အဲ ဒါပေမယ့် ဘာအကြောင်းရေးပေးရမယ်။ မင်းကောင်မလေးမှာ ဘာထူးခြားချက်တွေ ရှိတယ်ဆိုတာ ငါမှမသိတာ'

သန်းဇော်သစ် မျက်မှောင်ကြုတ်သွားသည်။ နောက် ကျွန်တော့် စကားကို သံယောင်လိုက်၍

'ထူးခြားချက်'

'အေးလေ. . ထူးခြားချက်၊ မင်းကောင်မလေးမှာ ဘာ ထူးခြားချက်ရှိလဲ။ မင်းကောင်မလေးရဲ့ ထူးခြားချက်ကို သိမှအဲဒီ ထူးခြားချက်ကို အခြေခံပြီး ငါရေးပေးလို့ရမှာပေါ့။'

သန်းဇော်သစ် အသေအချာစဉ်းစားပြီး ခေါင်းခါပြသည်။

'ဟင့်အင်း ဘာမှမရှိဘူး . . . အဲ. . . ဒါပေမယ့် လုံးတော့ လုံးလုံးတုတ်တုတ် ကလေးကွ'

'ဟိုကွာ မျက်နှာကရော'

www.burmeseclassic.com



သန်းဇော်သစ် ထပ်စဉ်းစားလိုက်သည်။ ပြီးနောက် ကြုတ်ထားသောမျက်မှောင်ကို ပြန်မဆန့်သေးဘဲ။

'မျက်နှာကလည်း. . . မျက်နှာကလည်းဘာမှ မထူးခြားဘူးကွ။ လုံးလုံးကလေးပဲ။

'ဒါဆို ကိုယ်လုံးကရော'

'ကိုယ်လုံးကလည်း လုံးလုံးတုတ်တုတ်ကလေးပဲ။'

'ဟိုကွာ ခြေဖမိုး၊ ခြေသလုံး လက်ချောင်း စသည်ဖြင့်ပေါ့ကွာ'

ဟိုကောင် အသေအချာစဉ်းစားသည်။ အတော်ကြာ သွားသည်။ နောက်မှ ကျွန်တော့်ဖက်လှည့်၍

'ဘာမှ မထူးခြားဘူး အားလုံးက လုံးလုံးတုတ်တုတ်ကလေးပဲ'

'ဒါဆို ဆံပင်ပုံစံကရော'

'ဆံပင်လည်း လုံးလုံးကလေးပဲ။ ဟိုကွာ အုန်းမွှေးလုံးကေ ဆိုလား အဲဒါမျိုးနဲ့။'

သူ့စကားကြောင့် ကျွန်တော်စိတ်ညစ်သွားပြီး

'ဟေ့ကောင် မင်းဘောလုံးများမှားကြိုက်မိပြီလား မသိဘူး။ ဒါမှမဟုတ် ပိုးတုံးလုံးများလား'

'မဟုတ်ပါဘူးလူပါ။ စကားပြောတယ်။ လမ်းလျှောက်တယ်။ ဟိုကွာ နှုတ်ခမ်းက လုံးလုံးကလေးနဲ့'

ကျွန်တော်သူ့ကို ဘာဆက်ပြောရမှန်းမသိလောက်အောင် ဖြစ်သွားသည်။ ထို့ကြောင့် သူ့ကို နောက်ဆုံးအနေနှင့် မေးကြည့်လိုက်သည်။

'သူ့နာမည်က'

သန်းဇော်သစ်မျက်မှောင်အကြီးအကျယ်ကြုတ်၍ စဉ်းစားလိုက်သည်။

www.burmeseclassic.com



'သူ့နာမည်က . . . အဲ. . သူ့နာမည် ငါမေ့နေတယ်။ ဒါပေမယ့် သူ့အစ်ကိုက သူ့ကိုခေါ်တဲ့ အိမ်နာမည်တော့ ငါမှတ်မိတယ်'

'ဘာတဲ့လဲ'

'လုံးတုံး'

သေဟဟုသာ အော်လိုက်ချင်တော့၏။ ကျွန်တော်လည်း ဘာမှ ဆက်မမေးတော့ဘဲ ဘောပင်နှင့် စာရွက်တောင်းလိုက်ပြီး. . .

'ပေးကွာ. . . ငါရေးပေးလိုက်မယ်'

ဟုဆိုပြီး. . . ရေးပေးလိုက်သည်။

**လုံးလုံးတုတ်တုတ် လုံးတုတ်တုတ်မို့**
**တုတ်တုတ်လုံးလုံး တုတ်လုံးလုံးကို**
**လုံးတုတ်လုံးတုတ် တုတ်လုံးလုံးတည်း**
**တုံးလုံးတုတ်တုတ်၊ လုံးတုတ်တုတ်နှင့်**
**တုတ်လုံးတုတ်လုံး တုတ်တုတ်လုံးအား**
**ကျွန်တော်ချစ်မိနေပါပြီ။**

ကျွန်တော့်စာကို ဖတ်ပြီး သန်းဇော်သစ် မျက်နှာဝင်းလက်သွားပြီး. . .

'ဟ. . . ကောင်းတယ်ကွာ။ ကြိုက်တယ်။ သူ့ပုံစံကို ကွက်ကွက် ကွင်းကွင်းကို မြင်သွားတော့တာပဲ။ ရော့ဒီအောက်မှာ လက်မှတ်ထိုး ပေး. . .'

'ဘာ. . .'

ကျွန်တော် အံ့အားသင့်သွားရသည်။ ဘယ့်နှယ် ရည်းစားစာမှာ တော့ ကျွန်တော့်လက်မှတ် လာထိုးခိုင်းနေရသနည်း။



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော်လည်း မရှင်းသဖြင့်

'ဟင်. . . . မင်းစာမှာငါက ဘာကိစ္စ လက်မှတ်ထိုးပေးရမှာလဲ။ အဓိပ္ပာယ်မရှိတာ။'

ကျွန်တော့်ရဲ့ အမေးကို သန်းဇော်သစ်မှ မဆိုင်းမတွပင်

'ဒီလိုလေကွာ။ ငါက ရည်းစားစာပေးတာတောင် အဆင့်မြင့်မြင့် ပေးချင်တာကွ။ ဟိုကွာ အစည်းအဝေးတွေမှာလိုပေါ့။ အဆိုတင်သွင်းတဲ့ လူနဲ့ ထောက်ခံတဲ့လူ နှစ်ယောက်ပါတယ် မဟုတ်လား အေး . . . အဲသည်လို။

အလိုဗျာ ရည်းစားစာပေးတာတောင်အဆို တင်သွင်းတဲ့လူနဲ့ ထောက်ခံတဲ့လူနှစ်ယောက်ပါရတယ်လို့ ကြား 'ကြားဖူးပေါင်'ကျွန်တော် လည်း ဘာမှဆက်စဉ်းစားမနေတော့ဘဲ ပြီးရင်အေးတာပဲဟု စဉ်းစားမိပြီး ကဗျာ၏အောက်တွင် 'ထောက်ခံပါသည်'ဟု ရေးပြီး လက်မှတ်ထိုးပေး လိုက်သည်။

ကျွန်တော့်လက်မှက်ကို မြင်တော့ သန်းဇော်သစ် 'အောင်ပြီ။ အောင်ပြီ'ဟု သုံးကြိမ်ထမအော်ရုံတမယ် ဝမ်းသာသွားပြီး ဝမ်းခေါင်းသံဩ ကြီးနှင့် ကျွန်တော့်ပခုံးကိုပုတ်ပြီး။

'ဝမ်းသာလိုက်တာကွာ။ ဒါဆို ငါရည်းစားရပြီကွ၊ ရည်းစားရပြီ ဟားဟား။ မင်းလက်မှတ်ပါရင် ငါရည်းစားရပြီကွ'ဟု အော်ပြီး

'ကဲ. . . မင်းဒီကစောင့် ငါဒီစာကောင်မလေးကို သွားပေး လိုက်ဦးမယ်။

ဟုဆို၍ သုတ်ချေတင် ထွက်သွားလေသည်။ သန်းဇော်သစ်ကို ကြည့်ပြီး ကျွန်တော်ရယ်ချင်သွား၏။ အော်. . . အချစ်နဲ့တွေ့ရင် လူတွေ ဒီလိုပဲ ဖြစ်တတ်သလားဟု တွေးမိသည်။ နောက်မှ ကျွန်တော့် အချစ်ကို



BURMESE CLASSIC .com

www.burmeseclassic.com



သတိရသွားပြီး အချစ်ကိုရှာဖွေရန် လက်ဖက်ရည်ဆိုင်မှ ထထွက်လိုက်ရာ. . .

'ဟေ့လူကြီး လက်ဖက်ရည်ဖိုးမပေးဘဲ ဘယ်ထွက်ပြေးတာလဲဗျ' ဟူသော အော်သံကြားရသည်။

'ဟိုက်. . . သေပြီ။ ခုနက ဟိုကောင် သန်းဇော်သစ် ဝမ်းသာလုံးဆို့ပြီးထထွက်သွားတာ လက်ဖက်ရည်ဖိုးတောင်. . . ရှင်းမသွား တောက်။ သေလိုက်ပါတော့ ရည်းစားစာလည်း ရေးပေးရသေး လက်ဖက်ရည်လည်း တိုက်ရသေး။ မင်းဘာ ကောင်းသေးလဲ စောကြည်ဖြူ'

'ဒါဘယ်လောက်ကျလည်း'

'နှစ်ရာ့ငါးဆယ်'

အိတ်ထဲစမ်းကြည့်လိုက်တော့ နှစ်ရာတန်က တစ်ရွက်တည်းရှိသည်။ သေပြီ။ လွယ်အိတ်ထဲ ဘောင်းဘီအိတ်ထဲ ထပ်ရှာကြည့်သည်။ ပိုက်ဆံနှင့်တူတာဆိုလို့ ထီလက်မှတ်ပင်မပါ။ ထို့ကြောင့် လက်ဖက်ရည်ဆိုင်၌သာ ပြန်ထိုင်လိုက်ပြီး၊

'နေဦး၊ နောက်မှရှင်းမယ် ညီလေး'

ဟု စားပွဲထိုးကို ပြောလိုက်ရသည်။ ကျွန်တော့်စကားကိုပင် စားပွဲထိုးလေးမှ သိပ်မယုံချင်သလိုနှင့်

'ဘာလဲ ခင်ဗျား ကျုပ်အလစ်ထပြေးဦးမလို့ မဟုတ်လား'

ဟုဆို၍ ကျွန်တော်လည်း ဒေါသထွက်သွားပြီး

'အော်. . . ဒီမိကျောင်းမသားနဲ့ကတော့ကွာ. . သွားသွား နောက်မှရှင်းမယ်။'

ဒါတောင်သကောင့်သားက မယုံကြည်သေးသလိုဖြင့်

'ဟေ့လူကြီး ထတော့မပြေးနဲ့နော်. . . ခင်ဗျားရှင်းမသွားရင် ကျုပ်လျော်ရမှာ'



BURMESE CLASSIC .com

www.burmeseclassic.com



ဟု ဆိုလိုက်သေးသည်။ ကျွန်တော်လည်း ဘာစကားမှ ထပ်မပြော ချင်လောက်အောင် စိတ်ညစ်သွားရပြီမို့ ဘာမှထပ်မပြောတော့ဘဲ ဒီအ တိုင်းသာ ပြန်ထိုင်နေလိုက်သည်။ တစ်ယောက်တည်းဆိုတော့ တောင် ကြည့် မြောက်ကြည့်နှင့် ကြောင်တောင်တောင်။

'တစ်ယောက်ယောက်လာရင် ကောင်းမယ်'ဟု စိတ်ကူးမိ၏။ တောက်။ ဒီပြဿနာမပေါ်လျှင် ဒီအချိန်လောက်မှာဆို ချစ်သူကို လိုက် ရှာ၍ တွေ့လောက်ပြီ။ အခုတော့ ဘာဆက်လုပ်ရမှန်းကိုပင်မသိနိုင်တော့ဘဲ လက်ဖက်ရည်ဆိုင်၌သာ စိတ်ပျက်ပျက်နှင့် ပြန်ထိုင်နေလိုက် ရသည်။

"တောက်. . ဒီအချိန်တစ်ယောက်ယောက်လာရင် ကောင်းမှာပဲ ဟု စိတ်ကူးမိသည်။ ဟုတ်တယ်လေ။ လက်ဖက်ရည်ဆိုင်မှာ ဒီအတိုင်း ငေါင်တောင်တောင် ကြောင်တောင်တောင် ထိုင်နေရမယ့် အတူတူ တစ် ယောက်ယောက်လာပါက ဘာပဲဖြစ်ဖြစ် ငွေငါးဆယ်လောက်ချေးပြီး လက်ဖက်ရည်ဖိုးရှင်းပြီး ထထွက်သွားလို့ရပြီ။

အသိတစ်ယောက်ယောက် မြန်မြန်လာပါစေဟု ကြိတ်ပြီး ဆု တောင်းနေမိ၏။

ဟော . . . လာပြီ။ ကျွန်တော့်ဆုတောင်းပြည့်ပြီ။ လက်ဖက်ရည် ဆိုင်မှာ ထိုင်ရတဲ့ဝဋ်တော့ ကျွတ်ပြီ။ ကျွန်တော်သက်ပြင်း ချလိုက်မိ၏။ ကျွန်တော့်ဆီ တန်းတန်းမတ်မတ် လာနေသော ကောင်မလေး။ ချစ်သူ တော့မဟုတ်။ ကျွန်တော့် ညီမလေးမိဖြိုး။ ဘာကြောင့်ရယ်မသိ။ သူ့မျက် နှာက အနည်းငယ်တော့ တင်းနေ၏။ သူကျွန်တော့်ဆီ တန်းတန်းမတ်မတ် လာပြီး ကျွန်တော့်ရှေ့ လွတ်နေသောခုံတွင် ဆောင့်ကြီးအောင့်ကြီး ထိုင်ချ လိုက်သည်။ နောက်ကျွန်တော့်ကို မကြည့်ဘဲ။

'စိတ်ညစ်ပါတယ်။'



BURMESE CLASSIC .com

www.burmeseclassic.com



သူရဲ့ဘာမဆိုင် ညာမဆိုင် စကားကြောင့် ကျွန်တော်အံ့အား သင့်သွားပြီး

'ဟင် ဘာဖြစ်လို့လဲ'

ကျွန်တော့်စကားကို မိဖြိုးက ဆံပင်ဝဲနေအောင် ခါလိုက်ပြီး. . .

'ဘာဖြစ်ရမှာလဲ၊ ကိုကို့သူငယ်ချင်း သန်းဇော်သစ်လေ မီးကို ရည်းစားစာ ပေးသွားတယ်။

'ဘာ'

'ဘာတွေညာတွေလုပ်မနေနဲ့ ကိုကိုပဲ ရေးပေးလိုက်တာဆို ရော့ဒီမှာ ဖတ်ကြည့်။'

ဟုဆို၍ ကျွန်တော့်လက်ထဲ စာတစ်စောင်ထိုးထည့် ပေး၍ ဖတ်လိုက်ရာ။

ချစ်သောဖြိုး

ကိုဇော် ဖြိုးကိုချစ်တာ ဖြိုးရဲ့ခြေသန်းလုံးလုံးကလေးကစပြီး ချစ်တာပါ။ နောက်ပြီး ဖြိုးကို ဘယ်သူ့လက်ထဲမှ အပါမခံနိုင်လောက်အောင် မြတ်နိုးမိပါတယ်။

ဖြိုး

ဖြိုး ကိုကိုဇော့်လို ရိုးရိုးသားသား လူမျိုးနဲ့ မတွေ့မှာ စိုးရိမ်မိပါတယ်။

ကိုဇော်က အရက်မသောက်တတ်၊ ဖဲမရိုက်တတ်၊ မကောင်းတာ ဘာမှ မလုပ်တတ်တဲ့လူပါ။ ဒါကြောင့်လည်း ဖြိုးရဲ့အစ်ကို ဟိုင်ကြောင် စောကြည်ဖြူက ကိုဇော့်ကို လေးစားနေတာပေါ့၊ အခုတောင် ဖြိုးကို ရည်းစားစာပေးမယ်ဆိုတော့ သူကိုယ်တိုင် အားရဝမ်းသာနဲ့ ထောက်ခံစာ ရေးပေးလိုက်မယ်ဆိုပြီး ထောက်ခံစာ ရေးပေးလိုက်တယ်မိဖြိုး။ ဖတ်ကြည့်ပါဦး။

ဟု သူ့လက်ရေးနှင့် ရေးထားပြီး



BURMESE CLASSIC .com

www.burmeseclassic.com



အောက်က

ကျွန်တော့လက်ရေးနှင့် လုံးတုံးကဗျာ

ထို အောက်ကမှ

ထောက်ခံပါသည်။

**စောကြည်ဖြူ**

'ဟင်. . ဒါဒါ'

'အဲဒါကြောင့် ပြောတာပေါ့။ ကိုကိုက . . . ခက်တယ်'

'တောက်. . . ဒါ ဒီကောင်တမင်လုပ်ကြံသွားတာ။ တွေ့ကြသေးတာပေါ့ သန်းဇော်သစ်ရာ။ ငါနင့်ကို နောက်ပြီးလုံးတုံးလို့ ခေါ်တာကို ချောင်းနားထောင်ပြီး လုပ်ကြံသွားတာ။

'တောက်. . တွေ့ကြပြီပေါ့ကွာ။ တွေ့ကြပြီပေါ့'

ဟုဆို၍ ဒေါသတကြီးနှင့် လက်ဖက်ရည်ဆိုင်က ဝုန်းခနဲထအထွက်။

'ဟိုလူကြီး လက်ဖက်ရည်ဖိုးမပေးဘဲ ဘယ်ထပြေးတာလဲဗျ'

ဟူသော စားပွဲထိုး၏အသံ။ ကျွန်တော်လည်း စိတ်တိုနေပြီမို့. . '

'အာ. . မိကျောင်းမသားကလည်း တမျောင့်။ ဟဲ့. . . မိဖြိုး နင့်မှာ ငါးဆယ်တန်တစ်ရွက်ပါလား။'

မိဖြိုး ယောင်တောင်တောင်နှင့် ခေါင်းညိတ်ပြီး သူ့လွယ်အိတ်ထဲမှ ပိုက်ဆံအိတ်ကိုထုတ်ရှာသည်။ ကျွန်တော်တို့နားကို စားပွဲထိုးလေးက ဗိုလ်အောင်ဒင်စတိုင်(လ်)နဲ့ ကပ်လာပြီး

'ကျွန်တော်က ခင်ဗျားအကြံကိုသိလို့ အလစ်မပေးဘဲ ချောင်းနေတာဗျ။ ဒါမျိုးလုပ်လို့ ဘယ်ရမှာလဲ၊ ကျုပ်က လူလည်ကိုးဗျ'

စားပွဲထိုးကလေး၏ စကားကြောင့် ကျွန်တော်ညစ်သွားပြီး

'အေးပါ. . လူလည်ရာ။ မင်းလူလည်မို့လို့ စားပွဲထိုး ဖြစ်နေတာပါ'

www.burmeseclassic.com



ဟု ဆိုလိုက်တာတောင် သကောင့်သားက. . .

'အေး. . . အခုတော့ ခင်ဗျား သဘောပေါက်သွားပြီ မဟုတ်လား၊ ဒါဆို နောက်ဒါမျိုး မလုပ်နဲ့တော့ ဟုတ်လား။ ကျုပ်နာမည်လည်း မှတ်ထား။ လူလည်ချက်ဖောင်းတဲ့ဗျ ဟားဟား ဟား ဟား'

ကျွန်တော်လည်း လူလည်ချက်ဖောင်းကို လက်ဖက်ရည်ဖိုး ရှင်းပြီး မိဖြိုးကိုပင် နှုတ်မဆက်နိုင်တော့ဘဲ လက်ဖက်ရည်ဆိုင်မှ ဒေါသတကြီး ထထွက်ခဲ့မိ၏။

သို့သော် ကျွန်တော့်ခြေလှမ်း သုံးလှမ်းပင် မပြည့်လိုက်။ အနောက် ပြန်ဆုတ်သွားရသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ဘက် ဦးတည်လျှောက်လာသော ကျွန်တော့်ချစ်သူနှင့်မာမာ။ ကျွန်တော့်ကို တွေ့တော့ နှစ်ယောက်လုံး ပြိုင်တူရယ်လိုက်သည်။ ကျွန်တော်လည်း သူတို့ကို ပြန်ရယ်ပြလိုက်သည်။

'အဟီး'

ခုနက သန်းဇော်သစ်လုပ်ရပ်ကြောင့် အထွတ်အထိပ် ရောက်နေသော ဒေါသတို့ ဘယ်ရောက်လို့ ဘယ်ပျောက်ကုန်သည် မသိ။ ကျွန်တော့် ညီမ မိဖြိုးကတော့ ရုတ်ချည်း ပြောင်းလဲသွားရသော ကျွန်တော့်ကိုအံ့သြစွာ ငေးကြည့်နေသည်။

'ဟဲ့. . အလိမ္မာတုံး၊ နင်တို့မနေ့က 'ကတဲ့ပြဇာတ် ကောင်းတယ် ဟ။ ရယ်ရတယ်'

အနားကို ရောက်လျှင် ရောက်ချင်း ပြောချလိုက်သော မာမာ့စကားကြောင့် ကျွန်တော်နင်သွားသည်။

'တောက်'

ကိုကိုလွင် တို့ကိစ္စ၊ ကိုကိုလွင်တို့ကိစ္စ။ အတည်ကတာ ဟာသဖြစ်ရတယ်လို့။



BURMESE CLASSIC .com

www.burmeseclassic.com



'ဟုတ်တယ်။ မြင့်စန်းရီဆို ရယ်တာ မျက်ရည်ပါကျတယ်။'

ထိုကဲ့သို့ ချစ်သူ ဝင်ထောက်ခံလိုက်တော့လည်း မရှက်တော့ဘဲ ပျော်သလို။

'ထိုင်လေ။' 'ချီးမွမ်းတဲ့အတွက် ကျေးဇူးတင်ပါတယ်။ လက်ဖက် ရည်သောက်ကြပါဦး။'

'ဟွန်း ပိုက်ဆံလည်းမရှိဘဲနဲ့ လက်ဖက်ရည်ခေါ်တိုက်နေ ပြန်ပြီ။ ပြီးရင် ပိုက်ဆံမရှင်းဘဲ ထပြေးဦးမလို့ မဟုတ်လား။'

ဟူသော စားပွဲထိုး လူလည်ချက်ဖောင်း၏ စကားသံ ကြားရ၏။ ထိုတော့မှ ချစ်သူက သတိရသွားသလို တခစ်ခစ်ရယ်ပြီး။

'မနေ့က ပြဇာတ်မကမီ စောကြည်ဖြူထွက်လာတော့ ဘာလုပ်တာ လည်း မှတ်နေတာ။ ကျုပ်က သူ့ဒွေးကိုးဗျ။ ဆိုတော့ ရယ်လိုက်ရတာ ပြောမနေနဲ့တော့ ခစ်ခစ်ခစ်'

သူ့စကားကို မာမာကပါ အားရပါးရ လိုက်ရယ်သည်။ မိဖြိုး ကတော့ လိုက်မရယ်ဘဲ မြင့်စန်းရီကိုသာ ကြောင်ငေးကြည့် နေသည်။ သူက ဘယ်ရယ်မလဲ သူ့အစ်ကို ကျွန်တော့်အကြောင်း သိနေတာကိုး'

'ဟာ. . ဟော့ကောင် အစောကြီး ကျောင်းရောက်နေပါလား တစ်ခုခု တော့ ထူးခြားပြီထင်တယ်။'

ဟူသော အော်သံကြား၍ အားလုံးလှည့်ကြည့်မိ၏။ ဘယ်သူမှတ် လို့တုန်း။ မတွေ့တာကြာပြီဖြစ်တဲ့ အိုင်လပ်(ဖ်)ယူဆို တဲ့ကောင်ပေါ့။ သူ့မျက်နှာက မကြုံစဖူးပြုံးရွှင်လို့၊ မိဖြိုးလေးရှိနေ၍လည်း ဖြစ်နိုင်၏။ ကျွန်တော်လည်း သူ့ကိုမြင်တော့ နည်းနည်းဝမ်းသာသွားပြီး။

'ဟာ. . . ဟော့ကောင် ပျောက်ချက်သား ကောင်းလှချည်လား'

ဒီကောင် အဖြေမပေးသေးဘဲ ခုံတစ်လုံးယူ၍ မိဖြိုးနား ကပ်ထိုင် လိုက်သည်။ ဖြိုးလေးကျွန်တော့်ဖက် ရွှေ့လာ၏။ ပြီးမှ ပြီတီတီနဲ့

www.burmeseclassic.com



'အေးကွ Father ကြီး လက်ဖက်ရည်ဆိုင်ဖွင့်လို့ ဝိုင်းလုပ်နေရတယ်။'

တစ်သက်လုံး အလုပ်မလုပ်ဘူးသော ဒီကောင်လက်ဖက်ရည်ဆိုင်ဖွင့်နေ၍ ကူလုပ်နေသည်ဆိုတော့ ကျွန်တော် အံ့အားသင့် သွားသည်။ ဝမ်းလည်း ဝမ်းသာသွားသည်။

'ဟ . . ကောင်ရ တယ်ဟုတ်ပါလား။ အဆင်ရောပြေရဲ့လား'

'အဆင်တော့ ပြေပါတယ်ကွာ. . ဒါပေမယ့် စားပွဲထိုးတွေ ရှာမရသေးလို့ ကိုယ်တိုင်ပဲ စားပွဲထိုးနေရတယ်'

သူ့စကားမဆုံးခင် တစ်ဘက်ဝိုင်းမှ

'ဒီမှာ လက်ဖက်ရည်ဖိုးရှင်းမယ်'

ဟူသော အော်သံကို ဒီကောင်က

'လာပြီဆရာရေ့'

ဟု ပြန်အော်ပြီး ထိုင်ရာမှ ငေါက်ခနဲ ထလိုက်သည်။ ပြီးမှ ယောင်နနနဲ့ ပြန်ထိုင်လိုက်ပြီး

'အဲဒါပဲ ကြည့်တော့ကွာ အကျင့်ကိုပါနေတာ'

ဟု ဆိုလိုက်သောကြောင့် အားလုံးဝါးခနဲ ပွဲကျသွား၏။

အော်. . . ဖြစ်မှ ဖြစ်ရလေ အိုင်လက်ဖြူရယ်။

❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com



'မြင့်စန်းရီ။ ဒါ ကျွန်တော့်ညီမလေး မိဖြိုးချစ်တဲ့'

မြင့်စန်းရီ ဖြိုးကို တအံ့တသြကြည့်ပြီး။

'ဟယ်. . . . လုံးလုံးလေးတော့'

ဟုဆိုလိုက်ရာ . . . မိဖြိုးမျက်နှာပျက်သွားပြီး

'အဲဒါကြောင့် ပြောတာပေါ့ကိုကိုက. . .။ မီးသွားတော့မယ်'

ဆိုပြီး ခပ်သွက်သွက်ထပြီး။

'သွားမယ်နော် . . . မမြင့်စန်းရီ'

ဟု မြင့်စန်းရီကို နှုတ်ဆက်လိုက်သည်။ နောက် သုတ်သုတ် သုတ်သုတ်နှင့် ထွက်သွား၏။ ဖြိုးထထွက်သွားတော့မှ အိုင်လပ်(ဖ်)ယူမျက်မှောင်ကြုတ်လိုက်ပြီး

'ဖြိုး ဘာဖြစ်သွားတာလဲ. . . . သူ့မျက်နှာ မအီမသာနဲ့'

သူ့အမေးကို ကျွန်တော်ကပင်

'ဘာမှဖြစ်တာမဟုတ်ဘူးဟေ့။ ဟောဒီမှာကြည့်'

ဟုဆိုပြီး မိဖြိုးပေးသွားသော သန်းဇော်သစ်၏ ရည်းစားစာကို ထိုးပေးလိုက်သည်။ အိုင်လပ်(ဖ်)ယူစာကို ကမန်းကတန်း ဆွဲယူလိုက်ပြီး



BURMESE CLASSIC .com

www.burmeseclassic.com



အလျှင်အမြန်ဖတ်လိုက်သည်။ နောက် ကျွန်တော့်ကို တအံ့တသြကြည့်ပြီး. . .

'ဟင်. . . မင်းက သန်းဇော်သစ်ကို ထောက်ခံလိုက်တာ ပေါ့ ဟုတ်လား။'

'ဘယ့်နှယ်ဟုတ်ပါ့မလဲ။ ဒီကောင် တမင်လုပ်ကြံသွားတာ။'

ဟုဆိုပြီး သန်းဇော်သစ်လုပ်ကြံသွားပုံ အစအဆုံး ပြောပြလိုက်သည်။ ကျွန်တော့်စကားကို မြင့်စန်းရီနှင့် မာမာက အားရပါးရရယ်ကြသော်လည်း အိုင်လပ်(ဖ်)ယူဆိုသောကောင်၏ မျက်နှာမှာ ခက်ထန်နီရဲသွားပြီး. . . .

'တောက် . . . . တွေ့ကြသေးတာပေါ့။ ရည်းစားလုလု အူနုဘာဖြစ်ဆိုတာ မင်းချက်ချင်း သိစေရမယ် သန်းဇော်သစ်ရာ'

ဟုဆို၍ ဘယ်သူ့ကိုမှ နှုတ်ပင်မဆက်တော့ဘဲ ဒေါသတကြီး ထထွက်သွား၏။ သူကလည်း မိဖြိုးကို ကြိတ်ကြံနေသူကိုး။ အိုင်လပ်(ဖ်)ယူ ထထွက်သွားတော့ မြင့်စန်းရီက

'သူရော ဘာဖြစ်သွားတာလဲ။'

ဟုမေးတော့ အိုင်လပ်(ဖ်)ယူနှင့် မိဖြိုးဇာတ်လမ်းကိုပါ ပြောပြလိုက်သည်။ ချစ်သူ မျက်ရည်ထွက်မတတ်ရယ်ပါသည်။ မာမာကတော့ သူသိပြီးသား ဇာတ်လမ်းမို့ လိုက်မရယ်။ အတန်ကြာမှ မာမာက နာရီကိုကြည့်ပြီး

'ကဲ. . . ငါအတန်းသွားတက်လိုက်ဦးမယ်'

ဟုဆိုပြီး ထုံးစံအတိုင်း ဆိုးဆိုးဆက်ဆက် ထရန်ပြင်သည်။ သူ့ကိုကြည့်ပြီး မြင့်စန်းရီကပါ။

'ကျွန်မလည်း အတန်းတက်ရမယ်။ အတူတူ သွားကြတာပေါ့'

'ဟဲ့၊ မြင့်စန်းရီ နင်တက်ရမှာက ဟိုဘက်မဟုတ်လား'



BURMESE CLASSIC .com

www.burmeseclassic.com



'အဲ. . . ဟုတ်တယ်၊ ဒါဆို လမ်းက ဘယ်တူမှာလဲ။ မာမာတို့က ဒီဘက်မဟုတ်လား'

'အေး. . ငါနဲ့ စောကြည်ဖြူက အတူတူ။ ကဲ. . သွားစို့ အလိမ္မာတုံး'

ဟုဆိုလိုက်ရ သုံးယောက်လုံး ပြိုင်တူ မတ်တပ်ရပ်မိသည်။ ဤသည်ကို ကျွန်တော်တို့ကို ဘယ်အချိန်ကတည်းက ချောင်းနေမှန်းမသိသော စားပွဲထိုးလူလည်ချက်ဖောင်းက

'ဟေ့လူတွေ လက်ဖက်ရည်ဖိုးမရှင်းဘဲ ဘယ်ထပြေးဦးမှာလဲ'

ဆိုပြီး အတင်းပြေးလာကာ ကျွန်တော့်ဘောင်းဘီကို လာဆွဲထား၏။

'ပေးလက်ဖက်ရည်ဖိုး (၁၂၀) မပေးရင် မသွားနဲ့။'

'ဟာ. . . ဒီကောင် ဇွတ်ပါလား။

'ဟုတ်တယ်ဇွတ်ပဲ၊ ကျုပ်နာမည် လူလည်ဇွတ်ချက်ဖောင်းလို့ ပြောင်းလိုက်ပြီ။'

'မာမာနင့်ပိုက်ဆံ ပါလား။ ငါ့မှာတော့ ကုန်ပြီ။'

ကျွန်တော့်စကားကို မြင့်စန်းရီမှ

'နေနေ မြင့်စန်းရီမှာ ပါတယ်'

ဟု ပိုက်ဆံ (၁၂၀)လူလည်ဇွတ်ချက်ဖောင်းကို ထိုးပေးလိုက်သည်။ လူလည်ချက်ဖောင်းက ပိုက်ဆံကို ရေတွက်ပြီး

'အစ်မကြီးတို့ကိုတော့ ယုံပါတယ်။ ဒီလူကြီးက ဒီလိုပဲ ထထွက်ပြေးနေကျမို့ မယုံတာ။ ရုပ်ကိုက ကြည့်ပါလား ပဲလင်းမွေသီးကို နားရွက်တပ်ထားတဲ့ရုပ်'

စားပွဲထိုးလူလည်ချက်ဖောင်း၏စကားကို ချစ်သူနှင့်မာမာ ထပ်ရယ်ကြပြန်သည်။ 'တောက် . . . ဒီစကားတောင်စားနဲ့ ကတော့ကွာ။ ကျွန်တော်သူ့ကို စိတ်ထဲက ကြိတ်ကျိန်ဆဲလိုက်မိ၏။



BURMESE CLASSIC .com

www.burmeseclassic.com



မာမာနှင့်ချစ်သူ တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ပြီး လမ်းခွဲလိုက်ကြပြီ။ ကျွန်တော်လည်း အကြံသမားမို့ မယောင်မလည်နှင့် ချစ်သူနောက်လိုက်သွားသည်။

'ဟဲ့ . . . ဟိုကောင် . . နင်တက်ရမှာက ဒီဖက်မှာလေ။ ဘယ်လိုက်သွားဖို့လဲ'

ဟု မာမာက အော်ပြောသောကြောင့် ကျွန်တော်သူ့ကို ထပ်မပြောရန် လက်ကာပြလိုက်ပြီး ချစ်သူနောက် ပြေးလိုက်ခဲ့၏။

သူနှင့် ဘေးချင်းယှဉ်ရပ်လျက် အနေအထားနှင့် ကျွန်တော့်ကို တွေ့သောအခါ ချစ်သူအံ့အားသင့်သွားပြီး

'ဟင် အတန်းမတက်ဘူးလား'

'အဲ . . . ဟို . . . တက်တော့တက်မယ် . . . ဟို ပြောစရာရှိလို့ လိုက်လာတာ။

ချစ်သူ၏ မျက်ခုံးလေးများ မြင့်တက်သွား၏။

'ဟင် ဘာပြောစရာရှိလို့လဲ'

'ဟိုလေ . . . တစ်ရက်လောက် နှစ်ယောက်တည်း အေးအေးဆေးဆေး စကားပြောချင်လို့'

အရဲစွန့်ပြီးပြောလိုက်သော ကျွန်တော့်စကားကြောင့် ချစ်သူအံ့အားသင့်သွားပြီး . . .

'တစ်ရက်လောက်'

'ဟုတ်'

ချစ်သူ အတန်ကြာငြိမ်သက်သွား၏။ စဉ်းစားနေပုံရသည်။ နောက်ခေါင်းကိုငုံ့၍ သက်ပြင်းကို ခပ်ဖွဖွချ၏။ အတော်ကြာမှ ကျွန်တော့်ဖက်လှည့်ပြီး

www.burmeseclassic.com



'ကောင်းပြီလေ မနက်ဖြန် စနေနေ့ မဟုတ်လား။ စောကြည်ဖြူတို့ အိမ်ရှေ့မှတ်တိုင်ကစောင့်နေ'

'ခင်ဗျာ . . . . ကျွန်တော်လာခေါ်'

'ဟင့်အင်း လာမခေါ်နဲ့ လာခေါ်ရင် အိမ်ကသိသွားမယ်။ အဲဒီက စောင့်'

'ဟုတ်' . . . 'အိမ်ရောသိလို့လား'

'သိတယ် တစ်ခါမာမာနဲ့ ဖြတ်သွားရင်း ပြထားဖူးတယ်။ လမ်းထိပ် ကပဲ စောင့်ပေါ့၊ သွားပြီနော်'

ဟေးခနဲ မအော်မိရုံတမယ် ကျွန်တော် ပျော်ရွှင်သွားမိ၏။ စဉ်းစား ကြည့်လေ။ မည်သို့မျှ ရည်ရွယ်ချက်မရှိဘဲ ပြောချလိုက်သည့်စကားကို ချစ်သူက လက်ခံလိုက်သည်ဆိုတော့ ကျွန်တော့်လောက် ပျော်ရွှင်မည့်သူ ပင် ကျွန်တော့်လောက် ပျော်ရွှင်လိမ့်မည်မဟုတ်။

ရင်ခုန်သံများလမ်းမပေါ်သို့ အန်ကျမတတ် ပြင်းစွာ ခုန်လှုပ်နေ သည်။ ဆံပင်မွှေးများ ထောင်ထမတတ် ကြက်သီးများ တဖြန်းဖြန်းထနေ သည်။ အကြောအချင်များ တုန့်ဆိုင်းမတတ် ခန္ဓာကိုယ်တစ်ခုလုံး ကတုန် ကရင်ဖြစ်နေသည်။

အော်. . . အချစ်ကြောင့်ပဲ ထင်တယ်နော်။

❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com

လေထုဇာတ်ခုံပေါ်မှာ
ငါတို့ ကရတဲ့ အခန်းဟာ
ဗုံတီးဖို့နဲ့
အပြီးရောင်ပြန်ဟပ်ဖို့ပါ
ဒါပေမယ့်
ငါတို့ရဲ့ အပြီးကနေ
မိုးတွေဖြစ်ပြီး ရွာလာတာ
တကယ်ပါ။

*ရာဘာန္ဒြာနတ်(သ်)တဂိုး*

(၁၂)

မိုးရွာခြင်းကို ငြိုးပါသည်ဟု ကျွန်တော်မဆိုလိုပါ။ သို့သော် ယခုရွာနေသည့် မိုးကတော့ တဆိတ်သည်းလွန်း၏။ စနေမိုးသည်းလွန်း၏။ စနေမိုး အငြိုးကြီးလွန်းသည်ဟု ကျွန်တော် ကြားဖူးခဲ့ပါသည်။ သို့သော် ဘယ်စနေနေ့က မိုးကိုမှအမှတ်တရ မမှတ်သားခဲ့၍ ထိုအဆိုမှန်မမှန် ကျွန်တော်မသိပါ။ သို့သော် ယခုရွာနေသော စနေမိုးကတဆိတ်သည်း လွန်းလှပါသည်။

ကျွန်တော့်ကဲ့သို့ ချစ်သူနှင့် ပထမဆုံးအကြိမ် ချိန်းဆို ထားသည့်နေ့တွင်မှ ဤကဲ့သို့သဲကြီးမဲကြီး ရွာကျနေသော မိုးသည်အကြီးအကျယ် အနှောင့်အယှက်မဖြစ်စေခဲ့သော်ငြား အနည်းငယ်တော့ ကသိကအောက်ဖြစ်မိ၏။

ယခုလည်း ကြည့်လေ။ ချစ်သူကိုမိုးရေထဲ ဆင်းစောင့်မိ၍ တစ်ကိုယ်လုံး ကြွက်စုပ်ရေနှစ်ထားသလို ရွှဲရွှဲစိုနေသည့် အပြင်ဝတ်ထားသည့် အဝတ်အစားများပါ ရေညှစ်ချလို့ရလောက်အောင် စို့ရွှဲနေပြီ။ ချမ်းတာကလည်း ခိုက်ခိုက်တုန်။



BURMESE CLASSIC .com

www.burmeseclassic.com



မဖြစ်။ ဒီအတိုင်းဆက်နေလျှင် မဖြစ်နိုင်တော့။ ဒီ အတိုင်းဆက်နေလျှင် ချစ်သူနှင့်မတွေ့ခင် နမိုးနီးယားကြိုက်လား၊ တိုက်ဖိုက်ကြိုက်လား၊ တုပ်ကွေးကြိုက်လား ဖြစ်သွားမည်။

'အိမ်ပြန်ပြီး အဝတ်အစားပြန်လဲထားမှပဲလေ'ဟု စိတ်ကူးမိပြီး အိမ်သို့ လှည့်ပြန်ခဲ့၏။

အိမ်သို့ရောက်သည်နှင့် ဝတ်ထားသော အဝတ်အစားများအားလုံး ချွတ်လဲလိုက်သည်။

ပထမဆုံး ဘောင်းဘီချွတ်၍ လုံချည်အဟောင်းတစ်ထည်နှင့် လဲပြီး ခြေထောက်ကို ရေစင်အောင် သုတ်လိုက်သည်။ ဖိနပ်ကိုတော့ မချွတ်တော့ ဖိနပ်က ကန်းထရီးရှူးလည်ရှည်ဖိနပ်မို့ ပြန်အစီးရခက်သည်။ နောက် လုံချည်အဟောင်းကိုပင် ခါးတောင်းကျိုက်ထားလိုက်သည်။ စိုရွှဲနေသော အင်္ကျီကိုလည်း ချွတ်ပစ်၍ စွပ်ကျယ်တစ်ထည်ကို ရေခြောက်အောင်သုတ်ပြီးဝတ် ထည့်လိုက်သည်။ ဒါတောင် သဲကြီးမဲကြီး ရွာကျနေသော မိုးရေကြောင့် ချမ်းစိမ့်စိမ့်ဖြစ်နေတုန်း။ ထို့ကြောင့် အဖေ့ထံမှ အမွေရထားသော တရုတ်မိုးကာရှည် (ခြေသလုံးထိဖုံးသော) ကို ထပ်ဝတ်ထားလိုက်သည်။

'ဟူး. . . အခုတော့လည်း နွေးသွားပြီး နေသာထိုင်သာ အရှိသား'

တစ်စက်ချင်း များပြားလှသော မိုးရေစက်များကိုကြည့် ပြီး ကျွန်တော့်ချစ်သူအတွက် စိတ်မကောင်းဖြစ်မိသည်။ ဤကဲ့သို့ သဲကြီးမဲကြီး မိုးရေစက်များကြား သူလည်း အပြင်ထွက်ရသည်မှာ လွယ်ကူမည်မဟုတ်။ သူ၏ဆံပင်ရှည်များ မိုးရေစိုစွတ်မှုအတွက် သက်ရောက်နိုင်သော အဖျားရောဂါ၊ သူ၏အင်္ကျီများ စွတ်စိုမှုအတွက် ဖြစ်ပေါ်တတ်သော အနေအထိုင် ကျဉ်းကြပ်မှု၊ သူစီးထားသော ဖိနပ်ခုံမြင့်မြင့်က ပလက်ဖောင်းပေါ်တင်ကျန်နေသော ရေများကြောင့် အချိန်မရွေးချော်လဲ ကျနိုင်သော



BURMESE CLASSIC .com

www.burmeseclassic.com



သောက . . စသည့်ပြော၍ မကုန်လောက်သော ပြဿနာ များကြောင့် သူအပြင်ထွက်ရခက်မည်မှာ မလွဲပေ။

လာတောင်လာပါတော့မလား

လုံးဝလျော့နည်းသွားခြင်းမရှိသော မိုးရေများကိုကြည့်ပြီး ကျွန်တော့် စိတ်ထဲတွင် စိုးရိမ်စိတ်များ ပိုမိုစိုးမိုးလာလေသည်။

**တဖွဲဖွဲပါပဲ**

**အလွမ်းတွေ ရွာကျနေပုံ**

**အငြိုးကြီးတဲ့မိုးလိုပဲ။**

ကျွန်တော့်ခေါင်းထဲ ဘယ်ကမှန်းမသိသည့် ကဗျာတစ်ပုဒ် ပြေးဝင်လာသည်။

အော်. . . ဖြစ်မှဖြစ်ရလေ စောကြည်ဖြူရယ်။ ချစ်သူနဲ့ တစ်ရက်ကလေးချိန်းပြီး တစ်ရက်ကလေး ပျက်မယောင်ဖြစ်တာတောင် ခံစားတတ်လွန်းပါတယ်။ ကိုယ့်ကိုယ်ကို အားပေးရင်း ဒီနေ့မတွေ့ရတော့ဘာဖြစ်မလဲ။ နောက်တစ်နေ့ ကျောင်းမှာ တွေ့ရမယ့်ဟာကို။

'တီတီတီ၊ တီတီတီ'

ကျွန်တော့်အတွေးမဆုံးမီ အိမ်ရှေ့က ကားဟွန်းသံကြား၍ထကြည့်မိသည်။ အိမ်ရှေ့တွင် အခန့်သား ရပ်နေသော တက္ကစီအနီရောင် ကား တစ်စီး။

'ဘယ်သူပါလိမ့်'

တသည်းသည်းမိုးရေကြားထဲ မသဲကွဲ. . . ။

ကျွန်တော်ငေးကြည့်နေစဉ်မှာပင် ကားမှန်ငယ် လျှောကျပြီး ခပ်ဟဟဖြစ်သွားသည်။ နောက် ထိုဟနေသော ကားမှန်ကလေးထဲမှပင် တိုးထွက်လာသော လက်တစ်ဖက်။

ကျွန်တော်ထိတ်ခနဲ ဝမ်းသာသွားသည်။

www.burmeseclassic.com



'ဟုတ်ပါသည်။ လုံးဝမေ့ရက်စရာမရှိသော ချစ်သူ၏လက်။ ကျောက်နီရောင်လက်ကောက် ကလေးအမြဲဆင်မြန်းထားသည့် မြင့်စန်းရီ၏ လှပသောလက်။ ကျွန်တော့်ကို လက်ယပ်ခေါ်လို့'

ဝမ်းသာအားရစွာ အိမ်ပေါ်မှ တစ်ဆင့် မိုးရေထဲဒရော သောပါး ဆင်းပြေးမိ။

မိတ်ဆွေ။ သည်းသည်းမည်းမည်းရွာနေသော မိုးရေများကြား ချစ်သူထံ ပြေးသွားဖူးပါသလား။ ကတ္တရာလမ်းမပေါ် အိုင်ထွန်းနေသော မိုးရေစက်များကို လည်ရှုည်ဖိနပ်နှင့် ကြိတ်ခွဲနင်းဖြတ်၍ ချစ်သူထံ အရောက်ပြေးခဲ့ဖူးပါသလား။

တဖွဲဖွဲလွင့်ကျလာသော မိုးရေစက်များကို ဦးခေါင်းထက်မှ ခပ်ပြင်းပြင်းရမ်းခါ၍ ချစ်သူထံ ပြေးခဲ့ဖူးပါသလား။ ထိုအရသာသည် မည်သည့်အရသာနှင့်မှ မတူညီကြောင်း မိတ်ဆွေတို့ ကိုယ်တိုင်ကြုံဖူးပါက သိကြပေလိမ့်မည်။

ချစ်သူငှားလာသော ကားဆီသို့ ရောက်သည်နှင့် ကားတံခါးကို ဆွဲဖွင့်၍ ဝုန်းခနဲ ဝင်ထိုင် လိုက်သည်။ ချစ်သူက ကျွန်တော်သွားသည်ကို တစ်ချက်မှ ဝေ့မကြည့်ဘဲ နှုတ်ခမ်းကို စူထား၍ အရှေ့တွင်ထိုင်နေသော ကားဆရာ၏ပြောင်နေသော ငယ်ထိပ်ကို ဗင်းဆင့်ဗန်ဂိုး၏ နေကြာပန်းပန်းချီကားကို မြင်ရသည့်အလား အသေအချာ စိုက်ကြည့်နေ၏။ သိပြီ။ သူစိတ်ကောက်ချင်ယောင် ဆောင်နေမှန်း။ ကျွန်တော်လည်း သူ့ကိုစချင်စိတ်နှင့် ပြုံးစေ့စေ့ကြည့်ပြီး။

'ဘာလဲ နေကြာပွင့်ခူးမလို့လား'

'ဘာရယ်'


ချစ်သူကြောင်သွားပြီး ကျွန်တော့်ဖက် လှည့်လာသည်။ ကျွန်တော်



BURMESE CLASSIC .com

www.burmeseclassic.com





က ကားဆရာကြီး၏ ပြောင်နေသောငယ်ထိပ်ကို မျက်စပစ်ပြလိုက် သည်။ ချစ်သူရွှင်လန်းစွာ ခစ်ခနဲ ရယ်ပါသည်။

ကြည့်စမ်း တဖွဲဖွဲ မိုးရေစက်များကို နောက်ခံထား၍ ရယ်နေသော ချစ်သူကို မြင်ရသော မြင်ကွင်းသည် လက်ရာမြောက်သော ပန်းချီကား တစ်ချပ်ကို မြင်ရသလို စိတ်ကြည်နူး ဖွယ်ကောင်းလှကြောင်း အထူးရှင်းပြနေရန် လိုမည်မထင်။

'အိမ်မှာ ဘယ်လိုပြောပြီး ထွက်ခဲ့သလဲ'

'အင်း . . . မာမီက သူ့အတွက် Loreal အောက်ခံ မိတ်ကပ်ဝယ်ခိုင်းလိုက်တာလေ။

'ဟင် . . တစ်ဆွေလုံးတစ်မျိုးလုံး အလှကြိုက်တာပေါ့'

'သွား . . . အကောင်းပြောနေတာ'

ဟုဆိုပြီး ချစ်သူရယ်နေလိုက်သည်။

အိုချစ်သူ။ ရယ်နေခြင်းသည် ကျွန်ုပ်နှလုံးသားကိုပို တင်းကျပ်အောင် ချုပ်နှောင်ခြင်းပင်တည်း။ သင်၏ သွားဖြူဖြူ ကလေးများသည် ကျွန်ုပ်၏ နှလုံးသားကို လှုပ်လီလှုပ်လဲ့ဖြစ်အောင် တွန်းလှုပ်နေလေပြီ။

'သိပ်မငေးနဲ့ မနေတတ်တော့ဘူး'

ချစ်သူ၏ ရှက်ရဲရဲစကားကြောင့် ကျွန်တော် သတိပြန် ဝင်သွားပြီး၊



BURMESE CLASSIC .com

www.burmeseclassic.com



'ဆောရီး . . . တောင်ပံမပါတဲ့ နတ်သမီးတစ်ပါးကို မျက်ဝါးထင်ထင်မြင်လိုက်ရတော့ ကျွန်တော့်စိတ်ကူးတွေ အမေ့မေ့အလျော့လျော့ ဖြစ်သွားတယ်'

'ဖြည်းဖြည်းလည်း မြှောက်ပါရှင့် တော်ကြာကားကိုပါ ကျွံထွက်လောက်အောင် မြောက်သွားပါဦးမယ်။'

'တကယ်ပြောတာပါ။ ကမ္ဘာဦးရဲ့ နံနက်ခင်းမှာ ပန်းကလေးပွင့် သလိုပေါ့။'

'တော်ပါ'

ကျွန်တော်တို့နှစ်ယောက်လုံး ပျော်ရွှင်စွာ ရယ်မောလိုက်ကြသည်။ ကျွန်တော်တို့၏ ရယ်သံများကြား မာယာများသော ရန်ကုန်မြို့မိုး ဝုန်းခနဲ ထိုးရပ်သွား၏။

'ဒါနဲ့ ဘယ်သွားဖို့လဲ'

'ဆရာရဲ့ ဘယ်ရောက်နေပြီလည်း ကြည့်ပါဦး'

ချစ်သူ၏ အဖြေစကားနှင့်အတူ တစ်နေ့လုံး ဖုံးကွယ်နေသော နေမင်းချက်ချင်း လင်းတက်သွား၏။ အော်. . . အခုတော့လည်း သူမဟုတ်သလိုပါပဲလား. . . ကားကလည်း ဗိုလ်ချုပ်ဈေးထဲ ကွေ့ဝင်နေပြီပဲ။'

'ဘယ်ဘက်တန်းလဲ ညီမလေး'

ကားဆရာကြီး၏စကားနှင့်အတူ တစ်နေ့လုံး ပုန်းကွယ်နေသော နေမင်း အပူငွေ့တချို့ကို ဖြန့်ကြက်ကာ ချက်ချင်းအစွမ်းပြလိုက်သည်။ ထိုနေရောင်ခြည် အပူငွေ့နှင့်အတူ ချစ်သူ၏ 'အနောက်ဘက်တန်း'ဟူသော အဖြေက ကပ်ပါလာ၏။

နေရောင်ခြည်၏ အရှိန်ကြောင့် ဝတ်ထားသော မိုးကာထူထူက ချက်ချင်းအိုက်စပ်စပ်ဖြစ်သွားသည်။ ကားပေါ်ကဆင်းမှ မိုးကာကို ချွတ်တော့မည်ဟု စဉ်းစားမိသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ကားက ဗိုလ်ချုပ်ဈေးအနောက်ဘက် ကွေ့ဝင်လိုက်သည်။ ချစ်သူက နေကြာပွင့်နှင့် ဒရိုင်ဘာကြီး၏ ခေါင်းကိုကျော် ကြည့်လိုက်ပြီး . . .

'အဲ . . . အဲဒီ . . . အဲဒီဆိုင်းဘုတ်အဖြူနဲ့ ဆိုင်ရှေ့ရပ်လိုက်'

ကားက ချစ်သူညွှန်ပြသော ဆိုင်ရှေ့ ကွက်ခနဲ ထိုးရပ်သွားသည်။ ကားရပ်သွားသည်နှင့် ကျွန်တော်နှင့် ချစ်သူလည်း တစ်ယောက်တစ်ဖက် ကားတံခါးဖွင့်၍ ဆင်းလိုက်သည်။ ကျွန်တော်ကညာဖက် ချစ်သူက ဘယ်ဖက် ကားအောက်ရောက်သည်နှင့် ချစ်သူက

'ကားခ ဘယ်လောက်ကျလဲ'

'ရှစ်ရာ'

'ရှစ်ရာ'

ချစ်သူက ကားဆရာစကားကို သံယောင်လိုက်ပြီးပိုက်ဆံအိတ်ဖွင့်ပြီး ပိုက်ဆံရှင်းရန် လုပ်နေသည်။

'နေနေ ကျွန်တော်ပဲ ရှင်းလိုက်ပါ့မယ်'

ဟု ကမန်းကတန်းဝင်ပြောလိုက်သည်။ ဟုတ်သည်လေ။ ချစ်သူနှင့် ပထမဦးဆုံး ချိန်းတွေ့ချိန်၌ ယောကျ်ားလေးက ကုန်ကျစရိတ်ခံမှ သဘာဝ ကျမည်မဟုတ်ပါလား။ ထို့ကြောင့် ကျွန်တော်လည်း ကားခရှင်းရန် ဝတ်ထားသောမိုးကာရှည်ကိုမ၍ ဘောင်းဘီထဲ ထည့်ထားသော ပိုက်ဆံ အိတ်ကို လက်နှိုက်ရှာဖွေ လိုက်ရာ

'ဟင်'

ဖြတ်သွားသော ကသုတ်ကယက်လေပြေကြောင့် အေးသွားသော ကျွန်တော့်ခြေထောက်။

'နောက် ကျွန်တော်စမ်းမိသည်က မိုးရေစိုလို့ ဘောင်းဘီနှင့် ချွတ်လဲထားသော လုံချည်ခါးတောင်းကျိုက်'

'ဟိုက် . . . သေပြီ'

www.burmeseclassic.com



ချစ်သူကို တွေ့၍ ဝမ်းသာလုံးဆို့၍ အိမ်ပေါ်က ပြေးဆင်းလာမိတာ ဘောင်းဘီပြန်ဝတ်ခဲ့ဖို့ မေ့ခဲ့ပြီ။

ဝတ်ခဲ့တာက ခါးတောင်းကျိုက်နှင့် လည်ရှည်ဖိနပ်။

'တွတ်ပီကွ။'


အနောက်မှ ဖြတ်သွားသော မိန်းကလေးတချို့၏ အော်သံကြောင့် ကျွန်တော့်မျက်နှာကြီး ရှိန်းခနဲ ရဲတက်သွား၏။ ထို အော်သံကြောင့်ပင် ပိုက်ဆံအနှိုက်ကြာနေသော ကျွန်တော့်ကို ကားဆရာကြီး ဝေ့ကြည့်လိုက်သည်။

'ဟင်'

ကျွန်တော်လည်း ကြောင်ပြီး မိုးကာပြန်ချဖို့ မေ့နေသည်မို့ ကျွန်တော့်၏ ကျူရိုးသဖွယ် သေးသွယ်သောပေါင်ကို ကားဆရာမြင်ပြီး အံ့အားသင့်သွားသည်။

ပါးစပ်အဟောင်းသားနှင့် အတန်ကြာငေးကြည့်နေသည်။

'ဟင်'



ကျွန်တော်လည်း သူ့ကိုကြည့်ပြီး ဘာလုပ်လို့ ဘာကိုင်ရ မှန်းမသိဘဲ မိုး ကာကိုသာ ဆက်မ, ထားမိ၏။

'ပေါင်သလုံး'

ကားဆရာကြီးထံမှ အံ့သြတကြီး ရေရွတ်သံကြားရ၏။ သူ့မျက်လုံးထဲတွင် ကျွန်တော့်၏ အရွယ်တူခြေသလုံးနှင့် ပေါင်ကိုမြင်လိုက်ရ၍ ခြေသလုံးနှင့် ပေါင်ရောသွားပြီး ခြေသလုံးမဟုတ် ပေါင်သလုံးဟူ၍ ဖြစ်သွားပုံ ရ၏။



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော်လည်းဘာ ဆက်လုပ်ရမှန်းမသိဘဲ သူ့ကိုသာ မိုးကာလေး မပြီး ပြုံးပြလိုက်ရ၏။ ကားဆရာက ပြုံးနေသော ကျွန်တော့်မျက်နှာကို ပါးဝပ်အဟောင်းသားနှင့် တစ်ချက်ကြည့်သည်။ နောက် သူ့မျက်လုံးများက ကျွန်တော့်ရဲ့ပေါင် သလုံးဆီကို ပြန်လည်နိမ့်ဆင်းသွားပြန်၏။ ကျွန်တော် လည်း သူထင်သာ မြင်သာရှိစေရန် မိုးကာကို ခပ်မြင့်မြင့် မြှောက်တင်ပြ လိုက်သည်။ သူ့ပါးစပ်ကလေးဟပြီး အသေအချာ စိုက်ကြည့်သည်။ သူ့စိတ်ထဲတွင် မရှင်းဘူးဖြစ်နေပုံရ၏။ ထို့ကြောင့် သူ့အမြင်ရှင်းစေရန် ကျွန်တော်ခြေသလုံးနှင့် ပေါင်ကိုဆက်သွယ် ထားသော ဂုံညင်းကို ဘယ် ညာတစ်ဖက်စီ လှုပ်ပြလိုက်သည်။

'ဟာ'

ကားဆရာကြီး လန့်သွား၏။ မလန့်ခံနိုင်ရိုးလား၊ ဤမျှ သေးလှိုသော ခြေထောက်ဆီမှ ဤမျှခန့်ထည်သော ဂုံညင်းကြီး လှုပ်လို့ရတယ်ဆိုတော့ အံ့အားသင့်သွားပုံရ၏။ နောက်ကျွန်တော့် ပေါင်သလုံးကို ထိကြည့်မလို တို့ကြည့်မလိုနှင့် အားမလို အားမရ ဖြစ်နေပုံရ၏။

ကျွန်တော်တို့နှစ်ယောက်အဖြစ်ကို မသိသော ချစ်သူမှ

'ဟော့. . ပိုက်ဆံရှင်းတာ ကြာလှချည်လား ဆွေမျိုးများ စပ်နေကြ တာလား'

ဟူသော အော်သံကြားရ၏။ သူနှင့် ကျွန်တော့်ကြားတွင် ရပ်နေ သော ကားခံနေ၍ ကျွန်တော့်အဖြစ်ကို သူမသိသေးပေ။

'အဲ . . . ဟို . . . ဟို'

ကျွန်တော့်ရဲ့ ယောင်နနရေရွတ်သံနှင့် ရှက်ရဲရဲမျက်နှာကြောင့် ချစ်သူ မျက်မှောင်ကြုတ်လိုက်ပြီး

'ဘာလဲ ပိုက်ဆံမေ့ခဲ့ပြန်ပြီ မဟုတ်လား'

'ဟုတ် . . . ဟုတ် . . . အဲ'



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော်၏ ကြောင်တောင်တောင် ဝန်ခံချက်ကို ချစ်သူမှ

'ယူဟာလေ . . . ဖြစ်ရမယ်။ လူရောပါခဲ့ရဲ့လား အသေအချာပြန်ငုံ့ကြည့်ပါဦး'

ကျွန်တော်ပြန်ငုံ့ကြည့်လိုက်သည်။ လူတော့ပါလာသည်။ ပါမလာတာက ဘောင်းဘီ။

'ရော့ကားဆရာ၊ ဒီမှာ ကားခ . . .၊ ဟော့ကားဆရာ ဒီမှာကားခယူလေ'

ကားဆရာမှ ချစ်သူပေးသော ကားခကိုပင် မယူနိုင်ပဲ ကျွန်တော့်ပေါင်သလုံးကိုသာ အားရပါးရစိုက်ကြည့်ပြီး ကိုင်ကြည့်တော့မလိုစမ်းကြည့်တော့မလိုလုပ်နေ၏။ ကျွန်တော်တို့နှစ်ယောက် ကိုကြည့်ပြီး ချစ်သူမသင်္ကာဖြစ်သွားပုံရ၏။

'ဟော့ စောကြည်ဖြူ ရှင့်ကို ကားဆရာက ဘာလို့ ငေးနေတာလဲ'

ချစ်သူ၏ မသင်္ကာသလို အမေးကို ကျွန်တော် ကမန်းကတန်းအဖြေပေးလိုက်၏။

'ဟို ဟို ဘောင်းဘီကြိုက်လို့တဲ့'

'ဘောင်းဘီကြိုက်လို့'

ချစ်သူက ထုံးစံအတိုင်း ကျွန်တော့်စကားကို အလိုက်သင့် ရေရွတ်သည် နောက်ထုံးစံအတိုင်း မျက်မှောင်ကြုတ်ပြီး ယူ့ဘောင်းဘီက ဘာတံဆိပ်မို့လဲ'

'ခါးတောင်းကျိုက်'

'ခါးတောင်းကျိုက် ဟုတ်လား'

အနောက်မှ ကောင်မလေးတချို့၏ ရယ်သံကြားရ၏။ ချစ်သူက ထိုကောင်မလေးများကို ဝေ့ကြည့်ပြီး

'မကြားဖူးပါဘူး ယိုးဒယားတံဆိပ်လား'

www.burmeseclassic.com



ကျွန်တော်ယောင်ပြီး ခေါင်းညိတ်ပြလိုက်သည် ထင်သည်။ ကား ဆရာကြီးကတော့ ကျွန်တော့်ရဲ့ ခါးတောင်းကျိုက် တံဆိပ်ပေါင်သလုံး ဘောင်းဘီကြီးကို ငေးကြည့်နေတုန်း သူ့ခမျာ မချင့်မရဲဖြစ်နေပုံရ၏။ ကိုင်ပဲ ကိုင်ကြည့်တော့မလို လက်ညှိုးကလေးနဲ့ပဲ တို့ကြည့်တော့မလိုနှင့် အံတကြိတ်ကြိတ် ဖြစ်နေ၏။

'ဟိတ် . . . ကားဆရာ ပိုက်ဆံယူလေ'

ချစ်သူ၏ ထပ်အော်သံကြားတော့ ကားဆရာကြီး သတိပြန်ဝင် သွားပြီး ချစ်သူထံမှကားခ လှမ်းယူလိုက်သည်။ နောက် စိတ်မပြတ်နိုင် သလို ကျွန်တော့်၏ ဂုံညင်းကြီးကို ပြန်ကြည့်သည်။ နောက်မှ စိတ်ပိုင်း ဖြတ်လိုက်သလို သက်ပြင်းကိုချပြီး ကားကို ဝူးခနဲနေအောင် မောင်းထွက် သွားလေရာ

'ဟင်'

ယခုမှ ကျွန်တော့်အဖြစ်ကို မျက်ဝါးထင်ထင် မြင်တွေ့ရသော ချစ်သူ၏ မျက်လုံးအစုံပြူးကျယ်သွား၏။ ကျွန်တော်လည်း မိုးကာမလျက် ကြီးဆိုတာ့ ဘာလုပ်လို့လုပ်ရမှန်းမသိဘဲ ထိုအတိုင်းသာ မိုးကာမလျက် လေး ကြောင်ငေးနေမိ၏။ ချစ်သူထံမှ လက်ညှိုးကလေးတစ်ချောင်း တဖြည်းဖြည်း မြောက်တက်လာသည်။ နောက် လက်ညှိုးသည် ကျွန်တော့် မျက်နှာပေါ်မှတစ်ဆင့် တဖြည်းဖြည်း အောက်နိမ့်ဆင်းသွား ပြန်သည်။ နောက် . . . ကံဆိုးသူ မောင်ရှင် ဂုံညင်းဆီသို့ ရောက်သော် သူ့လက်ညှိုး ရပ်သွားပြန်သည်။ သူ့စိတ်ထဲတွင်လည်း ဤမျှလောက် သေးသွယ်သော ခြေထောက်မှ ဤမျှ လောက်ကြီးမားသော ဂုံညင်းကြီးရှိနေသည်ကို မယုံမရဲ ဖြစ်နေပုံရ၏။ နောက် မယုံသလိုနှင့် သူ့ဂုံညင်းကို ပြန်စမ်းကြည့်သည်။

'မေမေ. . အဲဒီကြံချောင်းကြီး သားသား စားချင်တယ်'

အနောက်မှ ကလေးတစ်ယောက်၏အသံ



BURMESE CLASSIC .com

www.burmeseclassic.com



'ဟဲ့ဘယ့်နှယ် ကြံချောင်းရမှာလဲ . . . ကုလားမခြေထောက်ကြီး မြင်ရဲ့သားနဲ့'

မိခင်မှ နှစ်သိမ့်သည်။ မိန်းကလေးတချို့၏ တိုးတိုးကြိတ်ကြိတ် ရယ်သံကြားရ၏။ ချစ်သူကတော့ ပါးစပ်လေးဟ. . မျက်လုံးလေးပြူးပြီး ငေးကြည့်နေတုန်း။ ထိုတော့မှ ကျွန်တော်လည်း ပြန်လည်သတိဝင်သွားပြီး 'မ'ထားသော မိုးကာကို ဖြုတ်ခနဲ လွှတ်ချလိုက်သည်။

ဖြုန်းခနဲ ကျသွားသော မိုးကာကြောင့် ချစ်သူအနည်းငယ် လန့်သွား၏။ ထိုတော့မှ ကျွန်တော့်ပုံမှာလည်း ဘလေဇာ ကုတ်ဝတ်ထားပြီး ရေခဲတောင်စီးကရက်ခဲထားသေ ဆားပုလင်းနှင်းမောင်လို ပြန်ဖြစ်သွား၏။ နောက် ကြောင်ငေးနေသော ချစ်သူထံ ကမန်းကတန်း ကပ်သွားပြီး. . .

'မြင့်စန်းရီ ပိုက်ဆံလေးငါးထောင်လောက်ခဏ'

ချစ်သူကြောင်သွားပြီး

'ဟင် . . . ဘာလုပ်ဖို့လဲ'

'ဟို . . . ဘောင်းဘီဝယ်ဖို့'

ချစ်သူ ခေါင်းညိတ်ပြီး ကမန်းကတန်း ပိုက်ဆံအိတ်ဖွင့်၍ ပိုက်ဆံ တစ်ထပ် ထုတ်ပေး၏။ ကျွန်တော်လည်း ဘာမှစဉ်း စားမနေတော့ဘဲ သူ့လက်ထဲမှ ပိုက်ဆံတစ်ထပ်ကို ဆွဲယူ၍နီးရာ ဘောင်းဘီဆိုင်ထဲသို့ ကမန်းကတန်း ပြေးဝင်လိုက်၏။

ကသုတ်ကယက်ပြေးဝင်လာသော ကျွန်တော့်ကို ဘောင်းဘီဆိုင် ထဲမှ ကောင်မလေးများ အံ့အားသင့်စွာ ကြည့်သည်။ အံ့အားသင့်ကြမှာပေါ့ ကျွန်တော်က နေပူကျဲထဲ မိုးကာရှည်ကြီး ခြုံထားသည်ကိုး'

ကျွန်တော်လည်း ဘာမှ ဂရုစိုက်မနေတော့ဘဲ

'ဘောင်းဘီတစ်ထည်ပေး'



BURMESE CLASSIC .com

www.burmeseclassic.com



'ဘာတံဆိပ်လဲ Black Black လား Lee လား Levies လား ခါးက ဘယ်လောက်လဲ အရောင်းကောင်တာမှ အရောင်းစာရေးမလေးက ကျွန်တော့်ကို ပြန်မေးသည်။ ကျွန်တော်လည်း ရုတ်တရက်မို့ စိတ်တိုသွားပြီး

'ဘာဖြစ်ဖြစ်ဗျာ . . . တစ်ထည်လောက် အမြန်ပေးစမ်းပါ'

အရောင်းစာရေးမလေး 'ဟုတ်ကဲ့ ဟုတ်ကဲ့'ဟု ဆိုပြီး ဘောင်းဘီ တစ်ထည် ထုတ်ပေး၏။ ကျွန်တော်လည်း ဘာမှစဉ်းစား မနေတော့ဘဲ ဘောင်းဘီကို ဆွဲ၍ အဝတ်လဲခန်းထဲ အလျှင်အမြန်ဝင်လိုက်သည်။

ဘောင်းဘီက ck တံဆိပ်၊ ခါးက သုံးဆယ့်ခြောက်

ကျွန်တော်ကမန်းကတန်း မိုးကာကိုချွတ်၍ ဘောင်းဘီကိုစွပ်ထည့်လိုက်သည်။

'ဟား . . . ကွက်တိပါလား'

ခါတိုင်း သုံးဆယ့်နှစ်ဝတ်နေသော ကျွန်တော် အခု ခါးသုံးဆယ့်ခြောက်ဝတ်လိုက်တော့လည်း အနေတော်။

ဒါကြောင့် သူငယ်ချင်းတွေက ကျွန်တော် 'ဝ'လာသည်ဟု ပြောတာပေါ့။

ဟူး . . . အခုမှပဲ စိတ်ထဲ ပေါ့သွားတော့တယ်။ ကျွန်တော်လည်း ခုနက မိုးကာအရှိန်၊ ရှက်စိတ်အရှိန်တို့ကြောင့် စိမ့်ထွက်နေသော ချွေးများကို သုတ်ဖယ်ပစ်လိုက်ပြီး မှန်ထဲကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်သည်။ အခုလိုဆိုတော့လည်း ငါ့ပုံက အချောသားဟု ကိုယ့်ဘာသာကိုယ် ရေရွတ်မိ၏။ နောက်၊ မိုးကာကို လက်တစ်ဖက်မှာ ချိတ်ကိုင်ပြီး ဟန်ပါပါ အဝတ်လဲခန်းမှ ပြန်ထွက်လိုက်သည်။ ကိုယ့်ကိုယ်ကို ယုံကြည်သွားတော့လည်း ကျွန်တော့်ပုံက ရဲတင်းလို့။

အရောင်း ကောင်တာသို့ရောက်သောအခါ ကျွန်တော် စားပွဲခုံပေါ်



BURMESE CLASSIC .com

www.burmeseclassic.com





လက်တစ်ဖက် ဟန်ပါပါ ထောက် တင်၍

'ဘယ် လောက် ကျလဲ'

'လေးထောင့် ရှစ်ရာပါ'

အရောင်းစားရးမလေး၏ စကားဆုံးသည်နှင့် ကျွန်တော် ခုန မြင့်စန်းရီ ပေးလိုက်သော ပိုက်ဆံများကို တစ်ရွက်ဆီ ရွှမ်းခနဲ ရွှမ်းခနဲ ရေတွက်လိုက်ပြီး အရောင်းစာရေးမလေး လက်ထဲထိုးထည့် ပေးလိုက်သည်။

'သွားမယ်'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်'

ကျွန်တော် အရောင်းစာရေးမလေးကို ပြုံးပြနှုတ်ဆက်ပြီး တစ်လှမ်းချင်း ကြွေရရ ဆိုင်ပြင်ကို လှမ်းထွက်လိုက်သည်။

ခစ်ခနဲ အရောင်းစာရေးမလေးရယ်သံ ကြားရ၏။

အော်. . . ခုနကတော့ အသည်းအသန်ဖြစ်ပြီး အခုမှကောင်းသွားလို့ရယ်တာ ဖြစ်မည်ဟု အောက်မေ့မိ၏။

ဘောင်းဘီဆိုင်အောက် လမ်းမရောက်သည်နှင့် ကျွန်တော့်နောက်မှ ကလေးတစ်ယောက်၏

'လူဆိုတာ မျောက်ကဆင်းသက်လာတယ်ဆိုတာ သမီးယုံသွားပြီ မေမေ'

ဟူသော အသံကြားရ၏။ ကျွန်တော်ပြုံးမိသည်။ ဟုတ်ပေလိမ့်



BURMESE CLASSIC .com

www.burmeseclassic.com



မည်။ လူဆိုတာ မျောက်ကဆင်းသက်လာသည် ဟူသောစကားကို ကျွန်တော်လက်ခံပါသည်။ အဘယ်ကြောင့် ဆိုသော် လူဆိုသည့် လူများကို ဘယ်တုန်းကများ တည်တည်ငြိမ်ငြိမ် တွေ့ဖူးပါသနည်း။ ယခုလည်း ကြည့်လေ ပျားပန်းခက်လောက်အောင် များပြားလှသော လူများ၊ လှုပ်ရှားပုံ လှုပ်ရှားဟန်များက သစ်ပင်များမြောက်များစွာရှိသော တောထဲမှ ပျော်ရွှင်နေကြသော မျောက်များသဖွယ် သက်ဝင်လို့။

အနောက်မှ မိန်းကလေးတချို့၏ တခစ်ခစ်ရယ်သံကြားရ၏။ နောက် ကျွန်တော့်မျက်နှာကို အသေအချာကြည့်၍ ဟက်ဟက်ပက်ပက် ရယ်ရင်း ကျော်တက်သွားကြ၏။

ကျွန်တော်သူတို့ကို ပြန်ပြုံးပြလိုက်သည်။ သူတို့ထံမှ ခပ်လွင်လွင် ရယ်သံများထပ်ကြားရ၏။ ဒီလိုပဲလေ။ မိန်းကလေးတွေအကြောင်း သိတယ်မဟုတ်လား။ သူတို့ရှေ့တွင် စတိုင်(လ်)ကျကျ အမျိုးသားများ တွေ့ပါက ဤကဲ့သို့ပင် မချိမချဉ်ဖြစ်တတ် သည်ကသဘာဝ။

'ဟော့စောကြည်ဖြူ ယူ့ကိုကြည့်ပြီး ဟိုကောင်မလေးတွေ ရယ်သွားကြပါလား။ ဘာမှားနေလဲ ပြန်ကြည့်ပါဦး။'

ခရီးမရောက်မဆိုက် ပြောလိုက်သော ချစ်သူ၏စကားကို ကျွန်တော် ပါးစပ်နှင့် အဖြေမပေးဘဲ နိုင်ငံခြားမင်းသားတွေလိုပင် ကျွန်တော်လက်နှစ်ဖက်ဘေးဆန့်ပြီး ပုခုံးတွန့်ပြလိုက်သည်။

ချစ်သူက ကျွန်တော်နှင့် မျက်နှာချင်းဆိုင်အနေအထား မှ နေ၍ ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးကြည့်၏။

ဘာမှမမှား။ အားလုံးကွက်တိ ယုံကြည်လောက်သော အခြေအနေ ကျမှ ချစ်သူ သက်ပြင်းကို ခပ်ဆောင့်ဆောင့်ချလိုက်သည်။

'ဟင်း. . . ကဲ ဒါဆိုလည်း သွားရအောင်'

'အမေမှာလိုက်တဲ့ မိတ်ကပ်ရော ဝယ်ပြီးပြီလား'



BURMESE CLASSIC .com

www.burmeseclassic.com



'ဒီမှာလေ'

ချစ်သူ သူ့လက်ထဲတွင် ဆွဲလာသော အထုပ်ကိုမြှောက်ပြ၏။

'ကဲ . . . သွားစို့'

ကျွန်တော်တို့နှစ်ယောက်လုံး ပြိုင်တူ ယှဉ်လျှောက်မိ၏။ အနောက်မှ ရယ်သံများ ကျယ်ကျယ်လောင်လောင် ကြားရ၏။

'ဟဲ့ . . . စောကြည်ဖြူ တစ်ခုခုတော့ တစ်ခုခုပဲ . . . ကြည့်စမ်း . . . ကျွန်မအနောက်မှာ ဘာများနေသလဲလို့၊ ချစ်သူ အရှေ့ကိုနှစ်လှမ်းလောက် ခပ်သွက်သွက် လှမ်းလိုက်၏။

လှသည်။ လှသည်မှလွဲ၍ ဘာမှမများ။ ခပ်ကော့ကော့ ခပ်ရဲရဲ လမ်းလျှောက်တက်သော ချစ်သူ၏ ပုံသဏ္ဍာန်နှင့် သေးပါးသောသူ၏ ခါးကအလှတစ်မျိုး။ နောက် ခါးအောက်က . . .

'ဟော့ . . . တော်ရုံကြည့်နော်'

ဟုဆို၍ အရှိန်လျှော့၍ ကျွန်တော်နှင့် ပုခုံးချင်း ယှဉ်လျှောက်လိုက်သည်။ ဖြတ်သွားသော ကောင်မလေးတချို့ထဲမှ ခပ်အုပ်အုပ်ရယ်သံ ကြားရ၏။ ချစ်သူ မျက်မှောင်ကြုတ်၍

'တစ်ခုခုတော့ တစ်ခုခုပဲ'

ဟု ရေရွတ်လိုက်ပြန်သည်။ သူ့ကိုကြည့်ပြီး ကျွန်တော်ခပ်ဟဟ ရယ်လိုက်မိသည်။

'ဘာလဲ ကိုယ့်နောက်ကျော ကြည့်ချင်သေးလို့လား ကြည့်ချင်ကြည့်လေ'

ရပါတယ် မကြည့်တော့ပါဘူး။ ဘာမှမဖြစ်ရင် ပြီးတာပဲ သူ့စကားကို ကျွန်တော် ခပ်ဟဟရယ်ပြီး။

မဟုတ်ပါဘူး။ ကျွန်တော်ရဲ့ နောက်ကျောအလှကိုလည်း လေ့လာသင့်ပါတယ်။



BURMESE CLASSIC .com

www.burmeseclassic.com



ဟုဆို၍ သူပြန်ပြီး အဖြေမပေးမီ နာမည်ကြီး မော်ဒယ်အိုက်တင်နှင့် ပုခုံးနှစ်ဖက်ကိုလှုပ်ပြီး သူ့ကို ဖြတ်လျှောက်လိုက်ရာ . . .

'အမြီး'

ချစ်သူထံမှ ကျယ်လောင်သော အော်သံကြားရ၏။ ကျွန်တော်လှည့်ကြည့်လိုက်တော့ ကျွန်တော့်တင်ပါးကိုလက်ညှိုးထိုး၍ ကြောင်ငေးနေသော ချစ်သူ။ ကျွန်တော်ပြန်ငုံ့ကြည့်လိုက်တော့

'ဟင် အမြီး'

ကိုယ့်ကိုယ်ကို ငုံ့ကြည့်ပြီး လန့်သွား၏။ ဟုတ်ပါသည်။ ကျွန်တော့်ဘောင်းဘီကြီးက တိုးထွက်နေသော အမြီးပါ။ ခပ်သွက်သွက်တောင်လှုပ်ယမ်းလို့။ ကျွန်တော်လည်း အံ့အားသင့်သွားပြီး အမြီးကိုပြန်ဆွဲထုတ်လိုက်ရာ။

'ဟင်'

အရှေ့က တစ်ခုခုတိုးနေသလို။

'ဟာ . . . သေပြီ'

ကျွန်တော်သဘောပေါက်သွားပြီ။ ကျွန်တော့်ဘောင်းဘီကြားမှ တိုးထွက်နေသော အမြီးမှာ အမြီးအစစ်မဟုတ်။ ခန ဘောင်းဘီဝယ်ပြီး ထူထူပူပူနှင့် ဝတ်ထည့်လိုက်တာ အထဲက ခါးတောင်းကျိုက်ကို မချွတ်မိဘဲ ခါးတောင်းကျိုက်ပေါ် ဘောင်းဘီထပ်ဝတ်ခဲ့မိပြီ။ အခုတော့ ထိုခါးတောင်းကျိုက်မှ ပြုတ်ထွက်ပြီး ဘောင်းဘီအပြင်ဖက်သို့ အမြီးသဖွယ်တိုးထွက်နေခြင်းပင်။ ထို့ကြောင့် အားလုံးက ကျွန်တော့်အမြီးကို ကြည့်ပြီး ရယ်နေကြခြင်း ဖြစ်သည်။

ကျွန်တော်လည်း ရုတ်တရက်မို့ ရှက်ရမ်းရမ်းပြီး အထဲမှလုံချည်ကို အသည်းအသန်ဆွဲချွတ်မိ၏။

'ရပြီ'



BURMESE CLASSIC .com

www.burmeseclassic.com



လုံချည်တော့ ဆွဲချွတ်လို့ရပြီ။ သို့သော်

'ဟာ'

လုံချည်ဆွဲချွတ်၍ရသည်နှင့် ခါးသုံးဆယ့်ခြောက် ဘောင်းဘီကြီးက 'ဖလွတ်' ဆို ကျွတ်လာသည်။ ဘောင်းဘီမှာ ကျွန်တော် 'ဝ'လာ၍ အနေတော်ဖြစ်လာသည်မဟုတ်ပါ။ ခါးတောင်းကျိုက်ခံနေ၍ တော်သွားခြင်းသာဖြစ်၏။ အခုအထဲတွင် လုံချည်မရှိတော့သောအခါ ချောင်ပြီး ကျွတ်ကျလာပြီ။ အားလုံး ကျွန်တော့်ကိုကြည့်၍ ဝါးခနဲ ဝိုင်းရယ်ကြသည်။ မရယ်ခံနိုင်ရိုးလား ကြည့်လေ ကျွန်တော့်ဖြစ်ပုံက

လုံချည်တစ်ဖက် ဘောင်းဘီတစ်ဖက်ဆွဲပြီး ကားယားကြီးရပ်နေပုံက တောင်ပံဖြန့်ပြီး အပေါ်ပြင်းစွာ ပျံသွားတော့မည့် သိန်းစွန်ငှက်မာန်ဖီသလိုကို ဖြစ်လို့။

❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com

(၁၃)

အပြာရောင်တိမ်တိုက်များ ရောလိမ်ယှက်လျက် နူးညံ့သိမ်မွေ့စွာ ရွှာသွန်းနေသော မိုးရေစက်များသည်လည်း လေပြေလေညင်း၏ တေးညီး သံများနှင့်အတူ မြေပြင်ပေါ်သို့ သက်ဆင်းကြကုန်၏။

အသက်အရွယ်အိုမင်းနေပြီဖြစ်သော သက်ကြားအို အလင်းရောင် သည် နုပျိုသောအသွင်ကို မဆောင်နိုင်တော့ဘဲ မှိုင်းထွေထွေလေး ကန်ကန် ရောင်စဉ်များနှင့်အတူ မြေပြင်ကို ရင်နှစ်သည်းခြာသဖွယ် အံ့မိုး ငေးရီနေလေသည်။

သင်ခန်းစာတွေမကုန်နိုင်လောက်အောင် တွန်းထိုးလှုပ်ရမ်းနေ သော ဝေဒနာတို့သည် ဘာသာစကားတစ်ခုမှ ထပ်မဆိုဘဲနဲ့ ငါ့ကြားမှား ယွင်းအောင် ပြုလုပ်ခဲ့ပေသည်။

ဆန်းကြယ်သော ကံကြမ္မာသည် ဟန်မဆောင်တတ်သော ငါ့နှလုံး သားထက်၌ တိတ်ဆိတ်ငြိမ်သက်စွာ ပုံသွင်းထုဆစ်ရင်း သင်ခန်းစာသစ် တစ်ရပ်ကို ထပ်မံရေးဖွဲ့နေလေသည်။

မူးယစ်ရီဝေခြင်းကို ခုံမင်နှစ်ခြိုက်သူမဟုတ်ခဲ့သော်ငြား၊ အပြုံးချိုချို



BURMESE CLASSIC .com

www.burmeseclassic.com



တို့ကို နွှေးထွေးလုံခြုံစွာ မေ့လျော့နိုင်ရန်အတွက် ငါ့နှလုံးသားကို ထိုသင်ခန်းစာထဲ နှစ်မြှုပ်ပျော်ဝင်နေလေသည်။

'အော်. . . အချစ်. . . အချစ်. . . အချစ်ကြောင့်ပဲ ထင်တယ်နော်'

နတ္ထိသူရာ

နိုးအယ်(လ်)ဂိုဟော. . .

မြန်မာလို အရက်မရှိတော့ဘူး။

'ဟေ့ ဒီမှာ နောက်တစ်လုံးပေးစမ်း'

'မရောင်းတော့ဘူး ညီလေး'

'ဘာကွ'

ကျွန်တော့်ရဲ့ နောက်တစ်လုံးပေးစမ်းကို၊ မရောင်းတော့ဘူးဆို၍ ကျွန်တော် ဒေါသထွက်သွားရ၏။

'ဟေ့ ငါ့ပိုက်ဆံနဲ့ ငါသောက်တာတောင် မင်းတို့ကဘာလို့ မရောင်းတော့တာလဲ'

'ငါ့အရက်ငါရောင်းတာပဲကွ၊ ငါရောင်းချင်မှ ရောင်းမယ် မရောင်းချင်မရောင်းဘူး'

ဟု ပြန်အော်လိုက်သော ဆိုင်ရှင်လူဝကြီးများမှာ ကျွန်တော့်မျက်စိထဲတွင် ယမမင်းကြီး ဘူးသီးပိုက်ထားသလို 'ဝ' ပူပူကြီးဖြစ်နေ၏။

'ခင်ဗျားက သူများတွေကျတော့ ရောင်းပြီး ကျုပ်ကိုကျမှ မရောင်းတော့တာ ဘာသဘောလဲ။'

'မင်းမူးနေပြီမို့ကွ။ မူးနေပြီမို့ မရောင်းတာ။ ကိုယ့်ခေါင်းလည်း ဘယ်နေရာရောက်နေပြီလဲ ပြန်ကြည့်ပါဦး'

'ခုံအောက်မှာလေ ဘာဖြစ်လို့လဲ'

'အေး. . . ခေါင်းတောင် ခုံပေါ်မတင်နိုင်တော့တဲ့နောက် မင်းကိုငါက ဘယ်လို အရက်ရောင်းရမှာလဲ'



BURMESE CLASSIC .com

www.burmeseclassic.com



'ဟ. . . ခေါင်းကို ခုံပေါ်မတင်နိုင်တာနဲ့ မရောင်းတော့ဘူးလား'

'မရောင်းဘူးကွာ'

'ဒါဆို. . . ခေါင်းကို ခုံပေါ်ပြန်တင်ပြီဗျာ'

'ဒိုး . . . '

'ကဲ. . . ရောင်းပေးတော့ နောက်တစ်ပုလင်း'

'အို . . . ခေါင်းကို ခုံပေါ်တင်ရုံနဲ့ကတော့ မရောင်းနိုင်ပါဘူး။ မင်းခေါင်းက ခုံပေါ်သာ တင်ထားတာ ထောင်နိုင်တာမှ မဟုတ်ဘဲ။'

'ကဲ. . . ထောင်ပြီကွာ'

'ဒေါင်'

'အို. . . မင်းဟာက ခုံပေါ်မေးထောက်ပြီး ထောင်ထားတာကြီး မရောင်းနိုင်ပါဘူး'

'ဟ . . . ခင်ဗျားဟာ အမျိုးမျိုးပါလား၊ ကျုပ်ဘာသာ ကျုပ် ထောင်ချင်သလို ထောင်မယ်ဗျာ။ ခင်ဗျား အရက်ကိုသာရောင်းပေး'

'မရောင်းနိုင်ဘူးကွာ'

ယမမင်းဘူးသီးပိုက်ကြီးကို အရက်ရောင်းရန် ဘယ်လိုမှ ပြောမရ၍ ကျွန်တော်ဒေါသထွက်သွားပြီး

'ခင်ဗျားကျုပ်ကို ဘယ်လိုအကောင်းစားမျိုးမှတ်နေလဲ။ ကျုပ်က ရှေးဘဝက တိုက်ကြက်ဝင်စားတာနော်၊ ရုတ်ရုတ်မလုပ်နဲ့ အခုအတက်နဲ့ တက်ထိုးလိုက်မယ်။

'အောင်မာ. . . မင်းက ငါ့ကိုရော ဘယ်လိုကောင်မျိုး မှတ်နေလဲ။ လေးဆယ့်ငါးရက်ကြက်လိုဖွံ့ဖွံ့ထွားထွား အသားများတဲ့ ကြက်မျိုးနော်. . '

'ဒါဆို ကြက်ကြက်ချင်းတော့ ကူညီပါဗျာ'

'မကူညီနိုင်ဘူး။ အမျိုးမှမတူတာ မင်းကမြန်မာကြက်၊ ငါက အင်္ဂလိပ်ကြက်'

www.burmeseclassic.com



'ဟင် ဘယ်လိုမှလည်း ပြောလို့မရပါလား' အလျှော့ပေးရမလိုပင်ဖြစ်နေပြီ။ သို့သော် ကျွန်တော့်စိတ်ထဲတွင် အလျှော့ပေးချင်စိတ်မရှိ။ မရမက အရက်တစ်လုံးတော့ သောက်ဦးမယ်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။ အသည်းက ကွဲကောင်းတုန်းမဟုတ်ပါလား။ ထို့ကြောင့် ယမမင်းဘူးသီးပိုက်ကြီးကို စေ့စေ့ကြည့်ပြီး . .

'ဘယ်ရောင်းမှာလဲဗျ။ ခင်ဗျားက စာမှမတတ်ဘဲ။ ဒါကြောင့် စာတတ်ပေတတ်တွေရဲ့ သဘောကို ဘယ်နားလည်မလဲ'

ကျွန်တော့်ရဲ့ ဘာမဆိုင်ညာမဆိုင် စကားကြောင့် ယမမင်းဘူးသီးပိုက် အင်္ဂလိပ်ကြက်ကြီး ဆတ်ဆတ်ခါအောင် နာသွားပြီး။

'အောင်မာ အစိန္တေယျ၊ ဂန္တဗ္ဗရေ . . ဝဿဝတီ၊ လုဇ္ဇတိ တိ၊ အဒိမဇ္ဈေ၊ လိန်အန်ဝေဝုစ်၊ ဘူမိစာလ၊ မာလာဂန္ဓ၊ ဝိလေပန၊ ဓာရထာ၊ မဏ္ဍန၊ ဝိဘူသနဋ္ဌာနာ၊ ဝေရာမဏိသက္ခံပဒံ သမာဒိ ယာမိ။ အားလုံး အာဂုံဆောင် အရည်ကျိုသောက်ထားတဲ့ ကောင်နော်။ လူအထင်ကြီးအောင် ကျက်ထားတဲ့ စာတွေနဲ့ ကိုင်ပေါက်လိုက်ရ ကျွမ်းပါထိုးချင်သွားမယ်။'

'ဟိုက် . . . ပိုလိုဂျပါး။ အဲလေ ပါဠိကြမ်းပိုးနဲ့မှ လာတွေ့နေပါလား။ ကျွန်တော်လည်းဘာမှ ဆက်မပြောသာတော့ပြီမို့ မျက်နှာချိုသွေးလိုက်ပြီး. . . .။

'ဟုတ်ပါပြီ။ ကိုအထွေထွေကြီးရယ်။ ကျွန်တော်သိပါပြီ။'

ကျွန်တော့်စကားကို အင်္ဂလိပ်ကြက်ကြီး မကျေနပ်နိုင် သေးဘဲ

'ဘာအခုမှ ကျွန်တော်သိပါပြီလဲ။ မသိသေးဘူး ဆက်နားထောင်ဦး။ ငါက ကျမ်းဂန်ဟူသမျှ ထုံးလိုမွှေရေလို နှောက်ခဲ့တဲ့ကောင်ကွ၊ ကစ္စည်းယသျှတ္တာ၊ ဥတုဘောဇန၊ ဥုံ၊ ရုံ သြောင်းရွက် သန္ဓိနီတိ၊ ဗျာကရုဏ်းပဒုဒ္ဓါရ၊ ကတ္တား၊ ကံ၊ ဝါစက၊ အပင့်အရစ်၊ အသတ်၊ အလတ်စုံအောင်ပြောပြမယ် နားထောင်'

www.burmeseclassic.com



သူ့စကားကြောင့် ကျွန်တော်ပြာပြာသလဲ ဖြစ်သွားပြီး


'တော်ပါပြီ။ ကျွန်တော်မူးပြီဗျ'

'မမူးနဲ့ဦး . . . ဟေ့ . . . ဒီကောင့်ကို အရက်တစ်လုံး ထပ်ချပေးလိုက်စမ်း'

'ဟုတ်ကဲ့ဆရာ လာပြီ'

အရက်တစ်လုံးလာချပေးသည်။ နောက်သူပါ ကျွန်တော့် ဝိုင်းကို ပြောင်းထိုင်ပြီး

'ကဲ. . နားထောင် လေးသချ်ေနဲ့ ကမ္ဘာတစ်သိန်း၊ ရှစ်သချ်ေနဲ့ ကမ္ဘာတစ်သိန်း၊ ဆယ့်ခြောက်သချ်ေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ အထူးဖြည့်ဆည်းဖူးလို့ လေထု၊ ရေထု၊ မြေထု၊ နေထု စကြာ'





BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော်စိတ်ညစ်သွားပြီး ထထွက်ရန် ပြင်လိုက်သည်။


'တော် . . . တော်ပါဗျာ. . . ကျုပ်မူးနေပါပြီ. . . '

ကျွန်တော့်စကားကို အင်္ဂလိပ်ကြက်ကြီးက မကျေနပ်နိုင် သေးဘဲ ကျွန်တော့်ပုခုံးကို ဆွဲ၍ ပြန်ထိုင်လိုက်စေပြီး

'မတော်နဲ့ဦး . . . နေဦး . . . အဘိဓမ္မတ္တသင်္ဂဟ ဆိုတာ အပိုင်း အားဖြင့် ကိုးပိုင်းရှိတယ်။'

'မူးနေပြီဆိုမှဖြင့်ဗျာ'

'မမူနဲ့ဦး၊ ဆက်သောက်ဦး . . . ။ ငါအရှိန်ရနေပြီ ဆက်ပြောမယ်။ ပညာနဲ့တကွ သုဒ္ဓိစင်ကြယ်သော ကိုယ်ကျင့် တရားသာလျှင် လောကုတ္တ ရာလမ်းဖြောင့်တန်းသတဲ့ဗျား'



www.burmeseclassic.com



'ဟာဗျာ . . . ခင်ဗျားကလည်းဗျာ . . . တော်ပါဆိုနေမှဖြင့်'

'သုတ်ပိဋကတ်၊ ဓမ္မသင်္ဂဏီတဲ့'

'ဟော့လူ ဆက်မပြောနဲ့တော့နော်၊ ကျုပ်. . . ကျုပ် ပိုမူးလာပြီ'

'အုံ့ဩစဖွယ် ကြုံဖူးလေးစွ၊ ကံကိုဖက်တွယ်. . . ရိုးမယ်ဖွဲ့ရမှာဖြင့်. . .'

'ဟောဗျာ. . . ကျုပ်ပိုမူးလာပြီဆိုမှဖြင့်ဗျာ'

ကျွန်တော်ထထွက်ရန် ပြင်လိုက်သည်နှင့် အင်္ဂလိပ်ကြက်ကြီး ကျွန်တော့်ပုခုံးကို လှမ်းဆွဲလိုက်ပြီး

'နေဦး သောမနဿသဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက. . .'

'ခင်ဗျား ကျုပ်ကို လာရစ်နေတာလားဗျ'

'ရစ်တာမဟုတ်ပါဘူးကွာ ခန္တီသည်းခံခြင်းသည် ပရမံတပေါ၊ မြတ်သောအကျင့်ပေတည်းလို့ ဆိုထားပြန်တယ်မဟုတ်လား'

'တော်ပြီဗျာ. . . ကျုပ်သွားတော့မယ်။'

ဟုဆိုပြီး ထထွက်လိုက်တော့၏။ ဒါတောင် အင်္ဂလိပ် ကြက်ဖကြီး က. . .

'ဘုံစိတ္တရာ၊ ဣဋ္ဌာလည်း လိတ္တာလုံးညီတဲ့'

ဟူသောအသံက ကပ်ပါလာသေး၏။

'တောက်။' အတော်ရစ်တဲ့လူ။ မူးနေပါတယ်ဆိုမှ ပိုမူးအောင်လုပ်တဲ့လူ။ ဆိုင်နာမည်မှတ်ထားပြီး နောက်တစ်ခါဆို လှောင်သောက်မယ်။ မှန်း ဆိုင်နာမည်က ဘာတဲ့။

'ရွှေကြက်ဖ စားသောက်ဆိုင်'

'ဒါကြောင့် ရစ်တာ'

အရက်ဆိုင်အပြင်ဖက် ခြေလှမ်းနှစ်လှမ်းသုံးလှမ်းပင် မလှမ်းရသေးပါ။



BURMESE CLASSIC .com

www.burmeseclassic.com



'ဟော့ကောင် 'အ'လည်း'အ' 'လိမ်'လည်း'လိမ်' 'မာ'လည်း'မာ' 'တုံး'လည်း'တုံး' 'လေး'လည်း'လေး'

ဟူသည့် အော်သံကြားရ၏။ ကျွန်တော်လှည့်ကြည့် လိုက်တော့ အိုင်လပ်(ဖ်)ယူနှစ်ကိုယ်ခွဲ။ မည်မျှမူးနေသည်မသိ။ ဒီကောင့်ကို ကြည့်ရတာ နှစ်ရုပ်ဖြစ်နေ၏။

'ဟော့ကောင် ဘာကြောင်ကြည့်နေတာလဲ၊ မင်းယောက်ဖ စစ်စစ်ပါကွ'

လာပြန်ပြီ ရွှေကြက်ဖတစ်ကောင်။ ကျွန်တော်လည်း ဘာမှဆက်မပြောချင်တော့ပြီမို့ သူ့ကိုကျော်၍ လျှောက်လိုက်သည်။ သိပ်မကြာခင် အချိန်ကလေးမှာပင် သူကျွန်တော့်ရှေ့ လမ်းပိတ်ရပ်လိုက်ပြန်သည်။

'ဟော့ကောင်. . . မင်းငါ့ရှေ့လမ်းပိတ်မရပ်နဲ့'

'ငါလမ်းပိတ်ရပ်တာမဟုတ်ဘူး။ မင်းဘာသာမင်း အရှေ့လျှောက်လိုက် အနောက်ရောက်လိုက်ဖြစ်ပြီး ငါ့တည့်တည့် ပြန်ဝင်လာတာ။ ငါက ရပ်နေရာက လုံးဝမလှုပ်ရသေးဘူး'

ကျွန်တော်အနည်းငယ်တော့ ရှက်သွားမိ၏။ သို့သော် ဒီကောင့်ရှေ့တွင်တော့ အရက်သမားသိက္ခာကျလို့မဖြစ်။ ထို့ကြောင့် ရှုတည်တည် သူ့ကို ကြည့်ပြီး

'အေး. . . ဒါဆိုလည်း အဲဒီမှာပဲ ရပ်နေ။ ငါ့ရှေ့တော့ မလာနဲ့'

ဟုဆို၍ သူ့ကို ကျော်တက်လိုက်သည်။ သို့သော် သိပ်မသွားလိုက်ရ။ ဟိုကောင် ကျွန်တော့်ရှေ့ ပြန်ရောက်နေပြန်သည်။

'ဟော့ကောင်. . . မင်းငါ့ရှေ့မလာနဲ့လို့ ပြောထားတယ် မဟုတ်လား'

'အေးလေ. . . ငါက တုတ်တုတ်တောင် မလှုပ်သေးဘူး။ မင်းသာ မူးပြီး ငါ့ကိုပတ်နေတာ'

ကျွန်တော်စိတ်ညစ်သွား၏။ အရှေ့ကိုလည်း ဆက်သွားလို့မရ။



BURMESE CLASSIC .com

www.burmeseclassic.com



အနောက်ကိုလည်း ဆုတ်လို့မရ မူးရသည့်ဒုက္ခကမသေး။ အရက်ကိုလည်း တစ်ခါမှ မသောက်ဘူးသူမို့လားမသိ။ ဒေါင်ချာကို စိုင်းနေတာ။ ခေါင်းခါ ကြည့်သည်။ အိုင်လပ်(ဖ်)ယူ လေးယောက် ဖြစ်သွားသည်။ ဒုက္ခပါပဲ။ မည်သို့ပြုလုပ်ရမည်ကိုပင် မသိတော့။ ဟိုကောင့်ရှေ့မှာ ယိုင်ထိုးယိုင်ထိုး ဖြစ်နေရသည်ကလည်း သိက္ခာကျလွန်းလှသည်။

'ဟေ့ကောင် မင်းငါ့ဆီဘာလာလုပ်တာလဲ'

အိုင်လပ်(ဖ်)ယူ မျက်မှောင်ကြုတ်လိုက်သည်။ နောက် ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး

'မြင့်စန်းရီတို့ မင်းအိမ်ရောက်နေတယ်ကွ'

'ဘာ'

ကန်တော့မျက်လုံးများ ပြူးကျယ်သွား၏။ အမူးလည်း ပြေသွားသည်။ ဆံပင်လည်း ထောင်သွားသည်။

'ဟုတ်တယ်။ မာမာလည်းပါတယ်'

'ဒယ်'

ဝမ်းသာအားရပြောလိုက်သမို့ တကယ်မှာပင် ဒယ်ဖြစ်သွားရ၏။

'ဒယ်. . . အဲလေ. . . တစ်ကယ်ပေါ့ကွ။ မင်းကျောင်းမတက်တာကြာပြီဆိုတော့ ဘာဖြစ်လဲဆိုပြီး လာကြည့်ကြတာ။ ဟိုကွာ. . . မြင့်စန်းရီနဲ့ ဗိုလ်ချုပ်ဈေးသွားတုန်းက အအေးများမိ၊ အပူများရှပ်သွားလားလို့ စိတ်ပူနေကြတာ။'

ဆွေစဉ်မျိုးဆက်လိုက် အရှက်သည်းသော ကျွန်တော့် မျက်နှာကြီး ရှိန်းတက်သွား၏။ နောက် ထိုနေ့ကအဖြစ်ကို ပြန်တွေးမိပြီး ဝတ်ထားသော ဘောင်းဘီကို ပြန်ငုံ့ကြည့်လိုက်သည်။

www.burmeseclassic.com



'အော်. . ခါးသုံးဆယ့်ခြောက်. . ခါးသုံးဆယ့်ခြောက်'

ကျွန်တော့်ရဲ့ ရေရွှတ်သံကို အိုင်လက်ဖြူ မျက်မှောင်ကြုတ်သွားပြီး. . .

'ဟော့ကောင်ဘာတွေ ပွစိ ပွစိ လုပ်နေတာလဲ။ လာ. . အိမ်သွားရအောင်'

ဟုဆွဲခေါ်နေသဖြင့် ကျွန်တော်လည်း အလိုက်သင့် လိုက်ပါသွားလေတော့၏။

❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com



တံခါးပိတ်ထားသော ကျွန်တော့်အိမ်ပေါက်ဝတွင် ဆောင့်ကြောင့်ထိုင်နေသော ကျွန်တော့်ချစ်သူနှင့် မာမာသည် သနားစဖွယ် မျက်နှာငယ်ကလေးများနှင့် မဟုတ်သော်လည်း ကျွန်တော့်စိတ်ထဲတွင် အနည်းငယ်တော့ သနားစဖွယ် ဖြစ်နေသည်။ ကျွန်တော့်ကို မြင်သည်နှင့် မာမာက အော်ကြီးဟစ်ကျယ်နှင့်။

'အောင်မယ်လေးဆရာရယ် နေမကောင်းဘူးထင်လို့ လာကြည့်တာ ဘယ်အလေလိုက်နေတာလဲ တောက်တဲ့ရဲ့'

မာမာ၏စကားကို ချွန်တွန်းအိုင်လက်ဖြူက

'ဘယ်မှ အလေမလိုက်ဘူးဟေ့ အရက်ဆိုင်မှာ မိုးလင်းမိုးချုပ်သောက်နေလို့ ဆွဲခေါ်လာတာ။

သူ့စကားကို မြင့်စန်းရီက မျက်လုံးလေးပြူးပြီး . . .

'ဘာလို့ အရက်တွေသောက်နေရတာလဲ စောကြည်ဖြူ'

စိတ်ညစ်လို့ပေါ့ချစ်သူ၊ စိတ်ညစ်လို့ပေါ့၊ ချစ်သူနဲ့တစ်ခါ ကလေးချိန်းတွေ့ပြီး တစ်ခါတည်း ကမျောက်ကချောက်ဖြစ်ခဲ့ရတဲ့ ကိုယ့်ကိုယ်ကို စိတ်ညစ်လွန်းလို့ပေါ့။

ကျွန်တော့်စိတ်ထဲက စကားသံကို ချစ်သူကြားမည် မထင်ပါ။



BURMESE CLASSIC .com

www.burmeseclassic.com



'ဟဲ့ စောကြည်ဖြူ နင်အရက်တွေဘာတွေ သောက်တက်နေပြီ ပေါ့လေ မျောက်လောင်း၊ နင့်ကို ဘယ်ဆရာကောင်းတွေက သင်ပေးလိုက်တာလဲ ခွေးကောင်ရဲ့'

မာမာရဲ့ ပြစ်တင်စကားကို ပြန်မချေပမိ။ မှားယွင်းခြင်းဆိုတာ သူမှ မသိဘဲ။

'ဟဲ့ကောင် . . . မေးနေတာပြောလေ။ နင်အနေပြီးလားငနွားရဲ့'

တိတ်ဆိတ်နေသော ကျွန်တော့်ကို မာမာက တိရစ္ဆာန် နောက်တစ်ကောင်ထပ်ထည့်ပြီး မေး၏။

'ငါက ဘာပြောရမှာလဲ'

'နင်ဘာလို့ ကျောင်းမတက်တာလဲ'

ဟုတ်သား ကျောင်းမတက်တာ တစ်ပတ်ရှိရောပေါ့။

'အို့ . . ဒါက ခတ်ကြမ်းကုနေတာဖြစ်မှာပေါ့။

ကျွန်တော်အဖြေမပေးမီ အိုင်လပ်(ဖ်)ယူက ဝင်ဖောက်သည်။

'ဘာရယ်'

အိုင်လပ်(ဖ်)ယူစကားကို မာမာကမရှင်းသလို မျက်မှောင်ကြုတ်ပါးစပ်ဖြဲပြီး ပြန်မေးသည်။

'ခတ်ကြမ်းကုနေတာလေ။ ခတ်ကြမ်း'

'ခတ်ကြမ်းကုတာ ဆရာကဘယ်သူလဲ'

မာမာ၏အမေးကို အိုင်လပ်(ဖ်)ယူ ဘာပြန်ပြောရမှန်း မသိဘဲ ခေါင်းကို ကုပ်ပြီး ကျွန်တော့်ဖက်မေးထိုးပြ၍။

'အဲ့ . . . ဟို့ . . . သူ့ကိုမေး'

ဟုဆိုလိုက်ရာ မာမာက ကျွန်တော့်ဘက်လှည့်ပြီး

'ဟဲ့ကောင် . . . နင့်ကိုခတ်ကြမ်းကုနေတာ ဘယ်သူလဲ ကြောင်ဖျင်း'

မာမာက တိရစ္ဆာန်နောက်တစ်ကောင်ထပ်ဖြည့်ပြီး မေး၏



BURMESE CLASSIC .com

www.burmeseclassic.com



**အို ...လှလိုက်တဲ့ချစ်သူ။**
**နံ့နက်ခင်းနေရောင်ခြည်**
**နိုစိုစိုကြီးကြား**
**နှင်းမှုန်တစ်ဖွဲဖွဲကို**
**လွှမ်းခြုံခြင်း ခံထားရသော**
**ရနံ့လှိုင်လှိုင်ခရေပန်းကုံး**
**ကလေးလိုကို လှနေတာ။**



ကျွန်တော်လည်း သူ့အမေးကို စိတ်ရှုပ်စွာ ပြန်အဖြေပေးလိုက်သည်။

'အင်္ဂလိပ် ကြက်ဖ'

'အင်္ဂလိပ် ကြက်ဖ'

မာမာနှင့် ချစ်သူနှစ်ယောက်လုံးထံမှ အံ့သြတကြီး ရေရွတ်သံကြားရ၏။ ပြီးနောက် တစ်ယောက်ကိုတစ်ယောက် ပြုံးကြည့်၍ ခေါင်းခါပြီး။

'မကြားဖူးပါဘူး'

ဟု ပြိုင်တူရေရွတ်၏။ နောက်ကျွန်တော့်ဘက် ပြန်လှည့်ပြီး ချစ်သူက ဂရုဏာသံကလေးဖြင့်။

'ခေါင်းကြမ်းကုလိုက်တော့ အခုနေကောင်းသွားပြီလား'

ချစ်သူ၏ အမေးကို ကျွန်တော်ရှက်ရွံ့စွာ ခေါင်းညိတ်ပြလိုက်၏။ မလိမ်ချင်ပါဘဲ လိမ်မိသွားပါရော့လား။

'ဟင်း . . . ကဲ ဒါဆိုလည်း ငါတို့သွားတော့မယ်။ မသိပါဘူး။ နင်ကျောင်းမတက်တာ တစ်ပတ်လောက်ရှိပြီဆိုတော့ အိမ်မှာပဲ တံခါးပိတ်ပြီး တစ်ယောက်တည်း ကယ်မယ့်လူမရှိဘဲ နတ်ရွာစံသွားပြီလားဆိုပြီး လာ

www.burmeseclassic.com



ကြည့်တာ။ ငါကတော့အကြောင်း မဟုတ်ပါဘူး။ နင်ဆုံးသွားရင်လည်း မုန့်ဟင်းခါးစားရပြီဆိုပြီး ပျော်နေတာ။ ဟောဒီမရွှေချောကသာ အသည်းအသန်'

မာမာ၏ စကားကို ချစ်သူက 'ဟယ်. . . မဟုတ်တာ'ဟု ရှက်ရဲရဲ ဆိုပြီး မာမာပေါင်ကို လှမ်းရိုက်လိုက်သည်။

နောက်ဘာမှ ဆက်မပြောဘဲ ခေါင်းကို ငုံ့ထားလိုက်၏။

အို . . . လှလိုက်တဲ့ချစ်သူ။ နံနက်ခင်းနေရောင်ခြည် နီစို့စို့ကြီးကြား နှင်းမှုန်တစ်ဖွဲဖွဲကို လွှမ်းခြုံခြင်း ခံထားရသောရနံ့ လှိုင်လှိုင်ခရေပန်းကုံးကလေးလိုကို လှနေတာ။

'ဟဲ့. . . ငကြောင်. . . ဖြည်းဖြည်းလည်းကြည့်ပါဦး။ နင့် မျက်လုံးက မြင့်စန်းရီနဖူးကို ထိုးမိနေပါဦးမယ်'ချစ်သူက 'ဟယ် မဟုတ်တာ'ဟု ထပ်မံရေရွတ်ပြီး မာမာ၏ပေါင်ကို ဖျက်ခနဲရိုက်ကာ နီရဲရဲပါးပြင်ကို ပိုင်ဆိုင်သော ဦးခေါင်းငုံ့သည်ထက် ငုံ့လိုက်သည်။

'ကဲ. . . အခုမှ ရှက်မနေပါနဲ့. . . နင်ပဲ အလိမ္မာတုံးဆီ သွားချင်တယ်ဆို . . . ကဲ . . . ဘာပြောစရာရှိလဲ မရှိရင် ပြန်မယ်'

မာမာ၏စကားကို ချစ်သူ၏ ငုံ့ထားသော ခေါင်းကိုဖြည်းဖြည်းလေးယမ်း၏။

'ကဲ . . . ဒါဆိုလည်း ပြန်မယ်လေ . . . နင်က နေခဲ့မှာလား'

'ဟယ် . . . . မဟုတ်တာ'

ဟုဆို၍ ချစ်သူခေါင်းငုံ့လျက် ထရပ်လိုက်သည်။ ကျွန်တော့်ရင်ထဲ ပီတိအစုံနှင့် ကြီးစွာရင်ခုန်နေသမို့ ဘာမှမပြောလိုက်မိ။

'ကဲ . . . ဒါဆိုသွားပြီး . . . ဟဲ့ ဟိုကြွက်စုပ် မနက်ဖြန်မှ ကျောင်းမှာဆုံမယ်'

ဟုဆို၍ မာမာက အရှေ့မှ ကော့ပက်ကော့ပက်နှင့် ဦးဆောင်ထွက်သွားသည်။ သူ့နောက်မှ အိုင်လပ်(ဖ်)ယူ နောက်ဆုံးက မြင့်စန်းရီ။

www.burmeseclassic.com



ကျွန်တော့်နားဖြတ်အလျှောက် မြင့်စန်းရီ၏ ခြေလှမ်းတုန့်ခနဲ ရပ်လိုက်ပြီး

'မနက်ဖြန်မနက် . . . ကိုးနာရီလောက်မှာ ဗိုလ်တထောင်ဘုရားက စောင့်နေနော်။' တဲ့ ကျွန်တော် ဟေးခနဲထမခုန် မိရုံတမယ် ဝမ်းသာသွားမိ၏။

ချစ်သူ၏ ချိန်းဆိုမှုခံရသော မည်သူကမျှ မပျော်ရွှ နိုင်မည်နည်း။ ရင်အစုံ တဒိတ်ဒိတ်ခုန်နေသည့်အပြင် ခြေဖျားလက်ဖျားများပါ အေးစက်ကုန်၏။ မိတ်ဆွေသင်ရော ဤကဲ့သို့ အဖြစ်မျိုး ကြုံတွေ့ဖူးပါသလား။ ကြုံခဲ့ဖူးပါလျှင် ထိုခဏသင်ရော မည်သို့ ခံစားရပါသနည်း။

❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com

ခေါင်မိုးပေါ်က လရိပ်ပြာဟာ

ငါ့မျက်နှာကို အုံ့ပိုးပြီး ကြည့်နေတယ်။

ပြီးတော့

ကြယ်ကလေးတွေကို တီးတိုးဆိုတယ်။

ရှူးလည်း ရှူးတဲ့ကောင်...တဲ့။

ကြယ်လေးတွေဟာ သူတို့ရဲ့ လက်ဆွဲမီးအိမ်ကို

ခပ်မြင့်မြင့် မြှောက်ပြီး

ခွက်ထိုး ခွက်လှန် ရယ်ကြတယ်။

ငါ့အပေါ် ဖြတ်သန်းသွားတဲ့

လေပြေညင်းကတော့

ငါ့မျက်နှာကို ဖော့ဖော့ကြည့်နေကြတုန်း။

---

တော် ဝင် မြို့ မ စာ အုပ် တိုက်

BURMESE CLASSIC .com

www.burmeseclassic.com



မည်သူမဆို ချစ်သူနှင့် ချိန်းဆိုထားသော အချိန်၌ စောင့်ဆိုင်းရခြင်းသည် မည်မျှလောက် အချိန်တွေကြန့်ကြာတတ် ကြောင်းသိကြပေလိမ့်မည်။ ထိုခဏ၌ နာရီလက်တံသည် နှေးကွေးစွာ (အလိုက်မသိစွာ) လည်ပတ်နေသည်ဟုလည်း ထင်မိကြပေလိမ့်မည်။ ယခုလည်းကြည့်လေ။ ချစ်သူချိန်းထားသော အချိန်နှင့် ချိန်းထားသော နေရာကို နာရီဝက်ခန့်သာ စောရောက်သော ကျွန်တော်သည် အချိန်ကာလ၏ ကြာမြင့်မှုဒဏ်ကို အသည်းအသန် ခံစားနေရပြီ။

ချစ်သူချိန်းထားသော အချိန်ပြည့်ရန် ဆယ့်ငါးမိနစ်အလို။

ကမ္ဘာကြီးသည်လည်း ထိုခဏ၌ အဘယ်ကြောင့် နှေးကွေးစွာလည်ပတ်နေသည်ကိုလည်း ကျွန်တော်မပြောတတ်ပါ။ သေချာတာကတော့ အချိန်တွေကုန်ခဲလွန်း၏။ ကျွန်တော်သာ တန်ခိုးရှင်တစ်ယောက်ဖြစ်ပါက တစ်ထပ်ထပ်နှင့် လည်ပတ်နေသော နာရီလက်တံကို ဖြတ်ခနဲ ကိုယ်လိုသည့်နေရာကို ဆွဲယူလှည့်ရမ်းလိုက်ချင်သည်။

ချစ်သူချိန်းထားသော အချိန်ပြည့်ရန် ငါးမိနစ်အလို။

ပြန်လှန်မေးမြန်းသံမြောက်များစွာနှင့် မြည်နေကြသော ဘုရား



BURMESE CLASSIC .com

www.burmeseclassic.com



ပေါ်မှ ခေါင်းလောင်းသံတို့သည် တဆိတ်နာရီသံ ဖြစ်သွားပါက မည်မျှ ကောင်းမည်နည်း။

ခဏကလေးပါဆိုသော အချိန်တို့သည် ကျွန်တော့်၏ လည်ပင်းကို ပို၍ ရှည်ထွက်စေ၏။ အလိုမပြည့်တတ်သေးသော နာရီစက္ကန့်တံတို့သည် မိနစ်တံကို မထိခလုတ်တိုးတိတ်စွာ ကျီစယ်ရင်း စည်းချက်ညီညီ လျှောက်သွားနေကြသည်။ သို့သော် အချိန်က ကုန်ခဲတုန်း။

ဒိုင်းခနဲ မြည်သည်နှင့် ဒုန်းခနဲ ခုန်တက်သွားသော ရင်ခုန်သံသည် နားထဲ ပြန်ကြားယောင်လောက်အောင် ကျယ်လောင်သွားသည်ဟု ကျွန်တော် ထင်မိ၏။

ဘယ်အချိန် မြင်ရမြင်ရ ရင်ခုန်နေဆဲဖြစ်သော ကျွန်တော့်ချစ်သူသည် ကျွန်တော့်ကို အချိန်မရွေး ဖမ်းစားနေနိုင်တုန်းပင်။ သို့သော် ယခုတစ်ခါ ကျွန်တော့်ကို ဒီတစ်ခါ ဖမ်းစားထားသည်က လွန်လွန်းသည် ထင်ပ့ါ။

ကျွန်တော့်ရင်ခန်သံ ပို၍အရှိန်ပြင်းစွာ ခုန်လှုပ်လာသည်။

ဖြစ်သင့်ပါသည်။ ကျွန်တော် ထိုမျှလောက် ရင်ခုန်သင့် ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်ထံ ခပ်လေးလေး လျှောက်လှမ်းလာသည်မှာ ကျွန်တော့်ချစ်သူတစ်ယောက်တည်းမဟုတ်၊ တစ်ခါက ကျွန်တော် ကားပေါ်တွင် ဆေးထိုးပေးခဲ့သော (ထောက်ဆူးနှင့်ထိုးမိခဲ့သော) အသက်ကြီးကြီး ထိပ်ပြောင်ပြောင် လူကြီးပါပါလာ၏။

ကျွန်တော့်အနားရောက်လာတုန်း ပြုံးလိုက်သော ကျွန်တော့်ချစ်သူ၏ အပြုံးသည် ခါတိုင်းအပြုံးနှင့် ဘာမှပိုထူးခြား ပြောင်းလဲမှု မရှိသော်လည်း ကျွန်တော့်ရင်ကို အရင်လိုမအေးမြစေပါ။ ဒါကလည်း သူ့နံဘေးတွင် ကပ်ပါလာသော ထိပ်ပြောင်ပြောင်နှင့်လူ၏ နွားသိုးသဖွယ် ရှုတည်တည်အကြည့် ကပ်ပါလာ၍လည်း ဖြစ်နိုင်၏။



BURMESE CLASSIC .com

www.burmeseclassic.com



'ရောက်နေတာ ကြာပြီလား'

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ လူကြီးကတော့ ကျွန်တော့်ကို စားမတတ် ဝါးမတတ် စိုက်ကြည့်နေတုန်း။

ချစ်သူထံမှ မပွင့်တစ်ပွင့်အပြုံး လက်ခံရ၏။ နောက် ထိုလူကြီးဖက် လှည့်၍-

'ဦးအောင်မော်. . . ဒါမြင့်စန်းရီပြောတဲ့ စောကြည်ဖြူလေ'

လူကြီးခေါင်းမညိတ်ပြပါ။ ကျွန်တော့်ကိုသာ မျက်တောင်မခတ် တမ်း စိုက်ကြည့်နေ၏။ ချစ်သူကသာ မပွင့်တပွင့် ထပ်ပြုံးလိုက်ပြီး

**ကျွန်တော့်ရင်တစ်ခုလုံး**
**ဟင်းလင်းပွင့်ထွက်သွား**
**ပြီဟုထင်ရလောက်အောင်**
**ခန္ဓာကိုယ်တစ်ခုလုံး**
**တစ်ဆတ်ဆတ်**
**တုန်သွား၏။**



'စောကြည်ဖြူ . . . . ဒါဦးအောင်မော်တဲ့'

'ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ်အန်ကယ်'

ဟု ကျွန်တော်ပြုံးပြရင်း ခေါင်းညိတ်လိုက်သည်။ ထိုလူကြီး ပြန်မပြုံး ပြပါ။ သူ့ကို အန်ကယ်ဟုခေါ်၍လားမသိ မျက်မှောင်ကိုပင် ကျုံ့လိုက် သေး၏။ ချစ်သူက ကျွန်တော်တို့နှစ်ယောက်လုံးကို ဝေ့ကြည့်ပြီး ခေါင်းကို ငုံ့လိုက်သည်။ အနည်းငယ်ကြာမှ 'နောက်ပြီး'

www.burmeseclassic.com



ချစ်သူစကားသံ တိတ်ဆိတ်သွားပြန်၏။ ဦးခေါင်းကို သူ၏ရှည်လျားသော ဆံပင်များ ဖုံးအုပ်သည်အထိ ငုံ့ချလိုက်သည်။ အတန်ကြာမှ တိုးတိတ်ညင်သာစွာ ထွက်ပေါ်လာသော စကားသံက

'ဦးအောင်မော်က မြင့်စန်းရီနဲ့ လူကြီးချင်းသဘောတူ ထားကြတာ'

'ဘာ'

ကျွန်တော်ထိုင်နေရာမှ ထရပ်လိုက်မိသည် ထင်သည်။ ခုနတုံ့နှေးစွာ လည်ပတ်နေသော ကမ္ဘာကြီးတစ်ခုလုံးချာချာ လည်ပတ်သွား၏။ ကျွန်တော့်မျက်ဝန်းထဲတွင်လည်း အရောင်အသွေးစုံသော အရိပ်များ အရိပ်များ၊ အရိပ်များ၊ တစ်ရိပ်ရိပ်နှင့် ဖြတ်သန်းသွား၏။ ကျွန်တော့်အရှေ့တွင် ရပ်နေကြသော ချစ်သူနှင့် ထိုလူကြီးနှစ်ယောက်လုံးသည်လည်း မျက်လုံးထဲမြင်နေရသော အရိပ်ထဲတိုးဝင်ရောယှက် ကုန်သည် ထင်ပါသည်။ မျက်ဝန်းပေါ်သို့လည်း ဘယ်ကဘယ်လို တိုးထွက် လာမှန်း မသိသော မျက်ရည်တို့ ဝေ့သီလာသည်။

'အဲဒါ. . . ဦးအောင်မော်နဲ့ စောကြည်ဖြူကို . . .

'တော် . . . . တော်ပါတော့ မြင့်စန်းရီ'

ချစ်သူ့စကားမဆုံးမီ ကျွန်တော်တားလိုက်မိသည်။

ကျွန်တော့်၏ အသံများ တုန်ရင်နေသည် ထင်မိ၏။ မျက်ဝန်းပေါ်တွင်လည်း မျက်ရည်တို့ ဝေ့သီနေသည်လား မပြောတတ်တော့။ ကျွန်တော့်ရင်တစ်ခုလုံး ဟင်းလင်းပွင့်ထွက်သွားပြီဟု ထင်ရလောက်အောင် ခန္ဓာကိုယ်တစ်ခုလုံး တစ်ဆတ်ဆတ် တုန်သွား၏။ ချစ်သူက ရုတ်ချည်း ပြောင်းလဲသွားသော ကျွန်တော့်ရဲ့ အခြေအနေကို အံ့အားသင့်စွာ ကြောင်ငေးကြည့်ရင်း

'စောကြည်ဖြူ'



BURMESE CLASSIC .com

www.burmeseclassic.com



အံ့ဩတကြီး ထွက်ပေါ်လာသော ချစ်သူ၏အသံ။ ကျွန်တော်သူ့ကို လက်ကာပြလိုက်ပြီး

'ကျွန်တော်ဒီကိုလာတာ၊ မြင့်စန်းရီရဲ့ သတိုးသားလောင်းနဲ့ မိတ်ဆက်ဖို့လာခဲ့တာ မဟုတ်ဘူး'

ကျွန်တော့်အသံက အနည်းငယ် ဆတ်တောက်တောက် ဖြစ်နေပေလိမ့်မည်ထင်သည်။

'မ . . . မဟုတ်ဘူး . . . စောကြည်ဖြူ'

ကျွန်တော့်ရဲ့ တုန်ရင်ဆို့နင့်သော စကားကို ချစ်သူမှအလန့်တကြားတားမြစ်သည်။

'တော်ပါတော့ မြင့်စန်းရီ။ ကျွန်တော့်ကို မတားပါနဲ့တော့'

ယောကျ်ားတန်မဲ့ ကြေကွဲမှုကြောင့် နီရဲတက်လာသော နှာခေါင်းကို ကျွန်တော်ပြန်ပွတ်လိုက်သည်။

'မြင့်စန်းရီ ကျွန်တော့်ကို အနိုင်ယူချင်ရင် တခြားနည်းနဲ့ အနိုင်ယူပါ မြင့်စန်းရီ ဒီလိုနည်းမျိုးနဲ့ အနိုင်ယူတာတော့ တစ်ဆိတ်လွန်လွန်းလှပါတယ်'

'မဟုတ်ဘူး စောကြည်ဖြူ။ မဟုတ်သေးဘူး။ ကျွန်မ ပြောတာ----

'ကျွန်တော် မကြားပါရစေနဲ့တော့ မြင့်စန်းရီ'

ချစ်သူ၏ စကားမဆုံးခင် ကျွန်တော်ခေါင်းကို ခပ်သွက်သွက်ရမ်းရင် ပြောလိုက်သည်။ မျက်ဝန်းပေါ်လိမ့်တက်လာသော မျက်ရည်စတို့ မြေပြင်ပေါ် အရှိုပြင်းပြင်း လွင့်ကျသွားသည် ထင်၏။

'ကျွန်တော်မကြားပါရစေနဲ့တော့ မြင့်စန်းရီ။ ဒီထက် ကံဆိုးစရာစကားတွေကို ကျွန်တော် မကြားပါရစေနဲ့တော့'


'ဟင်'

မျက်ဝန်းပေါ်သို့ လက်ကျန်မျက်ရည်များ ထပ်မံ ဝေ့တက်လာပြန်

www.burmeseclassic.com



၏။ နောက်တစ်လိမ့်ချင်း ဆင်းသက်။ ချစ်သူအံ့အားသင့်သွားပုံရ၏။ ထိုမျက်ရည်ကြောင့် ကျွန်တော်ရှက်စိတ်များ ရှိန်းတက်လာ၏။



**တခြားနည်းနဲ့**
**အနိုင်ယူပါ မြင့်စန်းရီ**
**ဒီလိုနည်းမျိုးနဲ့**
**အနိုင်ယူတာတော့**
**တစ်ဆိတ်**
**လွန်လွန်းလှပါတယ်**

'စောကြည်ဖြူ'

ချစ်သူ၏ အံ့ဩတကြီး ခေါ်သံ

'ကျွန်တော့်ကို ခွင့်ပြုပါဦး မြင့်စန်းရီ'

ဆက်လက်ဟန်ဆောင်ပြီး နေလိုစိတ်မရှိတော့၍ နှုတ်ဆက်ပြီး လှည့်အထွက်။

'စောကြည်ဖြူ'

ချစ်သူ၏ ခေါ်သံသဲ့သဲ့ ကြားရပြန်၏။ ကျွန်တော် လှည့်မကြည့်တော့။ ကျွန်တော့်မျက်ရည်ကို ချစ်သူကို မမြင်စေလိုတော့။

'စောကြည်ဖြူ'

ချစ်သူ၏အသံက ကြားနေရတုန်း။ သူ့ခေါ်သံတွင် ငိုသံတစ်ဝက် ပါလာသည်ထင်၏။ ကျွန်တော့်ခြေလှမ်းကိုပို၍ အရှိန်မြှင့်လိုက်သည်။ ငိုသံတချို့ ဝဲပျံ့လာ၏။ ကျွန်တော့်ထံမှလား၊ ချစ်သူထံမှလား၊ ကျွန်တော်မ

www.burmeseclassic.com



သိတော့။ ချစ်သူငိုနေသလား ဆိုသည်ကို ကျွန်တော်လှည့်မကြည့်မိ၍ မသိလိုက်။

ဘုရားဝင်အပြင်ဘက်ရောက်သည်နှင့် ရောက်ချင်ရာရောက်စေတော့ဟုဆုံးဖြတ်ပြီး ကားတစ်စီးပေါ် လှမ်းတက်လိုက်၏။ ကားက အနည်းငယ်မြင့်ပြီး ဘီးအနည်းငယ်ကြီးနေသည်ကိုတော့ သတိထားမိ၏။

ကျွန်တော်ကားပေါ်ရောက်သည်နှင့် ကားကအနောက် ပြန်ဆုတ်လိုက်သည်။ နောက်ဂီယာချိန်းပြီး အရှေ့ပြန်ထွက်သည်။ နောက်ဘာကြောင့်ရယ်မသိ။ အနောက်ပြန်ဆုတ်ပြန်သည်။ ပြီးမှအရှေ့သို့ သူ့စက်သံက ငှက်ဆိုးထိုးသံလို တစ်ဂီး ဂီးအော်မြည်လို့။ ရှိပါစေတော့။ ဒီတစ်ခါတော့ သချိုင်းရောက်ရောက်၊ မန္တလေးရောက်ရောက် ကိစ္စမရှိတော့။ ဘယ်နေရာရောက်ရောက် ကျွန်တော့်ဆုံးရှုံးမှုတွေက လွင့်ပါသွားမှာမှ မဟုတ်တာ။ ဘယ်နေရာရောက်ရောက် ကျွန်တော့်ရဲ့ ရည်မှန်းချက် အားလုံးအသက်မဲ့နေခဲ့ပြီပဲ။

ဤသို့သာပါပဲ မြင့်စန်းရီ။ အလွမ်းနာကျမှုတွေက ခပ်စိပ်စိပ်ပါပဲ။ ကျွန်တော့်ကိုယ် ကျွန်တော် မသုံးသပ်နိုင်ခင် ရုတ်ချည်း ဖုံးလွှမ်းခဲ့ပေါ့။ ချစ်ခြင်းတရားဆိုတာ အငွေ့ပျံ့ထွက် လုမတတ် လောင်ကျွမ်းခဲ့ပြီးနောက် မမျှော်မှန်းခဲ့တဲ့ သမားရိုးကျ စီးဆင်းခဲ့တဲ့ အလွမ်းတွေနဲ့ ကျွန်တော့်ကို မျက်ရည်ကျစေခဲ့ပြီပေါ့။

သိမ်ငယ်နေတဲ့ စိတ်တွေဟာ ဇာတ်ရဲ့အစမှာပဲ မင်းသားဖြစ်ခဲ့ပြီ မြင့်စန်းရီ။ အရာရာကိုသာ အစကပြန်စလို့ရင်တောင် အဲဒီအစဟာ ငါ့တစ်ယောက်တည်းအတွက် ဇာတ်သိမ်းခန်းပေါ့။

တိုတောင်းလှတဲ့ မနေ့ကအကြောင်းတွေ အချိန်တွေကို ပစ်တင်ကြိမ်းမောင်းရင်း ဒီနေ့ကို လှမ်းယူလိုက်တယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့



BURMESE CLASSIC .com

www.burmeseclassic.com



ကံကြမ္မာအားလုံးဟာ အနာဂတ်ကို ဆက်လှမ်းနိုင်ဖို့ လမ်းစပျောက်ခဲ့တယ်လေ။

စူးရှအော်ဟစ်ရင်း လဲကျသွားတဲ့ ကျွန်တော်ရဲ့အနက်ဖြန်ကို ကျွန်တော် ပြန်လည်ငေးမောရင်း ဆုံးရှုံးခြင်းတွေ အားလုံးကကျွန်တော့်ကိုယ်ကျွန်တော် ပြန်လည်ချည်နှောင်မိခဲ့ပေါ့။

တစ်စက်ချင်း တစ်စက်ချင်း တစ်လိမ့်ချင်း တစ်လိမ့်ချင်းပါပဲ။ အလွမ်းတွေရွာကျနေလိုက်တာ ပါးပြင်မှာပါ အက်ကြောင်း ရာထလို့ပေါ့ မြင့်စန်းရီ။

ကျွန်တော့်ဘဝက ကျွန်တော်အခုစီးနေတဲ့ ကားလိုပဲ။ ရှေ့တိုးနောက်ငင်နဲ့သူ့ခမျာ အသေအချာဆုံးဖြတ်ခွင့်ကို မရရှာဘူးထင်တယ်။ ကျွန်တော့်ဘဝကလည်း ဘာထူးသေးလို့လဲ။ မြင့်စန်းရီ။ အရှေ့လည်း မတိုးသာ အနောက်လည်း မဆုတ်သာပ။

ကျလာသော မျက်ရည်ကို အသာသုတ်ဖယ်ရင်း ဝေ့ကြည့်လိုက်တော့ ကားကို စိတ်ရှည်လက်ရှည်မောင်းနှင်နေသော ဒရိုက်ဘာ။

အော်. . . တော်သေးတာပေါ့ ကားခေါင်းခန်းတက်စီးခဲ့မိတာကိုး။ အနောက်မှာဆိုလျှင် ကျွန်တော့်၏ မျက်ရည်ကို လူ အများမြင်ကြဦးမည်။

ကားကရှေ့တိုး နောက်ငင်လုပ်နေတုန်း။

'ဟော့လူ ခင်ဗျားကားက မထွက်ဘဲ။ ဒီလိုပဲ ရှေ့တိုးနောက်ငင် လုပ်နေတော့မှာလား'

ကျွန်တော့်ရဲ့ မေးသံနှင့်အတူ အနီးမှကားများ ဝှီးခနဲ ဖြတ်ကျော်သွားသည်ကို တွေ့ရ၏။

'ဒါကျုပ်အလုပ်ပဲ ရှေ့တိုး နောက်ငင်မှမလုပ်ရရင် ကျုပ်ကဘာဆက်လုပ်ရမှာလဲ'

တဂီးဂီးစက်သံကို ကျော်ဖြတ်၍ ဒရိုင်ဘာကြီးက ကျွန်တော့်ကို



BURMESE CLASSIC .com

www.burmeseclassic.com



မကြည့်ဘဲ ပြန်ဖြေ၏။ သူ့စကားကြောင့် ကျွန်တော် စိတ်ရှုပ်သွားပြီး

'ဒါဖြင့် ခင်ဗျားကားက ဘယ်ရောက်မှာလဲ'

'ဘယ်မှမရောက်ဘူး။ ခင်ဗျား ဘာကြီး တက်စီးလာလဲ ပြန်ကြည့်ပါဦး'

သူ့စကားကြောင့် ကျွန်တော်လည်း ပြန်ငုံ့ကြည့်လိုက်ရာ

'လမ်းကြိတ်စက် . . . . လမ်းကြိတ်စက်ကြီး'


ကျွန်တော်အံ့အားသင့်သွားရသည်။ နောက် ကိုယ့်ကိုယ်ကိုလည်း မကျေမနပ်ဖြစ်သွားရ၏။

'အော်. . . ဘယ်ရောက်ရောက် မထူးဘူးဟု ဆုံးဖြတ်ပြီး တက်စီးခဲ့တာတောင် ဘယ်မှမရောက်သည့်လမ်းကြိတ်စက်ကြီး တက်စီးခဲ့မိလောက်အောင် ကုသိုလ်ကံက ညံ့ဖျင်းခဲ့ပြန်ပေါ့'

❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com



● ထိပ်ပြောင်နေသူတစ်ဦး ●

နံဘေးမှာ ရိုးပြတ်တလင်း
အလည်မှာ စကိတ်ကွင်းနဲ့
ထိပ်ခြင်းတူရင်
ကျောက်လိပ်တောင် သံခမောက်ဆောင်းထားဦး
နောက်ပြောင်ခြင်း သီးခံပါဆိုတဲ့ စာတမ်း
သူ့ဆီမှာပဲ ဆွဲမိကြလိမ့်မယ်။

တော် ဝင် မြို့ မ စာ အုပ် တိုက်

BURMESE CLASSIC .com

www.burmeseclassic.com





ကျယ်ပြောလှတဲ့ သူ့ဟင်းလင်းပြင် ပြောင်ချော်ချော်မှာ
သရဲသကြားလုံးက မျက်လုံးလို
အော်လည်လည်နှစ်ကွက်က
ဘယ်သူမှ လာမချိန်တဲ့
သမာဓိချိန်ခွင်လို
ပြုံးဖြီးဖြီးကြီးဖြစ်လို့။
နဂိုချစ်စမွေးနည်းပါးရတဲ့အထဲ
ကောက်ရိုးမွဲမီးမြိုက်
ဆံပင်ကေ တစ်ဖက်အရှဲနဲ့
ဗွေချိန်ခွင်ကို ဖုံးထားလိုက်ပုံများဗျာ . . .
လက်ဝါးမှာ ဆီသုတ်
သူ့နှုတ်ခမ်းက 'ဂ' (ဂငယ်) ပြုတ်ထွက်သွားအောင်
အုပ်ထည့်လိုက်ချင်ပါ့။

**(မှတ်ချက်။** ။ ဤကဗျာသည် ကျွန်တော်ဦးအောင်မော် ဆိုသော ချစ်သူနှင့် စေ့စပ်ထားသည့် ထိုထိပ်ပြောင်နှင့်လူကြီးကို စိတ်နာ၍ ရေး ထားသည့်အတွက် ကာရံမိရန် အချိုးကျရန် လိုမည်မထင်ပါ။)

❖ ❖ ❖



BURMESE CLASSIC .com

www.burmeseclassic.com



မြင့်စန်းရီ။

ဒီလိုသည်းသည်းမည်းမည်းရွာကျနေတဲ့ မိုးနေ့တွေကို မှတ်မိပါဦးမလား။ ကျွန်တော်တို့ ဆုံတွေ့ခဲ့တာ ကျွန်တော်တို့ အဖြစ်အပျက်တွေဟာ အခုလို မိုးရေစက်များမှာ ကမ္ပည်းမြောက် များစွာရေးထိုးခဲ့ကြတယ်လေ။ အခုတော့ ဒီမိုးရေစက်တွေနဲ့အတူပဲ မျှောပါခဲ့ပြီလား။

ဒီလို မိုးရေစက်တွေနဲ့ အစပြုခဲ့တဲ့ ကျွန်တော်တို့အဖြစ် အပျက်တွေက အေးချမ်းမှုမရှိခဲ့တာ ဘာကြောင့်ပါလိမ့်။ ကျွန်တော့်ရင်ထဲ ပူလောင်နေတယ် မြင့်စန်းရီ။ ဟောဒီ မိုးရေစက်တွေကို ကျွန်တော် မေ့လို့ရပါတော့မလား။ ဟောဒီမိုးရေစက်တွေ သယ်ဆောင်လာတဲ့ ကျွန်တော်တို့ရဲ့ အဖြစ်အပျက်တွေကို မေ့လို့ရမတဲ့လား။

ဤသို့သာပေါ့ မြင့်စန်းရီ

ကျွန်တော်တို့ရဲ့ ရာဇဝင်အားလုံးကိုတောင် မြေလှန်လိုက်ဦးတော့။ အချစ်ဆိုတာ မြင့်စန်းရီရဲ့ ခြေဖဝါးမှာ ကပ်ပါသွားတဲ့ မိုးရေစက်တစ်ခုလောက်တောင် ကျွန်တော်ပိုင်ဆိုင်ခွင့်မရခဲ့ပါဘူး။

ဘယ်တုန်းကမှ ညီညွတ်ခြင်းမရှိခဲ့တဲ့ကောက်ကွေ့မှု တွေက အလွမ်းတွေနဲ့ အမင်္ဂလာကို ဆောင်ကျဉ်းလာခဲ့ပေါ့။ ချစ်ခြင်းတရားဆိုတာ



BURMESE CLASSIC .com

www.burmeseclassic.com



အလင်းမှုန်မှုန်ကလေးပါပဲ။ ဟောဒီလောက် မြင့်မြတ်ခဲ့တာတောင် ပိုပြီး တောက်ပမလာခဲ့တာ ဘာကြောင့်ပါလိမ့်။

ဒီမှာကြည့်စမ်း မြင့်စန်းရီ။ မိုးရေစက်တွေကြား မင်းမြင်ကြည့်လိုက်စမ်း။

ဘာကြောင့်အရက်တွေ သောက်နေရတာလဲ စောကြည်ဖြူလို့ မင်းတားမြစ်ခဲ့တဲ့ အရက်တွေကို ငါနှစ်ခြိုက်နေတတ်ပြီပေါ့။ မင်းလာပြီး တားမြစ်လှည့်ပါဦး။ မြင့်စန်းရီ။ လာတားမြစ်လှည့်ပါဦး။ ငါ့အလွမ်းတွေကို လာရောက် ဖြတ်တောက် လှည့်ပါဦး။

'ကောင်လေး. . . မင်းများ နေပြီးနော်'

လွမ်းလို့ကောင်းဆဲမှာပင် တားမြစ်သံကြောင့် ဝေ့ကြည့်လိုက်တော့ ဆိုင်ရှင် အင်္ဂလိပ်ကြက်ဖ။ ကျွန်တော် သူ့ကိုမထီတရီ ပုခုံးတွန့်၍ ပြုံးပြလိုက်သည်။ နောက်၊ အရက်ပုလင်းကိုမ၍ ဖန်ခွက်ထဲသို့ လောင်းချလိုက်သည်နှင့် မိုးကိုပါ တစ်ပါတည်း ခေါ်လိုက်သလို မိုးကပို၍ သည်းမည်းစွာ ဝုန်းခနဲ ရွာချလိုက် သည်။

'ဟေ့ . . . ဆိုင်ရှေ့မှာ ကောင်မလေးတစ်ယောက်ကွ'

'ဟာ. . . အမိုက်စားလေးကွ။ ဆံပင်ရှည်ရှည်ကလေးနဲ့'

'ဟေ့ကောင် . . . ငါအရင်မြင်တာနော်'

ဘေးနားစားပွဲမှ အရက်သမားတစ်ချို့၏ အငမ်းမရစကားသံ။ ကျွန်တော်လည်း သူတို့စကားသံကြောင့် အာရုံပျက်သွားပြီး အရက်ခွက်ကို ခပ်ဆဆ မလိုက်သည်။ နောက်သူတို့ အားပါးတရ ကြည့်နေရာ ဆိုင်အပြင်သို့ ဘာရယ်မဟုတ် ဝေ့ကြည့်မိသည်။

'ဟုတ်သား. . ကောင်မလေး တစ်ယောက် သည်းသည်းမည်းမည်း မိုးရေထဲ ထီးမပါဘဲ ခေါင်းငုံ့ရပ်လို့။ မိုးရေထဲမှာမို့ မည်သူမည်ဝါ မသဲကွဲ။ ဘယ်သူ့ကို စောင့်နေတာပါလိမ့်။

www.burmeseclassic.com



တစ်ယောက်ယောက်ကို စောင့်နေတာ ဖြစ်မှာပါလေဟုသာ ထင်မိပြီး ကိုင်ထားသော အရက်ခွက်ကို ကောက်မော့ချလိုက်သည်။

**ချစ်ခြင်းတရားဆိုတာ အလင်းမှုန်မှုန်ကလေးပါပဲ။ ဟောဒီလောက် မြင့်မြတ်ခဲ့တာတောင် ပိုပြီးတောက်ပ မလာခဲ့တာ ဘာကြောင့်ပါလိမ့်။**

'ဟော့ကောင် .... အပြင်ထွက်ပြီး လုံးရအောင်ကွာ'

'ဟာ ... မိုးရေတွေထဲ'

'ဘာဖြစ်လဲကွ။ မိုးရေတွေထဲ ဟီဟိ'

ဘေးဝိုင်းမှလူများ ကောင်မလေးကိုကြည့်ပြီး လှုပ်လှုပ်ရွရွ ဖြစ်နေကြ၏။ သူတို့အဖြစ်သည်းနေပုံကို ကြည့်ပြီး ကျွန်တော်လည်း ဘာရယ်မဟုတ် ထပ်မံငေ့ကြည့်လိုက်မိတော့ မိုးရေများထဲ မသဲကွဲ (မှုန်နေ၍လည်းဖြစ်မည်။) မျက်လုံးကို အစွမ်းကုန်ဖြဲပြီး ကြည့်လိုက်တော့

'ဟင် ...'

'မြင့်စန်းရီ'

ဟုတ်ပါသည်။ ကျွန်တော့်ချစ်သူ မြင့်စန်းရီပါ။ ရွဲနစ်အောင်စိုနေသော မိုးရေစက်များကြား မလှုပ်မယှက် ရပ်နေသော ကျွန်တော့်ချစ်သူ။ မည်မျှကြာအောင် ရပ်နေသည်မသိ သူ့ခန္ဓာကိုယ်က တစ်ဆတ်ဆတ်တုန်လို့။

တစ်ယောက်တည်း မိုးရေများကို အံတုရင်း ငြိမ်သက်နေသော ချစ်သူကိုမြင်တော့ ပြင်းထန်စွာ အံ့အားသင့် သွားရ၏။

သည်းသည်းလှုပ် မိုးရေတို့သည်လည်း သူ၏ဆံနွယ်စမှတဆင့်ယိုးလေးခို ဆင်းသက်ရင်း မြေပြင်ပေါ်တွင် အရှိုပြင်းစွာ ခုန်ပေါက်နေကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော်လည်း ဘာမှ စဉ်းစားမနေနိုင်တော့ဘဲ ကမန်းကတန်း ဆိုင်အပြင်ဘက် မိုးရေထဲ ပြေးထွက်ခဲ့မိ။

ဆိုင်အပြင်ဘက် မိုးရေထဲရောက်တော့ ကျွန်တော့်ခြေလှမ်းတွေ ခပ်လေးလေးဖြစ်နေတာ ဘာကြောင့်ရယ် မသိ။

တစ်လှမ်းချင်း လှမ်းသွားသော ကျွန်တော့်၏ ခြေလှမ်းများနှင့် ခြေလှမ်းနောက်ကပ်ပါလာသော ရေမှုန်ရေစက်ကလေး များတို့သည် ချစ်သူ၏ ရှေ့ရောက်သောအခါ ချောက်ချားဖွယ် ကောင်းလောက်အောင် ရပ်တန့်သွား၏။

မိုးကတော့ သည်းသည်းမည်းမည်းကို ရွာကျနေတုန်း။ ထိုရွာကျနေသော မိုးရေစက်များနှင့်အတူ စီးကျနေသည်ဟုထင်ရသော ချစ်သူ မျက်ဝန်းမှ မျက်ရည်တချို့ ပြာနေသော နှုတ်ခမ်းနောက်ထပ် သည်းသည်း မိုးရေစက်များကြား မည်မျှကြာအောင် ရပ်နေမှန်းမသိသော ချစ်သူ၏ ခန္ဓာကိုယ်က တစ်သိမ့်သိမ့်တုန်လို့။ ခေါင်းကတော့ ငုံ့ထားဆဲ။

ကတ္တရာလမ်းမနှင့် မိုးရေစက်တို့ ထိခတ်သံ ကျယ်လောင်စွာကြားရ၏။ ကျွန်တော့်လက်များ အလိုလိုဆန့်တန်းသွားသည်။ နောက်ချစ်သူ၏ လှပသော ပုခုံးသားနုနုဆီမရောက်မီ

'ကျွန်မလာနှုတ်ဆက်တာ စောကြည်ဖြူ'

'ဟင်'

ချစ်သူ၏ တိုးညင်းသော စကားသံနှင့်အတူ ဒိန်းခနဲ မိုးကြိုးပစ်သံ ကြားရ၏။ နောက်အံ့မည်းအောင် မှောင်ကျသွားသော ကောင်းကင် လေပြင်းတိုက်သံနှင့် သစ်ပင်တို့၏ လေတိုးသံက တစ်ဝုန်းဝုန်း။ ကမ္ဘာပျက် မတတ် လှုပ်ရမ်းနေသော လေပြင်းမုန်တိုင်းတချို့။ အပြိုးကြီးသောမိုးက တစ်ဖျောင်းဖျောင်း ရွာကျ နေဆဲ။

www.burmeseclassic.com



ဖျက်ခနဲ လက်သွားသော လျှပ်ပန်းလျှပ်နွယ်နှင့်အတူ ဒိန်းခနဲ မိုးကြိုးပစ်သံကြားရ၏။ နောက်ကောင်းကင်သည် လင်းတစ်ချက်၊ မှောင်တစ်လှည့်နှင့် ကမ္ဘာလောကကြီးကို ဖြားယောင်းလိုက်သည်။

ဒရစပ်ကြဲဖြန့်နေသော မိုးရေစက်များကြား ကျွန်တော်တစ်ယောက်တည်း မည်မျှကြာအောင် ရပ်နေမိသည်မသိ။ ကျွန်တော့်လက်ထဲ ချစ်သူပေးသွားသော အဖြူရောင် စာရွက်ခေါက်ကလေး မိုးရေတွေရွှဲရွှဲ စိုလို့။

ဘယ်အချိန်က ထွက်သွားမှန်းမသိသော ချစ်သူ၏ ခြေသံများက ကျွန်တော့်နားထဲ ပဲ့တင်ထပ်နေတုန်း။

မိုးကတော့ အငြိုးကြီးစွာ ရွာကျနေတုန်း။

မိုးရေစက်နှင့်အတူ ကြွေကျနေသော ကျွန်တော့်မျက်ရည်များလည်း မိုးရေတို့ ရွှဲရွှဲစိုလို့။

❖ ❖ ❖

BURMESE CLASSIC .com


www.burmeseclassic.com

(၁၄)

ငါသိတယ်
ခရမ်းရောင်သစ်ခွတွေ ပွင့်တဲ့အကြောင်း
ငါသိတယ်
အနီရောင်တိမ်တိုက်တွေအကြောင်း
ငါသိတယ်
လှို့ဝှက်ချက်တွေများတဲ့ ပင်လယ်ပြင်အကြောင်း
ငါသိတယ်
23½ဒီဂရီလည်ပတ်နေတဲ့ ကမ္ဘာကြီးအကြောင်း
ငါသိတယ်
ကောင်းကင်ရဲ့ လွတ်လပ်လေဟာနယ်အကြောင်း
ငါသိတယ်
ဗုဒ္ဓတရားတော်တွေရဲ့ အကျိုးသက်ရောက်ပုံ
ငါသိတယ်
ညဖက်မှာ ပွင့်လန်းတတ်တဲ့ ကြယ်ပန်းခင်းအကြောင်း
ငါသိတယ်။

www.burmeseclassic.com





နွေဦးပုံပြင်ရဲ့ အပူဆုံးဒေသ
ငါသိတယ်
ဒေးကာနယ်ဂျီရဲ့ အောင်မြင်မှုလမ်းညွှန်တွေ
ငါသိတယ်
ဘဂါနီနီရဲ့ တယောသီအိုရီ
ငါသိတယ်
မြေပုံထဲမပါတဲ့ ကမ္ဘာပတ်လမ်း
ငါသိတယ်
. . . . . . .
. . . . . . .
အို-အကုန်လုံးငါသိခဲ့တယ်။
ဒါပေမယ့် . . . .
ငါမသိတာတစ်ခုတော့ ရှိတယ်။
မင်းနဲ့ ခွဲရတဲ့အခါ
ဘယ်လိုအထီးကျန် နေခဲ့ရမယ်ဆိုတာကိုပေါ့. . . ။ ။



BURMESE CLASSIC .com

www.burmeseclassic.com



များပြားယောက်ယက်ခတ်နေသော ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ထဲဝင်လိုက်သည်နှင့် လူအားလုံး ကျွန်တော့်ကို တအံ့တဩကြည့်ကြသည်။ အဘယ်ကြောင့်ဆိုသော် မာယာများသော ရန်ကုန်မိုး၏ ကွက်ကြားရွာသွန်းမှုကို တစ်ယောက်တည်း ခံစားလာရသည်ဟု ထင်ရလောက်အောင် လေဆိပ်တစ်ခုလုံးတွင် ကျွန်တော်တစ်ယောက်တည်း ရွှဲရွဲစိုနေ၏။ ကျွန်တော်လည်း လူများ၏ မျက်လုံးများကို ဂရုမစိုက်နိုင်ဘဲ မကြာခင်အချိန်ကလေးအတွင်းမှာ သူ့ဖခင်ရှိရာ ဩစတြေးလျနိုင်ငံသို့ လိုက်ပါသွားမည့် ချစ်သူမြင့်စန်းရီကို လေဆိပ်ဧည့်ခန်းတွင်း၌ အလောတကြီး ဝေ့ရှာလိုက်မိ၏။

အရောင်အသွေးစုံနေသော လူများကြား ချစ်သူကို ရုတ်တရက်ရှာ၍မရနိုင်။

လေယာဉ်များ ထွက်သွားပြီလား။

ကျွန်တော့်စိတ်ထဲ၌ ထိတ်ခနဲ စိုးရိမ်စိတ်တို့ ယှက်နွယ်လာ၏။

'လေယာဉ်အမှတ်-------နှင့် လိုက်ပါကြမည့် ခရီးသည်များရှင့် . . '

ကြေညာသံတစ်ခု ကြားရ၏။ ထိုကြေညာသံနှင့်အတူ လှုပ်လှုပ်ရှားရှားဖြစ်သွားသော လူတချို့။

'ဟော ဟိုမှာ'

ထိုလူများထဲမှ ကျွန်တော့်ချစ်သူ မြင့်စန်းရီ၏ လှုပ်ရှားသွားပုံကို ဖြတ်ခနဲ မြင်မိ၏။

'အို . . . လှလိုက်တဲ့ ချစ်သူ'

အဖြူရောင်စပို့ရှပ်၊ အဖြူရောင် ဘောင်းဘီရှည်နှင့် ဆံပင်နက်ပျော့ပျော့ကို အလိုက်သင့် စည်းနှောင်ထားသော ကျွန်တော့်ချစ်သူ၏ အသွင်သဏ္ဍာန်မှာ ကျွန်တော်တစ်သက် မမေ့စရာ။



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော့် ချစ်သူထံသို့ အပြေးကလေးလှမ်းမိ။

မြင့်စန်းရီ။

လေးကန်သော ခြေလှမ်းနှင့် လေဆိပ်ထဲ လှမ်းဝင်နေသော ချစ်သူ၏ ခြေလှမ်းများ တုန့်ခနဲ ရပ်တန့်သွား၏။ နောက် . . ကျွန်တော့် ဘက်ကို ဖြည်းညင်းစွာ လှည့်လိုက်သည်။

'စောကြည်ဖြူ'

ချစ်သူထံမှ အံ့အားသင့်သလို တိုးညင်းစွာ ကျွန်တော့် နာမည်ကို ရေရွတ်လိုက်သည်။ နောက် မိုးရေစိုရွှဲနေသော ကျွန်တော့်ကို ကြောင်ငေးကြည့်ပြီး . . .

'မိုးမိလာတယ်'

ကျွန်တော်ခေါင်းညိတ်မိသလား။ မညိတ်မိသလား မပြောတတ်ပါ။

'ဖျားနေပါဦးမယ် . . . စောကြည်ဖြူ'

ချစ်သူ၏ တုန်ရင်သော ဂရုဏာသံ ကျွန်တော့် မျက်ဝန်းပေါ် မျက်ရည်တို့ ဝေ့သီလာသည်။

'အရက်တွေလည်း သောက်မနေနဲ့ဦးနော်'

ချစ်သူ၏ အသံများက တုန်ရင်ဆို့နင့်နေ၏။ နောက် သူ့မျက်ဝန်းပေါ်တွင်လည်း မျက်ရည်စတချို့။

'မြင့်စန်းရီ ရှင်းပြထားတဲ့ စာရောဖတ်ပြီးပြီလားဟင်'

ကျွန်တော် ခေါင်းမညိမ့်မိ။ အဘယ်ကြောင့်ဆိုသော် မိုးရေစက်များ နှိပ်စက်မှုကြောင့် ထိုစာစုတ်ပြဲသွားပြီဖြစ်ကြောင်း ကျွန်တော်သူ့ကို မည်သို့ ပြောရမည်နည်း။ ထို့ကြောင့် စာထဲတွင် ရေးထားသော အကြောင်းအရာများကို ကျွန်တော်ဘာမှမဖတ် လိုက်ရကြောင်း ချစ်သူကို မည်သို့ရှင်းပြရမည်နည်း။



BURMESE CLASSIC .com

www.burmeseclassic.com



'သွားတော့မယ်နော်'

ချစ်သူ၏ ကြေကွဲဖွယ် နှုတ်ဆက်သံ။ နောက် ဖြည်းလေးစွာ လှုပ်ရှားသွားသော ခြေသံတစ်ချို့။

'မြင့်စန်းရီ'

ကျွန်တော့်၏ ခေါ်သံနှင့်အတူ ချစ်သူ၏ ခြေလှမ်းများ ရပ်တန့်သွား၏။ နောက် တဖြည်းဖြည်း လှည့်လာသော ချစ်သူ၏ မျက်ဝန်းတွင် မျက်ရည်တို့ အိုင်ဖွဲ့နေ၏။ ကျွန်တော့်မျက်ဝန်းမှာကရော . . .

'ကျွန်တော်တို့ ပြန်ဆုံနိုင်စရာရှိသေးလား မြင့်စန်းရီ'

ချစ်သူထံမှ ရှိုက်သံသဲ့သဲ့ကြားရ၏။ နောက် ဖြည်းညင်းစွာ ခေါင်းကို ငုံ့လိုက်သည်။ နောက် တိုးတိမ်တုန်ရင်စွာဖြင့် . . .။

'အချစ်ဆိုတာကို မြင့်စန်းရီ ယုံကြည်ပါတယ် စောကြည်ဖြူ'

နောက် . . . သက်ပြင်းကို ဖြည်းညင်းစွာချပြီး

'သွားတော့မယ်နော် စောကြည်ဖြူ . . တစ်နေ့နေ့တော့'

ချစ်သူထံမှ ဘာစကားသံမှ ထပ်မကြားရတော့။ ကျွန်တော်ကြားနေရသည်က ကျွန်တော့်နှလုံးသားကို ဖြတ်နင်းသွားသော သူ့ခြေသံနှုန်း။ ကျွန်တော်ချစ်ရသည့် မြင့်စန်းရီ။

❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com



မြင့်စန်းရီကို ကျွန်တော့်မြင်ကွင်းထဲမှ ပျောက်သွားသည်နှင့် လေယာဉ်နှင့် လိုက်ပါသည့်သူများအား လေယာဉ်ပေါ် မတက်မီလက်ပြ နှုတ်ဆက်နိုင်ရန် ပြုလုပ်ထားပေးသော လေဆိပ်အပေါ် ထပ်တာဝါလေး ဆီသို့ အပြေးအလွှားတက်လိုက်မိ၏။

'တွေ့ပြီ'

လေယာဉ်ပေါ်တက်ရန် တုန့်နှေးနှေးခြေလှမ်းများနှင့် ချစ်သူ။ ဖြည်း လေးစွာ ကျွန်တော်ရှိရာဘက်သို့ ဝေ့ကြည့်သည်။

ကျွန်တော်လက်တစ်ဖက် အသာထောင်ပြလိုက်သည်။

ခပ်ဝေးဝေးလှမ်းမြင်နေရသော ချစ်သူခေါင်းငုံ့သွားသည်ကို မှတ် မှတ်ထင်ထင် မြင်ရ၏။

နောက် . . . တစ်လှမ်းချင်း လှေခါးဆီသို့

အို . . . လိုက်မသွားပါနဲ့လား။ မြင့်စန်းရီ။ လိုက်မသွားပါနဲ့လား။ မင်းအချစ်ဆိုတာကို ယုံပြီဆို မြင့်စန်းရီ။ မင်းရဲ့အချစ်တွေ ဘယ်မှာရှိ တယ်ဆိုတာ မင်းသိမှာပေါ့။ ပြန်လာခဲ့ပါလားကွယ်။ လှည့်ပြန်ခဲ့ပါလား။ မင်းရဲ့ ခြေလှမ်းတိုင်းကို ကြေကွဲနေရတဲ့ ကျွန်တော့်ဆီ လှည့်ပြန်ခဲ့ပါလား။

'အော်. . . ဆုတောင်းတိုင်းသာ ပြည့်တတ်ရင်လေ'



BURMESE CLASSIC .com

www.burmeseclassic.com



လေယာဉ်ပေါ်ရောက်သွားသော မြင့်စန်းရီ။ ကျွန်တော့်ဖက် ငေ့ကြည့်ပြန်သည်။ မင်းငိုနေသလား မြင့်စန်းရီ။ ကျွန်တော့် မျက်ဝန်းမှာတော့ မျက်ရည်တွေဝေ့သီ။ ကျွန်တော်တို့တကယ် ဝေးကြရတော့မှာလား။ ဝေးရမတဲ့လား။

ကြည့်နေရင်း ကြည့်နေရင်း လေယာဉ်တံခါးကြီး တဖြည်းဖြည်း ပိတ်သွား၏။ မြင့်စန်းရီဆိုသော ကျွန်တော့်ချစ်သူလည်း မြင်ကွင်းမှ တဖြည်းဖြည်း ပျောက်ကွယ်သွား၏။

အို . . . ကျွန်တော်ဘယ်လို နေရမှာလဲ။ ကျွန်တော် ဘာဆက်လုပ်ရမှာလဲ။

ဟော . . . ကြည့်စမ်း လေယာဉ်၏ ပန်ကာကြီး တစ်ဝှီးဝှီးနှင့် ကျွန်တော့်အသည်းနှလုံးကို မွှေ့ယမ်းကာ စတင်လည်ပတ်နေပြီ။ နောက် . . . တဖြည်းဖြည်း လိမ့်သွားသော လေယာဉ်ဘီး။

မသွားပါနဲ့၊ မသွားပါနဲ့၊ မသွားပါနဲ့။

ဆောက်တည်ရာမရ ဆုတောင်းနေမိ။ သို့သော် အချိန်မှန်သော လေယာဉ်က တရွေ့ရွေ့။

မသွားနဲ့။ မသွားနဲ့။ မသွားပါနဲ့လေ။

လေယာဉ်ဘီးရွေ့လျားမှုမြန်လာလေ။ ကျွန်တော့်၏ စိတ်တွေများ ပို၍ လှုပ်ရှားလာလေဖြစ်လာ၏။ ငြိမ်သက်မနေ နိုင်တော့ဘဲ ဟိုဘက်ရွေ့ ဒီဘက်ရွေ့နှင့် ဆောက်တည်ရာမရ ပိုဖြစ်လာသည်။ ဝမ်းနည်းစိတ်များ ပိုမိုကြီးစိုးလာ၍ စီးကျလာသော မျက်ရည်နှင့်အတူ ရှိုက်ကြီးတငင်ဟစ် အော်ငိုချင်နေမိ။

ကျွန်တော် ဘယ်လိုနေရမှာလဲ။ မြင့်စန်းရီ။ ကျွန်တော် ဘယ်လိုနေခဲ့ရမှာလဲ။ လေယာဉ်က ဝှီးခနဲ ဖြတ်သန်းသွားသည် နှင့် ကျွန်တော်ဘာမှ



BURMESE CLASSIC .com

www.burmeseclassic.com



စဉ်းစားမနေနိုင်တော့ဘဲ သတိလက်လွှတ် တာဝါပေါ်မှ ဝုန်းခနဲခုန်ချလိုက်မိသည်။

အမြင့်ပေသုံးဆယ်ကျော်ရှိသည်မို့ ကမန်းကတမ်း ခုန်ချလိုက်သောအရှိန်ကြောင့် အောက်သို့ရောက်သည်နှင့် ကျွန်တော့်ခြေထောက်က မျက်ခနဲ ဖြစ်သွားမိ။ သို့သော်ထိုခြေထောက်အနာကို ဂရုမစိုက်နိုင်ဘဲ မြေပြင်ပေါ်မှ လေပေါ်သို့ကြွလုဆဲဆဲလေယာဉ် ဆီသို့ သွေးရူးသွေးတမ်းနှင့် ပြေးလိုက်မိ၏။

ကျွန်တော်၏ အပြုအမူ ကိုလေယာဉ်ကွင်းထဲရှိနေကြ သူအားလုံး 'ဟာ'ခနဲအံ့အား သင့်သွားကြကုန်၏။

**လေယာဉ်က ဗိုးခနဲ ဖြတ်သန်းသွားသည်နှင့် ကျွန်တော်ဘာမှ စဉ်းစားမနေနိုင်တော့ဘဲ သတိလက်လွှတ်တာဝါပေါ်မှ ဝုန်းခနဲ ခုန်ချလိုက်မိသည်။**

ကျွန်တော်လည်း ဘာကိုမှဂရုမစိုက် နိုင်တော့ဘဲ မြင့်စန်းရီကိုသယ်ဆောင်သွားသော လေယာဉ်နောက်သို့ အားကုန်သွန်လိုက်မိ။

'မြင့်စန်းရီ'

ကျွန်တော့်အသံကို ချစ်သူကြားလိမ့်မည် မထင်း။ ထို့ကြောင့်ကျွန်တော် အသံကို ထပ်မြှင့်၍ အော်မိသည်။

'မြင့်စန်းရီ။ မသွားနဲ့ မြင့်စန်းရီ။ ပြန်လာခဲ့'

ဟုအော်ဟစ်၍ ကျွန်တော်လေယာဉ်ကြီးနောက် အားကုန်ပြေးလိုက်နေမိသည်။

အလိုမပြည့်စွာဘဲ လေယာဉ်ကြီးသည် မြေပြင်မှ အရှိန်ပြင်းစွာလေပေါ်သို့ ကြွတက်သွား၏။ ကျွန်တော် အားကုန်ပြေးလိုက်နေတုန်းမမောနိုင် မပန်းနိုင် ပြေးလိုက်နေတုန်း။ သွေးရူးသွေးတမ်း ငိုကြွေးကာ. . .



BURMESE CLASSIC .com

www.burmeseclassic.com



**တဖြည်းဖြည်းဝေးကွာသွားသော**
**လေယာဉ်ကြီးသည် ကျွန်တော့်ကို**
**ကျောခိုင်း၍ အရှိန်ပြင်းစွာ**
**တိမ်ပေါ်ပျံထွက် ပျောက်ကွယ်သွားမှ**
**ကျွန်တော်ဝမ်းနည်းပက်လက်နှင့်**
**မောပန်းစွာလေယာဉ်ပြေးလမ်း**
**ပေါ်ဒူးထောက်ထိုင်ချလိုက်သည်။**



ကျွန်တော်ပြေးလိုက်နေတုန်း။ တဖြည်းဖြည်း ဝေးကွာသွားသော လေယာဉ်ကြီးကို မမီနိုင်မှန်းသိသည်။ သို့သော် ကျွန်တော် သတိလက်လွတ် ပြေးလိုက်နေတုန်း။

တဖြည်းဖြည်းဝေးကွာသွားသော လေယာဉ်ကြီးသည် ကျွန်တော့်ကို ကျောခိုင်း၍ အရှိန်ပြင်းစွာ တိမ်ပေါ်ပျံထွက် ပျောက်ကွယ်သွားမှ ကျွန်တော်ဝမ်းနည်းပက်လက်နှင့် မောပန်းစွာ လေယာဉ်ပြေးလမ်းပေါ် ဒူးထောက်ထိုင်ချလိုက်သည်။ ကျွန်တော်နှင့်အတူ မျက်ဝန်းထက်မှ မျက်ရည်စက်တို့သည် တလိမ့်ချင်းတလိမ့်ချင်း ပြေးလမ်းပေါ်သို့ ဒူးထောက်လဲကျကုန်၏။

ကျွန်တော်တို့ တကယ်ဝေးကြပြီပေါ့ မြင့်စန်းရီ။

နှစ်လိုအားရဖွယ် မရှိတဲ့ အလွမ်းတွေ တစ်ပွေ့တစ်ပိုက်နဲ့ ကျွန်တော့်ကိုထားခဲ့ပြီ . . . . ကျွန်တော်တို့ ဝေးကြပြီပေါ့။

ဒွိဟစိတ်တွေ၊ ဆုံးရှုံးမှုတွေနဲ့ကျနေတဲ့ ကျွန်တော့်ရဲ့ မျက်ရည်ကို မင်းမြင်နိုင်ဦးမှာလား မြင့်စန်းရီ။

အချစ်ဆိုတာ ယုံကြည်ပြီးမှ ဘာရယ်ကြောင့်များ အဝေးကို ထွက်



BURMESE CLASSIC .com

www.burmeseclassic.com



သွားခဲ့ရတာလဲ။ ကျွန်တော်ရဲ့ အသိစိတ်တွေကို အိပ်မက်နဲ့ နှောင်ဖွဲ့ပြီးမှ ပြက်ရယ်ပြု ထွက်သွားတာတော့ မဟုတ်လောက်ပါဘူးနော်။

ကျွန်တော်ငိုနေရပြီ မြင့်စန်းရီ။ ကြေကွဲခြင်းတွေနဲ့အတူ ကျွန်တော် မျက်ရည်ကျနေရပေါ့။

မြင်ရဲ့လား မြင့်စန်းရီ။ ဖြစ်နိုင်မယ်ဆို. . . မင်းကို သယ်ဆောင်သွားတဲ့လေယာဉ်ကနေ ကျွန်တော့်ကို ခဏလောက်ဖြစ်ဖြစ် မြင်ကြည့်စမ်းပါ။ ဒီလို အလွမ်းတွေနဲ့ ရှူးနေတဲ့ကောင်ကို။

မင်းကိုသယ်ဆောင်သွားတဲ့ ဟောဒီလေယာဉ်ပန်ကာ တဝှီးဝှီးက ကျော်ဖြတ်ပြီး ကျွန်တော့ရင်ခုန်သံကို နားထောင်လှည့်ပါ။ ဒီလို ကြေကွဲခြင်းတွေနဲ့ ခေါင်းငုံနေတဲ့ကောင်ကို။

မင်းကိုသယ်ဆောင်သွားတဲ့ . . . .

မင်းကိုသယ်ဆောင်သွားတဲ့ . . . .

မင်းကိုသယ်ဆောင်သွားတဲ့ . . . .

မင်းကိုသယ်ဆောင်သွားတဲ့ . . . .

လေယာဉ်စက်သံတဝှီးဝှီး . . . . . . .

လေယာဉ်စက်သံတဝှီးဝှီး . . . . . . .

လေယာဉ်စက်သံ . . . . .

ပို၍ ကျယ်လောင်လာ၏။

ထိုတော့မှ ခေါင်းငုံ့နေရာမှ မသက်ာ၍ မော့ကြည့်လိုက်ရာ

‘ဟင်’

ဘယ်က ဘယ်လို ဆင်းသက်လာမှန်းမသိသော လေယာဉ်တစ်စီး။ ကျွန်တော့်ထံတည့်တည့်ဦးတည်လို့။ ကျွန်တော်လည်း ထိုလေယာဉ်ပြေးလမ်းပေါ် ရှိနေသည်မို့ ရုတ်တရက် လန့်သွားပြီး

‘အောင်မယ်လေးဗျ’



BURMESE CLASSIC .com

www.burmeseclassic.com



ဟု ကြောက်လန့်တကြားအော်၍ ထခုန်လိုက်သည်။ ခန လွမ်းနေသော အလွမ်းတို့ ဘယ်ပျောက်သွားသည်မသိ။ ကြည့်နေရင်း လေယာဉ်က ကျွန်တော်နှင့် တဖြည်းဖြည်းနီးကပ်စွာ မြေပြင်ပေါ်သို့ ဆင်းသက်လာ၏။ ကျွန်တော်လည်း ဘာမှဆက်စဉ်းစား မနေနိုင်တော့ဘဲ အနောက်သို့ ကြောက်လန့်တကြားလှည့်ပြေးရင်း

"ကယ်တော်မူကြပါ ခင်ဗျ၊ ကယ်တော်မူကြပါ"

ဟု အသံကုန်ဟစ်ရင်း ခြေကုန်သုတ်ပြေးမိ၏။ ကံဆိုးချင်တော့ အရှိန်ပြင်းသော လေယာဉ်က ကျွန်တော့်နောက်က ကပ်လျက်ပါလာ၏။

'ကြောက်ပါပြီဗျ။ နောက်မလုပ်တော့ပါဘူး'

လေယာဉ်က ကျွန်တော်နှင့် တဖြည်းဖြည်း နီးလာပြီမို့ ပါးစပ်ထဲထွက်ရာ အော်မိအော်ရာအော်ရင်း ခြေကုန်သုတ်ပြေး မိ၏။ အနောက်ကိုလည်း လှည့်မကြည့်ရဲ လေယာဉ်က တဖြည်းဖြည်း ကျွန်တော်နှင့် နီးသထက် နီးလာပြီကိုး။ ကျွန်တော်လည်း လွတ်ရာလွတ်ကြောင်း လေယာဉ် တာဝါဘက် ချိုးကွေ့လိုက်သည်။ သို့သော် ကံဆိုးစွာပင် လေယာဉ်ကလည်း ကျွန်တော့်နောက် ဦးတည်လိုက်ပါလာ၏။

'အောင်မယ်လေး ကြောက်ပါပြီဆိုနေမှ အမေရဲ့ အဟင့်'

ဟု အော်ရင်း တာဝါထဲ ဒရောသောပါး ပြေးဝင်လိုက်သည်။ အခန့်သင့်ပင် ကျွန်တော်တာဝါထဲ ရောက်သည်နှင့် အသင့်စောင့်နေသော ဝန်ထမ်းများက ကျွန်တော့်ကို ဆီးဖမ်းလိုက်သည်။

'အော် . . . ဒါကိုတော့ မြင့်စန်းရီ မသိလိုက်ပါ'

လေးစားစွာ ကြိုးစားလျက်

**ချစ်ခြင်းအားဖြင့်**

**(အကြည်တော်)**

အမှတ်၁၂၄၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၂၉၈၄

www.burmeseclassic.com

